# ရခိုင်တံခွန်
## ပုံပြင်များ



အရှင်စက္ကိန္ဒ

မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၈၈/၉၅ (၂)
စာမူခွင့်ပြုချက် အမှတ် - ၅၁၆/၉၄ (၉)
စောင်ရေ - ၅၀၀
တန်ဖိုး - ၇၀ ကျပ်
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
ထုတ်ဝေသည့်လ - ၁၉၉၅-ခု၊ မတ်လ

ထုတ်ဝေသူ
ရခိုင်ဦးလှမြင့်နှင့် ညီများကိုယ်စား
ဦးရဲမြင့်(၀၁၀၄၉)
တက်လမ်းစာပေ
၉၆၇၊ ပဒေသာရပ်ကွက်၊ စော်ဘွားကြီးကုန်း
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်ကြွေ (၀၄၇၈၀)၊ ရတနာမဏ္ဍပ်ပုံနှိပ်တိုက်
၂၀၇၊ ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊
သင်္ဃန်းကျွန်း။

ဖြန့်ချိခြင်း
ရခိုင်သားကြီးစာပေ
(ခ)၅၅ (အေ)၊ ကျွန်းရွှေဝါလမ်း၊
ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အရှင်စက္ကိန္ဒ

၏

# ရခိုင်တံခွန်ပုံပြင်များ

## အမှတ်(၄)

# မန်ကြားလွှာ

ကျွန်တော်တို့ ရခိုင်သားကြီးစာပေမှ ရခိုင်ရိုးရာ အမျိုးသားယဉ်ကျေးမှု စာပေသမိုင်းနှင့် သက်ဆိုင်သော စာအုပ်စာတန်းများ ထုတ်ဝေလျက်ရှိရာ စာအုပ်များ တစ်အုပ်ထက်တစ်အုပ် ပိုမိုကောင်းမွန်လာအောင် အမြဲတမ်းကြိုးစား အားထုတ်လျက်ရှိပါသည်။ သို့သော်လည်း အကောင်းဆုံးဖြစ်မလာနိုင်သေးပါ။

ထို့ကြောင့် စာပေကို လေ့လာလိုက်စားသူ စာပေဝါသနာရှင်များထံမှ ဝေဖန်အကြံပြုနည်းလမ်းပြပေးမှုများ ပေးပို့ကြပါရန် မေတ္တာရပ်ခံလျက်ရှိပါသည်။

**ရခိုင်သားကြီးစာပေ**

# ရခိုင်တံခွန် ပုံပြင်များ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ထုတ်ဝေသူ၏အမှာ မှတ်တမ်းလွှာ | ၁ |
| ၁။ | ဆင်မင်းညီနောင် | ၇ |
| ၂။ | ပညာရှိသော မင်းသားတစ်ပါး | ၁၁ |
| ၃။ | လူမျိုးနှင့်ဘာသာ | ၁၃ |
| ၄။ | သီဟိုဠ်သူဌေး အမွေတစ်သိန်း | ၂၀ |
| ၅။ | ဖြတ်ထိုးဉာဏ်ကောင်းသော ရှေ့နေ ဇီးကွက် | ၂၆ |
| ၆။ | မြွေကဖားကို ဘာကြောင့် ဖမ်းမျိုရသနည်း။ | ၃၃ |
| ၇။ | ခွေးနှင့်ကြောင် ဘာကြောင့် မသင့်သနည်း။ | ၃၇ |
| ၈။ | ကျီးဖြူရွာ ဇာမှာလဲ | ၄၀ |
| ၉။ | မောင်ရန်အောင်နှင့် ဝရစ်မေ | ၄၉ |
| ၁၀။ | မြို့စားကြီးနှင့် မင်းသုံးမင်းဆောင် | ၅၈ |
| ၁၁။ | ဖန်သလီ-ဖန်သလက် | ၆၁ |
| ၁၂။ | ကိုယ့်ရောဂါကိုယ်သာသိ | ၆၃ |
| ၁၃။ | ကြောင်သူတော် | ၆၅ |
| ၁၄။ | ငရုပ်ဖုတ်ဟင်း | ၇၀ |
| ၁၅။ | ခယ်မ ခဲအို ဆုပန်ဆို | ၇၃ |
| ၁၆။ | ကင်းခမလေ့ | ၇၆ |
| ၁၇။ | သတ္တိကုမာရ မင်းသား | ၈၁ |
| ၁၈။ | သစ္စာမြဲလှ မေရွှပ | ၈၇ |
| ၁၉။ | လူကိုမနာလို ကိုယ့်မှာအကျိုးမဟိ | ၉၅ |
| ၂၀။ | အခက်ကြုံသော မောင်ခက်ကေ | ၁၀၂ |
| ၂၁။ | တောင်တရှိုးကို ပိုင်စိုးရ | ၁၁၃ |
| ၂၂။ | အကြားလွဲသော နားပင်းစဉ် | ၁၁၇ |
| ၂၃။ | ချိုးရင်ကွဲစပါး | ၁၂၈ |
| ၂၄။ | ကြက်မငယ်နှင့် ကြောင်ကလေး | ၁၃၃ |

| | | |
|---|---|---|
| ၂၅။ | မယ်ကံယုံ | ၁၃၆ |
| ၂၆။ | ဆင်းရဲသား ထင်းခွေသမားနှစ်ယောက် | ၁၄၂ |
| ၂၇။ | ပညာရှိအမတ်ကြီးနှင့် လူစွမ်းကောင်းများ | ၁၄၅ |
| ၂၈။ | နတ်မြင်းပျံနှင့် မင်းသားငယ် | ၁၅၁ |
| ၂၉။ | ပညာနှင့်ဥစ္စာ၊ အဘယ်ကသာသနည်း | ၁၅၆ |
| ၃၀။ | တစ်ထောင်စီတန်သော စကားသုံးခွန်း | ၁၆၁ |
| ၃၁။ | လူအလိုကို နတ်မလိုက်နိုင် | ၁၆၆ |
| ၃၂။ | နွားကျောင်းသား ပညာရှိ | ၁၆၉ |
| ၃၃။ | နဖူးစာရေးနတ် | ၁၇၄ |
| ၃၄။ | ကျီးကန်းနှင့် နံ့စုတ်ငှက်မ | ၁၇၇ |
| ၃၅။ | နားပင်ကိုးစဉ် | ၁၈၃ |

# ထုတ်ဝေသူ၏ အမှာစာ

ကျွန်တော်တို့ငယ်စဉ်က ကက်ဆက်၊ ဗွီဒီယို၊ တီဗွီများ ရခိုင်ပြည်တွင် မရှိသေးပါ။ ထို့ကြောင့် ကျွန်တော်တို့သည် အဘိုး,အဘွား, မိဘ,ဆရာများနှင့် သက်ကြီးရွယ်အိုများကြားတွင် ပုံတိုပတ်စများကို နားထောင်ရပြီး ကြီးပြင်းလာရသူများဖြစ်ပါသည်။ တစ်ခါတစ်ခါ ပုံပြင်များကို နားထောင်ရင်း အိပ်ပျော်သွားသောအခါ ပုံပြင်ထဲမှ ဇာတ်ကောင်များကိုယ်စား မိမိကိုယ်တိုင် အိပ်မက်ထဲတွင် လှုပ်ရှားပါဝင်ခဲ့ရဖူးပါသည်။

ကျွန်တော်တို့ နားထောင်ခဲ့ဖူးသော ပုံပြင်များမှာ ရိုးသားသူ ပုံပြင်၊ ကောက်ကျစ်သူပုံပြင်၊ ပညာရှိပုံပြင်၊ ပညာမဲ့ပုံပြင်၊ ရယ်စရာပုံပြင် စသော ပုံပြင်တို့မှ အတုယူစရာများရှိသောကြောင့် ပုံပြင်များ၏ ဇာတ်ကောင်များသည် ကျွန်တော်တို့ငယ်ဆရာများဆိုက မမှားနိုင်ပါ။

နေ့စဉ်ညဆက် နားထောင်ခဲ့သော ပုံပြင်တို့သည် ယနေ့တိုင် နားထဲစိတ်ကူးထဲမှ မထွက်နိုင်သေးပါ။

ယခုအခါကား ကက်ဆက်ဇာတ်လမ်း၊ ဗွီဒီယိုဇာတ်လမ်း၊ တီဗွီဇာတ်လမ်းများစွာ ထွက်ပေါ်လာခဲ့သော်လည်း ငယ်ငယ်က နားထောင်ခဲ့သော ပုံပြင်တို့လောက် မစွဲလမ်းခဲ့ပါ။

မည်သို့ပင်ဆိုစေကာမူ လူမျိုးတိုင်းတွင် ကလေးသူငယ်များ နှစ်သက်စရာပုံပြင်များ များစွာ ရှိပါလိမ့်မည်။ ထိုပုံပြင်တို့ကို ပိုင်ဆိုင်သော လူမျိုးတို့က စာထက်အက္ခရာတင်ခြင်း၊ ခေတ်မီအောင် ဇာတ်လမ်းဖွဲ့ခြင်းဖြင့် ဗွီဒီယိုမှတ်တမ်း၊ ကာတွန်းမှတ်တမ်းတို့ဖြင့် ကြီးကျယ်ခမ်းနားအောင် ပြုလုပ်ထားကြပါသည်။

ကျွန်တော်တို့ ရခိုင်အမျိုးသားများမှာ ပိုင်ဆိုင်စရာ ပုံပြင်များ၊ ဝတ္ထုများများစွာ ရှိသော်လည်း နောင်လာနောက်သားများအဖို့ စာအုပ်စာတမ်းများဖြင့် ရေးသားထားသော ရခိုင်လက်ရွေးစင်ပုံပြင်များ စာအုပ်မှာလည်း ယခုအခါ ရှားပါး၍ ရှာ၍ပင်မရတော့ပါ။

ယခုအခါ အရှင်စက္ကိန္ဒ ရေးသားသော ရခိုင်တံခွန်ပုံပြင်များဆိုသော စာအုပ်သည် ကျွန်တော်တို့ထံသို့ ရောက်ရှိလာသောအခါ ပြန်လည်ဖတ်ကြည့်ရာမှ ငယ်ငယ်က နားထောင်ခဲ့ဖူးသော ပုံပြင်များဖြစ်နေ၍ ပီတိသောမနဿ ဖြစ်ရပါသည်။ ကျွန်တော်နားထောင်ဖူးသော ရခိုင်ရိုးရာပုံပြင်များမှာ ဤထက်မက များပြားပါသေး

သည်။ သို့သော် မမှတ်မိပါ။

မည်သို့ပင် ဆိုစေကာမူ ဤစာအုပ်အပြင် နောက်နောင်လည်း ရခိုင်ရိုးရာ ပုံပြင်များကို တတ်အားသမျှ ကြိုးစားထုတ်ဝေပါဦးမည်ဟု သတင်းကောင်းပါးလိုက်ပါသည်။

ရခိုင်လှမြင့်နှင့် ညီများ
၆၊ ၃၊ ၁၉၉၅-ခုနှစ်

# ရခိုင်တံခွန်ပုံပြင် မှတ်တမ်းလွှာ

## နိဒါန်း

ပုံပြင်များသည် စာပေဖြင့် မှတ်တမ်းမတင်မီကပင် အစဉ်အဆက် ပြောဆိုလာခဲ့ကြသော ဝတ္ထုဇာတ်လမ်းများ ဖြစ်ကြလေသည်။ ရခိုင်ပြည်တွင်လည်း ယခုထိ ပုံပြင်များကို အနှံ့အပြား ပြောဆိုလျက် ရှိနေကြပေသေးသည်။ စာပေမှတ်တမ်းတင်ခေတ်သို့ ရောက်လာသောအခါ မှူးမတ်ပညာရှိများက ထုံးပုံသက်သေသာဓကအဖြစ် လျှောက်ထားခဲ့ခြင်းကို အကြောင်းပြု၍ လျှောက်ထုံးတို့တွင် မှတ်တမ်းတင်လာခဲ့ရလေသည်။

ထိုပြင် ဝတ္ထုဇာတ်လမ်း အဖွဲ့များကို သာချင်း၊ လင်္ကာတို့ဖြင့်လည်းကောင်း၊ ဘွဲ့၊ အဲတို့ဖြင့်လည်းကောင်း၊ မှတ်တမ်းတင်ဖွဲ့နွဲ့ကာ သီဆိုမှုပြုလာခဲ့ကြသည်။ ရခိုင်ရာဇဝင်တို့တွင် ဇာတ်နိပါတ်ပုံပြင်များကို ဤသို့ မှတ်တမ်းပြုခဲ့ကြကြောင်း တွေ့ရပေသည်။

"ကလိင်္ဂရာဇ်၊ မင်းဘုန်းသစ်၏ ၊ ပြစ်ပြစ်စစ်သည်၊ ရွှံးဖူးလေ၏။ ပုံသေဝတ္ထု၊ နည်းကိုရှု၍"

**(ရခိုင်ရာဇဝင်လင်္ကာတော်မှ)**

အမတ်ကြီးဝိမလ လျှောက်ထုံး၌-

"နန္ဒိသေန၊ အသဃကမတ်၊ ညီညွတ်ပြည့်စုံ၊ ပညာလုံ၍၊ ဗိုလ်ပုံရန်ငြိမ်၊ ကလိင်္ဂရာဇ်၊ သူစစ်နွမ်းညှိုး၊ အကျိုးမရှိ"ဟု လည်းကောင်း၊

**(ရခိုင်ရာဇဝင်သစ်၊ ဒုအုပ်၊ ၁၆-နှာ)**

မဟာပညာကျော်လျှောက်ထုံး၌-

ရခိုင်ဘုရင်အား နဂါးပြည်ရောက်ဖူးသော စူဠလိပ်ငယ်ဝတ္ထုဖြင့်လည်းကောင်း၊ မြေလုံးနှင့်ဖက်ရွက် မိတ်ဆွေပြုကြသည်ပမာ၊ နှစ်ဦးပင်ပျက်ဖူး ချေသည်ဟုလည်းကောင်း။

**(ရခိုင်ရာဇဝင်သစ်၊ ဒု၊ ၆၆၊ ၆၇-နှာ)**

"သာမိနဇာတ်၊ ထုံးမှတ်သင့်စွ၊ သီလဝမင်း၊ နှလုံးသွင်းသို့" ဟုလည်းကောင်း။

**(ရခိုင်ရာဇဝင်သစ် ၊ ဒု၊ ၉၇-နှာ)**

"ကြမ္မာတတ်မင်း၊ နှောင်အိမ်သွင်းသို့"ဟုလည်းကောင်း။

**(ရခိုင်ရာဇဝင်သစ်၊ ဒု၊ ၁၀၂ -နှာ)**

ရခိုင်စာဆိုအမတ် ဥက္ကါပျံက၊ အထူး အထူး၊ ဥဒါန်းကျူးဖိမ့် အစချီသော ကေပိုဒ်၌-

“တွန်သံညောင်းလျက်၊ ဥဒေါင်းကြိုးကြာ၊ ရွှေဟင်္သာကို၊ မညာညဥ်းဆဲ၊ ကလူမဲ၍၊ စွန်ရဲကျီးနက်၊ ခင်ပုပ်ငှက်ကို၊ နှစ်သက်ရှင်ပျ၊ မွေးယုယသို့၊ မုန့်ဝရဲခေါင်၊ ဆင်ပြောင်မြေခွေး၊ ပုံသွေးနှိုင်းချိန်၊ ဘုမ္မသိန်ပြာ၊ အမျှသာဟု၊ ပမာပြုအပ်၊ ထိုအရပ်ကို” ဟူ၍ပုံပြင်များဖြင့် နှိုင်းပြစပ်ဆိုခဲ့သည်ကိုလည်းကောင်း။

(ရခိုင်ရာဇဝင်သစ်၊ ဒု၊ ၁၆၂-နှာ)

အမတ်ကြီး သိုက်တက်လက်ရုံးလျှောက်ထုံး၌-

ဖားပြုတ်ကေ ဝတ္ထုဖြင့် သီရိသုဓမ္မရာဇာ(မင်းဟရိ)အားလျှောက်ထားခဲ့သည်ကိုလည်းကောင်း။

(လက်ရုံးသိုက်စာ)

အမတ်ကြီးရွှေသဲသည် မင်းသားငယ်အတွက် နီတိန်းရွှေပုံ၌ ရာဇဝင်, ဇာတ်, နိပါတ်, ပုံဝတ္ထုတို့ကိုပြ၍ လျှောက်ထားခဲ့ခြင်းကိုလည်းကောင်း၊ သာဓက အဖြစ် ထောက်ထားတွေ့ရှိကြရပေ၏။

(ရခိုင်ရာဇဝင်သစ်၊ ဒု၊ ၃၁၈၊ ၃၁၉-နှာ)

## အိန္ဒိယ သက္ကဋမှ ပုံပြင်များ

နိုင်ငံရပ်ခြား အိန္ဒိယပြည်မှ သက္ကဋဘာသာဖြင့် ရေးသားခဲ့သည့် ပုံပြင်ဝတ္ထုများကိုပင် ရခိုင်ဘာသာသို့ ပြန်ဆိုလျက် အသုံးပြုခဲ့ကြောင်း တွေ့ရပေသည်။

ဥပမာ-တစ္ဆေပြောသောပုံပြင်များကို (ကြမ္မာတတ်) 'ကြမ္မာဒိုက်မင်းကြီး ဝတ္ထု'ဟူ၍လည်းကောင်း။

ဟိတောပဒေသပုံပြင်များကို 'ထီးတော်ပဒေသ ပုံဝတ္ထု' ဟူ၍လည်းကောင်း အမည်ဖြင့် ပြန်ဆိုရေးသားခဲ့ပေသည်။

နှောင်းခေတ် ရခိုင်စာဆိုများကလည်း ပုံပြင်များကို ရေးဖွဲ့စပ်ဆိုခဲ့ကြပေ၏။

ဥပမာ-

ဆရာစောလှဦးက — ပျောင်းသာချင်းဆန်းကို လည်းကောင်း၊ (စစ်တွေမြို့၊ ပြည်ကြီးမဏ္ဍိုင် စာပုံနှိပ်တိုက်တွင် ၁၂၉၈-ခု၊ တန်ဆောင်မုန်းလတွင် ရိုက်နှိပ်ခဲ့သည်။)

ဆရာဦးအောင်ထွန်းလှက — 'ကော်ကာနု' သာချင်းကိုလည်းကောင်း၊ (ဆားပြင်ကြီး)

ဆရာမောင်ယောက်ကေက — 'သတ္တဌာန'သာခြင်းကိုလည်းကောင်း၊

ဆရာမောင်သာအောင်က ၁။ ဓမ္မိက၊ ၂။ ရွှေမာလာ-မြကေသာ၊ ၃။ ပန်းရွှေမြိုင်-နန်းကေခိုင် သာချင်းတို့ကိုလည်းကောင်း၊

တန်ခိုးဆရာထွန်းက ကျိုးဖြူရွာ၊ သတင်းရှိသောက်၊ ဝံသူတော်၊ ကြိုးကြာဝတ္ထု၊ ဘိမ်းစားဝတ္ထု စသည့်သာချင်းတို့ကိုလည်းကောင်း ရေးသားစပ်ဆိုခဲ့ကြပေသည်။ အဂ္ဂမေဓာ၊ ဝါးကျောင်း၊ ကင်းဆရာ၊ ဆရာနန္ဒ(ဦးထွန်းအောင်)၊ စာကိုင်ငမဲ(ကုလားတန်- အုန်းကျွန်း)၊ ပြွန်ရှည် ဦးနန္ဒမာလာ စသော အင်္ဂလိပ်ခေတ်ဦးက ရခိုင်စာဆိုတော်များဆိုလျှင် ဇာတ် နိပါတ် ဝတ္ထုများကိုလက်ာ စပ်ဆိုရေးသားခဲ့ကြလေသည်။

ရှေးခေတ်ကဆိုလျှင် ဖတ်ချင်စရာ စာပေများမှာ နိပါတ်ဇာတ်ဝတ္ထုကိုလည်းကောင်း၊ ပုံပြင်ကိုလည်းကောင်း၊ ခရီးသွားမှတ်တမ်းကိုလည်းကောင်း၊ လက်ာ၊ သာချင်း၊ ဘွဲ့၊ အဲတို့ဖြင့် ရေးဖွဲ့စပ်ဆိုခဲ့ခြင်းများသာ ရှိကြပေသည်။ အထောက်တတ်၊ သာချင်းတက်၊ အရွှေ့တတ်တို့က အရပ်တကာလှည့်၍ သီဆိုဖြေဖျော်ပြခဲ့ကြသည်ကို နာခံနှစ်သိမ့်ခဲ့ကြရသည်သာတည်း။ ဆရာဦးစံရွှေဘုဆိုလျှင် ၁၉၂၀/ ၂၂/ ၂၃-ခုနှစ်က မြန်မာပြည်သုတေသနဂျာနယ်တွင် ရခိုင်ပုံပြင်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ဖူးပေသေး၏။

## ရခိုင်ပုံပြင်များ မှတ်တမ်းတင်မှု

ရခိုင်ပုံပြင်များသည် စာဆိုများ၏ ကလောင်ကျက်စားရာ ကလောင်သွေးရာနယ်ပယ်ဖြစ်ခဲ့ရသည်ကား မှန်၏။ သို့သော် တစ်စုတစ်ရုံးတည်း မှတ်တမ်းတင်နိုင်ရန် စုစည်းမှုကိုကား မပြုနိုင်ခဲ့ကြပေ။ ထိုသို့ဆောင်ရွက်ရန်မှာလည်း အချိန်ယူစုစည်းရှာဖွေရေးတာဝန် ကြီးလှပေ၏။ သို့သော်လည်း တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းအံ့ဟု ဆန္ဒပြုကာ ရခိုင်ပုံပြင်ဝတ္ထုများကို စုစည်းရှာဖွေမှု ပြုလာခဲ့ကြလေသည်။ ထိုကြောင့် (၁၉၅၇) ခုနှစ်ကပင် လုပ်ငန်းကို စတင်မိခဲ့ခြင်း ဖြစ်လေ၏။

ပုံပြင်များကို ရှာဖွေစုစည်း မှတ်တမ်းတင်လာနိုင်ခဲ့သော်လည်း ရေးသားထုတ်ဝေမှုထိ ခရီးမဆန့်နိုင်သေးပါ။ ရခိုင်ပုံပြင်များနှင့် ဖွားဖက်တူ ရခိုင်သဘာဝတေးကဗျာများကိုလည်း ပွဲထုတ်ချင်လှသည်။ ရခိုင်သောတုဇန သံဃအဖွဲ့ အနေဖြင့်လည်း ထိုလုပ်ငန်းကို အမျိုးသား ယဉ်ကျေးမှုအဖြစ် ထိန်းသိမ်းဖော်ထုတ်ရန် ဆန္ဒရှိပေသည်။ ထို့ကြောင့် ရခိုင်စာပေသမားများကို စုစည်းရန် စီစဉ်ခဲ့လေသည်။ နှီးဆော်တိုက်တွန်းမှုများကိုပင် ပြုခဲ့ကြောင်း အထောက်အထားရှိသည်။ ဆရာ

ဦးကျော်ရင်၊ ဦးဘစံ၊ ဆရာကြီး ဦးကျော်ဇံ၊ ဆရာစံဖော်၊ ဦးမောင်မောင်ဘ စသော ပုဂ္ဂိုလ်များကို လှုပ်ရှားစည်းရုံးခဲ့ကြလေသည်။ ထို၏ရလဒ်အဖြစ် ရခိုင်ရှေးဟောင်း ရာဇဝင်နှင့် စာပေအဖွဲ့တစ်ခုကို (၁၉၅၉) ခုနှစ်လောက်က ရန်ကုန်မြို့ပေါ်၌ ထူထောင်နိုင်ခဲ့ကြလေသည်။

## ရခိုင်ရာဇဝင်နှင့် စာပေအဖွဲ့လှုပ်ရှားမှု

ထိုအဖွဲ့ဖြစ်ပေါ်လာပြီးသောအခါ စာတမ်းဖတ်ခြင်း၊ အသံသွင်းမှတ်တမ်းတင်ခြင်းများကို ပြု၍တစ်စတစ်စလုပ်ငန်းစဉ် ချလာခဲ့ကြသည်။ ထိုအဖွဲ့တွင် စာရေးသူသည် (၁၉၆၀)ခုနှစ် စက်တင်ဘာလတွင် ရခိုင်မင်းလက်ထက် 'အစို့၊ အစု၊ အသင်းအပင်း'ဖွဲ့စည်းခြင်းစာတမ်းကို တင်သွင်းဖတ်ကြားနိုင်ခဲ့လေသည်။ ထိုမှစ၍ အဖွဲ့တွင် နာယကအဖြစ် ပါဝင်လာခဲ့ရသည်။ ရခိုင်အသံလွှင့်ခြင်းတို့ကိုပါ လုပ်ဆောင် လာနိုင်ခဲ့သည်။ အဖွဲ့အတွက် စာစဉ်ထုတ်ဝေရေးကို စတင်ရန် မိမိ၏ ရခိုင်သဘာဝတေးကဗျာများနှင့် ရခိုင်ပုံပြင်များကို (၂-၅-၆၁)နေ့က တင်သွင်းခဲ့လေသည်။ အဖွဲ့သည် အချိန်ယူလျက် တေးကဗျာများကို ဆွေးနွေးစိစစ်ပြီးနောက် (၁၉၆၁)ခုနှစ်၊ အောက်တိုဘာလတွင်ပင် ပွဲဆော်ဦးအဖြစ် ထုတ်ဝေခဲ့လေသည်။ ရခိုင်အသံမှ လွှင့်ထုတ်ခြင်းဖြင့်လည်း ရခိုင်သဘာဝတေးကဗျာများကို လှုပ်ရှားပေးခဲ့လေသည်။ ရခိုင်ပုံပြင်များကိုကား ဆက်လက်ထုတ်ဝေရန် ဆုံးဖြတ်ချက်ရှိလေသည်။ ရခိုင်ပုံပြင်ဝတ္ထုအကြောင်းကို ရခိုင်အသံမှလွှင့်ထုတ်ခြင်း၊ ရခိုင်ပုံဝတ္ထုအကြောင်းကို ဆောင်းပါးရေးသားဖော်ထုတ်ပေးခဲ့လေသည်။ ရခိုင်သဘာဝတေးကဗျာနှင့် ရခိုင်ပုံပြင်များကို အဖွဲ့မှ လက်ခံထားရှိစဉ်လည်း မာန်အောင်ပီယ (ဦးသိန်းလွင်)က ငွေတာရီမဂ္ဂဇင်းတွင် ကဗျာ(၁၀)ပုဒ်၊ ပုံပြင် (၃)ပုဒ်ကို ထုတ်နုတ်ရေးသားတင်ပြလျက် မြည်းစမ်းစေခဲ့လေသည်။ ရခိုင် သာစွ လေ၊ ရခိုင်ပုံပြင်ကျော် (၁၉၆၉)ခုနှစ်၊ မတ်လ) ထုတ် စာအုပ်တို့တွင်လည်း ထည့်သွင်းထားပေသေး၏။

## ရခိုင်ပုံပြင်ထုတ်ဝေမှုများ

ရခိုင်တေးသံစာအုပ်အတွက် အကူအညီပေးရင်း ပြည်ထောင်စုတိုင်းရင်းသားယဉ်ကျေးမှုဌာန အရာရှိ ဦးမင်းနိုင်နှင့် ဆက်သွယ်မှုရရှိခဲ့လေသည်။ ထို့ကြောင့် ရခိုင်ပုံပြင်များကိုလည်း ထိုဌာနမှ ထုတ်ဝေရန် ခွင့်ပြုခဲ့လေသည်။ (၁၁-၄-၆၃)နေ့က စတင်၍ စာမူရိုက်နှိပ်စေခဲ့ရာ တိုက်ဆိုင်ကြည့်ရှု၍ (၁၀-၈-၆၃)နေ့တွင် အပြီးသတ်လေသည်။ စာအုပ်အဖြစ်ကိုကား (၂၃-၇-၆၅)တွင်မှ ထုတ်ဝေနိုင်ခဲ့လေသည်။

ရခိုင်ဝတ္ထုပုံပြင်များ အမည်ဖြင့် နိုင်ငံတော် ဗဟိုပုံနှိပ်တိုက်မှ ရိုက်နှိပ်ခဲ့လေသည်။ ပုံပြင်မှာ (၁၉)ပုဒ်ပါရှိလေသည်။

မန္တလေးလူထုဦးလှကလည်း လူထုသတင်းစာ၌ တိုင်းရင်းသားပုံပြင်များကို ဖော်ထုတ်ပေးလျက်ရှိပေရာ၊ ရခိုင်ပုံပြင်များကို စတင်ထည့်သွင်းဖော်ပြပေးရင်း ရခိုင်ကျေးလက်ပုံပြင်များ စာအုပ်အဖြစ်သို့ ထုတ်ဝေနိုင်ခဲ့လေသည်။ ယဉ်ကျေးမှုဌာနထက် ဦးစွာစော၍ ရခိုင်ကျေးလက်ပုံပြင် ပထမအုပ်ကို (၁၉၆၃)ခုနစ်မှာ ထွက်ပေါ်လာခဲ့လေသည်။ စာပေဗိမာန် အမျိုးသား စာပေဆုထိ ဆွတ်ခူးနိုင်လေသည်။

ထိုစာအုပ်ထွက်စဉ် မိမိမှာ ရခိုင်သို့ (၁၆-၁၁-၆၃)နေ့က ရောက်ရှိနေပြီးဖြစ်၍၊ လက်ဆောင်ရမှပင် သိရှိရခြင်းဖြစ်သည်။ လူထုဦးလှထုတ်ဝေသော ရခိုင်ပုံပြင် (၄)အုပ်စလုံး၌ မိမိ၏ပုံပြင်ပေါင်း(၃၇)ပုဒ် ပါရှိလေသည်။ လူထုသတင်းစာ၌ ဖော်ပြခဲ့သည့် ပုံပြင်အချို့နှင့် ပုံနှိပ်ခြင်းသို့ မရောက်ဘဲ ကျန်နေသေးသော ပုံပြင်များလည်း ရှိပေ၏။

ရခိုင်ရာဇဝင်နှင့် စာပေအသင်းက လက်ခံထားရှိသော ပုံပြင်အပိုဒ် ၃၀ သည် အကြောင်းအမျိုးမျိုးကြောင့် မထွက်ဖြစ်ဘဲ ကြန့်ကြာနေခဲ့ရသည်။ (၁၉၆၆)ခုနှစ်၊ စာရေးသူ ရန်ကုန်သို့ရောက်ခဲ့ရာ ထိုစာမူများကို ဦးဘစံထံ အကျိုးအကြောင်း စုံစမ်းခဲ့မိသည်။ ထို့ကြောင့်ထုတ်ဝေလိုသူရှိက မည်သူကိုမဆို ခွင့်ပြုရန် အမိန့်ရှိခဲ့သည်။ ဆရာအောင်သာဦးက ကူညီတည်းဖြတ်လျက် (၈-၇-၁၉၆၆)ခုနှစ်က ရိုက်နှိပ်စေရာ၊ (၁၉၈၆)ခုနှစ်၊ စက်တင်ဘာလတွင် ထွက်ပေါ်လာခဲ့ရသည်။ ရခိုင်လက်ရွေးစဉ်ပုံပြင်များ အမည်ဖြင့် အောင်ရတနာပုံနှိပ်တိုက်မှ ရိုက်နှိပ်ခဲ့လေ သည်။ ပုံပြင် (၂၀)ပုဒ် ပါရှိသည်။ (၁၀)ပုဒ်မှာ ပျောက်ဆုံးသွားခဲ့ လေသည်။

ရန်ကုန်မြို့ တိုင်းလင်း ပုံနှိပ်တိုက်မှလည်း မိမိ၏ပုံပြင်များကို ထုတ်ဝေခဲ့ရာ၊ (၁၉၆၇)ခုနှစ် ဇွန်လတွင် ရခိုင်ပုံပြင်ဆန်များ ထွက်ပေါ်လေသည်။ ပုံပြင်ပုဒ်ရေ (၂၃)ပုဒ်ပါရှိသည်၊ လက်ရွေးစဉ်ပုံပြင်ထက်စော၍ ထွက်နိုင်ခဲ့လေသည်။ မာန်အောင်ပီယ၏ စာပေပညာစာအုပ် ၁၉၆၇ ခုနှစ် (ဒုတိယအကြိမ်ရိုက်)တွင်ပင် ကြော်ငြာထည့်သွင်းဖော်ပြခဲ့ကြောင်း တွေ့ရ၏။ သို့ရာတွင် မထွက်နိုင်ဘဲ နောက်ဆုံးမှာ စာမူပင် ပျောက်ပျက်ဆုံးရှုံးခြင်းခံသွားရလေသည်။ သို့သော်လည်း တိုင်းလင်းပုံနှိပ်တိုက်မှ ရခိုင်ယဉ်ကျေးမှုစာအုပ်ကို (၁၉၆၉)ခု ဇူလိုင်လတွင် ထုတ်ဝေပေးခဲ့လေ၏။

(၁၉၈၃)ခုနှစ်၊ ရန်ကုန်ရောက်မှ အတိအလင်းသိရသောအခါ (၂၉)ပုဒ်ပါရှိသော ထိုပြည်ခွင်ပုံပြင်စာမူများကို ပြန်လည်စုစည်း၍ အသစ်ရေးခဲ့ရာ၊ အားလုံးကို မရနိုင်တော့သဖြင့် အသစ်ဖြည့်စွက်ခဲ့ရလေသည်။ လူထုသတင်းစာပါ မိမိရေးသား

ခဲ့သောပုံပြင် (၅)ပုဒ်ကိုလည်း ထည့်ပေးလိုက်ရသည်။ ကျန်(၄)ပုဒ်ကို လက်ဝယ်မရှိ၍ မထည့်ပေးလိုက်နိုင်ပါ။ ထုတ်ဝေသူက ၎င်း၏သဘောအရ ရခိုင်ထီးတော်ပဒေသာမှ ပုံပြင်(၂)ပုဒ်၊ ပျော်ပုံပြင် (၃)ပုဒ်၊ အခြား(၃)ပုဒ် ပေါင်း(၈)ပုဒ်တို့ဖြင့် ပေါင်းစပ်၍ တွဲဘက်နာမည်ပါ ခံယူလျက် ထုတ်ဝေခဲ့လေသည်။

မိမိပုံပြင်အချို့မှာ နုတ်ပယ်ထားခဲ့ခြင်း ခံခဲ့ရလေသည်။ ထို့ကြောင့် မိမိ၏ပုံပြင်မှာ(၂၈)ပုဒ်လောက်သာ ပါဝင်ခဲ့ရပေ၏။ (၁၉၉၀)ခုနှစ် နိုဝင်ဘာလတွင် တင်ဝင်းပုံနှိပ်တိုက်မှ ရိုက်နှိပ်၍ ဦးထွန်းရွှေခိုင်က ထုတ်ဝေခဲ့လေ၏။ ကာယကံရှင်မသိဘဲ တွဲဘက် (နှစ်ဦးစပ်)အမည်ခံ၍ ထုတ်ဝေခြင်းခံရဖူးသော စာအုပ်မှာဆိုလျှင် ဤပုံပြင်နှင့် ရခိုင်ယဉ်ကျေးမှုများစာအုပ်ပါ၊ (၂) အုပ်ကြုံခဲ့ရလေပြီ။ စာမူပိုင်ဆိုင်ခွင့်ကိစ္စသည် နောက်ဆက်ပွား ပြဿနာများ ရှိတတ်သဖြင့် အချင်းချင်း သဘောတူညီမှု ရရှိပြီးမှသာ ပြုလုပ်သင့်လှပေသည်။

ယခု ရခိုင်တံခွန်ပုံပြင်မှာဆိုလျှင် ရခိုင်ပြည်ခွင်မှ နုတ်ပယ်ကျန်ရစ်သည်နှင့် နောက်ထပ်စုမိရမိများ ပူးပေါင်းလျက် ပုံပြင်အတိုအစများ အပါအဝင်၊ အပုဒ်(၃၅) ဖြစ်ခဲ့သည်။ (၁၉၉၂)ခုနှစ် ဖေဖော်ဝါရီလကပင် နားနားနေနေ ရေးခဲ့ရာ (၂၉-၄-၉၂)တွင် ပြီးစီးခဲ့ရလေ၏။ ဦးသိန်းနောင်က ပုံပြင်များကို ၎င်းကိုလည်း ပေးပါဟု တောင်းခံဖူးရာ ကြာပေပြီ။ သို့သော် ကြော်ငြာသာ ပြုခဲ့ပြီး မထုတ်ဖြစ်ခဲ့၍ ကြန့်ကြာသွားခဲ့ရပေ၏။

ယခု ဤပုံပြင်ဖြင့် အစစလိုအင်ဆန္ဒ ဖြည့်လိုက်ရသည့်အတွက် ဝမ်းသာရပေသည်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ချစ်ကြည်မှု နားလည်မှု၊ ယဉ်ကျေးမှု၊ ပူးပေါင်းဆက်နွယ်မှု စသည့်အကျိုးကိုလည်း တစ်တပ်တစ်အား ကူညီရာရောက်လိမ့်မည်ဟု ယူဆပါ၏။ ကလေးငယ်များ၊ ကလေးစာပေသမားများအတွက်လည်း စာရိတ္တမဏ္ဍိုင် အပါအဝင် ဗလငါးတန်ကိုလည်းကောင်း၊ ကျေးလက်စာပေအဆင့်မြင့်မှုကိုလည်းကောင်း ထောက်ကူပေးနိုင်လိမ့်မည်သာတည်း။

အရပ်ရပ် မိမိ၏ ရခိုင်ပုံပြင်များမှာ ဆိုလျှင် အသားတင်(စာအုပ်တင်) (၁၆၀)ပုဒ်ဖြစ်ပါ၏။ ပျောက်ဆုံး ပျက်စီးခံများကား ရခိုင်ရာဇဝင်နှင့် စာပေအသင်းတွင် (၁၀)ပုဒ်၊ ရခိုင်ပြည်ခွင် ပုံပြင်တွင် (၆)ပုဒ် လူထုဦးလှထံပေးသည်မှာ (၁၅)ပုဒ်၊ အကျန်ပါရေတွက်လျှင် ပုံပြင် (၃၁)ပုဒ်လောက်နှင့် လူထုသတင်းစာတွင် ဖော်ပြပြီး (၄)ပုဒ်ပါဆိုက (၃၅)ပုဒ်ကို စာအုပ်တွင် တွေ့မြင်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် အသားတင် (၁၆၀)ပုဒ်နှင့် ပျောက်ကျန်နေသော(၃၅)ပုဒ်ပါပေါင်းလျှင် (၁၉၅)ပုဒ်ဖြစ်ချေမည်။ (၁၉၅၇)ခုနှစ်မှ (၁၉၉၂)ခုနှစ်အထိ အနှစ်(၃၅)နှစ်ကာလ မိမိ၏စုစည်းမှု၊ ရှာဖွေမှု၊ ဖော်ထုတ်မှု၊ လုံးပန်းမှုကို ဤတွင် တပါ

တည်း ပြုလျက် မှတ်တမ်းတင်လိုက်ရပါ၏။ တတ်နိုင်က ရခိုင်ပုံပြင် နှစ်တစ်ရာ အမည်ဖြင့် တစ်စုတည်း ထုတ်ဝေရန် မှန်းဆထားရှိပါသတည်း။

**အရှင်စက္ကိန္ဒ (ရခိုင်မြေ)**
မြို့ဦးကျောင်း
မောင်းတောမြို့
၂၉-၄-၉၂ နေ့ပြီးစီးသည်။

# ဆင်မင်းညီနောင်

(ရခိုင် မင်းရာဇာကြီးအား သားတော် မင်းခမောင်းပုန်ကန်သည်တွင် အမတ်ပညာရှိကြီး မဟာပညာဝံသ ဥပမာပြလျှောက်ထားဖူးသော ပုံပြင်ဖြစ်သည်။)

ရှေးသောအခါ ဘုရားလောင်း ဆင်မင်းသည် အရန်တစ်ထောင်သော ဆင်တို့နှင့် သစ္စာပြုလျက် နေတော်မူသည်။ အင်္ဂါလဟတ္ထိဆင်လည်း ဆင်ပေါက်တစ်ထောင်နှင့်နေလေသည်။

ထိုအခါ ဘုရားလောင်းဆင်မင်းတွင် အမိန္ဒကဟူသော ညီတော်ရှိသည်။ အမိန္ဒကဆင်ကို အင်္ဂါလဆင်က လှည့်ပတ်လျက် "အရွယ်ကောင်းစွာ သန်မာသော ကာလ၌ မင်းမူရမှသာ ကျေးဇူးထွန်းရန် ရှိနိုင်သည်။ အိုသောအခါ ပဇာအကျိုးရှိအံ့နည်း၊ နောင်တော်ဆင်မင်းကို ပြစ်မှားစေ"ဟု ဂုန်းလျှောစကားဆိုသည်။

ညီတော် အမိန္ဒကလည်း ယုံမှား၍ အင်္ဂါလပေးသော နောက်ပါ ဆင်ရန်ငါးရာကို သင်းပြုယူလျက် ချီလာသည်။

ဆင်မင်းက သင်းပင်တို့အား ငြိမ်စွာနေစေ၍ ကိုယ်တိုင်သာ "ငါ့ဘုန်းလက်ရုန်းကို သိစေအံ့" ဟု ယှဉ်ပြိုင်ခံလေသည်။

စီးချင်းထွက်၍ ခုခံတိုက်သောအခါ ငါးရာသောဆင်တို့မခံနိုင်ခြင်းကြောင့် ထွက်ပြေးရှောင်ရှားကြလေသည်။ ညီတော်ကိုကား လက်ရဖမ်းမိလေသည်။ အကြံပေးသော အင်္ဂါလဆင်လည်း ကြောက်လန့်၍ နေရာလွှဲပြောင်းပြေးသွားလေသည်။

ထိုအခါ အင်္ဂါလဆင်၏ သင်းပင်းတစ်ဝက် ဘုရားလောင်း ဆင်မင်းထံခိုလှုံဝင်ရောက်လာကြလေသည်။ ထိုထိုတောတောင်ကို မှီတင်းပြုလျက် နေကြသော ဆင်တို့သည်လည်း ကြောက်လန့်၍ ဝင်ရောက်လာကြပြန်သည်။

ထိုအခါကာလ ညီတော်အား ဘုရားလောင်းဆင်မင်းက မိန့်တော်မူသည်ကား "ငြိမ်စွာနေသော ကာလ၌ ငါ့ဘုန်းလက်ရုန်းကို အများဆင်တို့ မသိကြ၍ မကြောက်မလန့်ကြကုန်၊ ငါ့ညီတော် အမိန္ဒကသည် နောင်တော် ခွန်အားဗလကြီးကျယ်ကြောင်းကို အများသိအောင် ပြသပြုလုပ်သည်တွင်မှ ဆင်အပေါင်းတို့ ဝင်ရောက်ခိုလှုံလာကြသည်။ ဤသည့်အဖြစ်မှာ ညီတော်အမိန္ဒက၏ကျေးဇူးပင်ဖြစ်သည်"ဟု ပြောလျက် ညီတော်အား ဆင်မင်းက ချီးမွမ်းခဲ့လေသတည်း။

ပဇာ-အဘယ်၊ ဘယ်သို့။

---

၁။ ဓညဝတီရာဇဝင်သစ်၊ စာ-၂၁၃။

၂။ ရခိုင်ရာဇဝင်သစ်၊ (ဒုအုပ်)စာ-၁၅၅။

# ပညာရှိသော မင်းသားတစ်ပါး

အဘိရာဇာမည်သော မင်းတစ်ပါးရှိလေ၏။ ထိုမင်းသည် သာကီဝင် မင်းမျိုး မင်းနွယ်မှ ဖြစ်လေသည်။ မဇ္ဈိမဒေသမှ စစ်ရေးအရ ဗိုလ်ပါအလုံးအရင်းနှင့် ထွက်ခွာလာလေသည်။ တကောင်းသင်းတွေးပြည်ကို တည်ထောင်၍ စိုးစံအုပ်ချုပ်နေလေသည်။

ထိုမင်း၌ သားတော်နှစ်ပါးဖြစ်ထွန်းခဲ့လေ၏။ ကံရာဇာကြီးနှင့် ကံရာဇာငယ်ဟူ၍ အမည်ရှိလေ၏။ ခမည်းတော်မင်း နတ်ရွာစံလေသော် ထိုမင်းသားနှစ်ပါးတို့ ကျန်ရစ်ခဲ့လေ၏။ ထိုမင်းသားတို့သည် ခမည်းတော်၏စည်းစိမ်ကို ဆက်ခံရန် အငြင်းပွားခဲ့ကြလေ၏။

"သူရထိုက်-ငါရထိုက်"နှင့် မသင့်မတင့်ရှိကြလေသော် အသင်းအပင်းတို့နှစ်ဖွဲ့ကွဲကြလေ၏။ သူ့ဘက် ကိုယ့်ဘက်အချင်းချင်း အလုအယက်ဖြစ်ကြလျက် သတ်အံ့သော အစီရင်ကို ပြုခဲ့ကြလေ၏။ ထိုအခါ ပညာရှိတို့သည် စိုးရိမ်ခြင်းကြီးစွာ ဖြစ်ခဲ့ကြရလေ၏။

ထိုနောက် မင်းသားညီနောင်နှစ်ပါးတို့အား တောင်းပန်ကြလေ၏။

"အရှင့်သားတို့ နန်းလုကြခြင်းဖြင့် စစ်မက်ပြုကြလျှင် ပြည်သူတို့ ဆုံးရှုံးပျက်စီးကြရာသည်။ ထို့ကြောင့် အရှင်နှစ်ပါးသည် ကုသိုလ်စစ်ထိုး၍ အောင်မြင်သူက မင်းပြုတော်မူကြပါ"

ဟု လျှောက်တင်ကြလေ၏။ မင်းသားတို့က. . .

"အသို့လျှင် ကုသိုလ်စစ်ပြုရအံ့နည်း" ဟုမေးကြလေ၏။ ထိုအခါ. . .

"အရှင်သားနှစ်ပါးသည် အလှူကြီးပေးကြကုန်၊ အလှူကြီးအတွက် တစ်ယောက်တစ်ဆောင်ကျစီ မဏ္ဍပ်ကြီးဆောက်လုပ်တော်မူပါ၊ တစ်ညဉ့်တွင်း ပြီးနိုင်သောသူသည် ပြည်စည်းစိမ်ကို ယူတော်မူပါ" ဟု ပြောဆိုကြလေ၏။

ထိုအစီအမံအတိုင်း မင်းသားနှစ်ပါးလည်း လက်ခံကြလေ၏။ ထိုနောက် တောင်တစ်လုံးကို မဏ္ဍပ်တစ်ဆောင်စီလုပ်ကြလေ၏။ မင်းသားအကြီးကား ပညာဖြင့် မဆင်ခြင်ဘဲ ကြီးစွာသော ယစ်ဖြင့်လုပ်လေ၏။ ထို့ကြောင့် ညတွင်းချင်းမပြီးစီးဘဲ ရှိခဲ့ရလေ၏။ မင်းသားငယ်မူ သိမ်မွေ့နက်နဲသော ပညာဖြင့် အမြန်ပြီးစီးရန် လုပ်လေ၏။ ပြီးလျှင် အပေါ်၌ ပုဆိုးလွှမ်းကာ ထုံးဖြူမံလေ၏

နံနက်မိုးသောက်လေသော် မင်းသားငယ်၏ မဏ္ဍပ်မှာ ဖွေးဖွေးဖြူလျက်

တွေ့မြင်ရလေ၏။ ထိုအခါ နောင်တော်က. . . .

"ငါ့ညီကား ဘုန်းပညာနှင့် ပြည့်စုံသည်"

ဟု လက်ချ၍ အရှုံးခံသွားလေ၏။ ထိုကြောင့် ညီငယ်သည် အနိုင်ရလျက် ထီးနန်းကို အပ်နှံခဲ့ရလေ၏။ နောင်တော်ကြီးသည် မိမိရဲမက်ဗိုလ်ပါတို့ဖြင့် ထိုနေရာမှ ထွက်ခွာခဲ့လေ၏။ ထိုအခါ ပြည်သူပြည်သားတို့လည်း အေးချမ်းသာယာစွာ ဖြစ်ခဲ့ရလေသတည်း။

**(ရခိုင်ရှေးထုံးရာဇဝင်မှ)**

# လူမျိုး နှင့် ဘာသာ

ဤကမ္ဘာမြေကြီးသည် တပေါင်းလပြည့် စနေနေ့တွင် အစဦးစွာ ဖြစ်ပေါ်လာခဲ့လေ၏။ မြေကြီးပေါ်ပြီးနောက် ကမ္ဘာဦးလူတို့သည် ဗြဟ္မာပြည်မှ ဆင်းသက်ကြလေ၏။ ကမ္ဘာ၏ အသိအမှတ်အဖြစ် အရှေ့ကျွန်း၌ ကုက္ကိုပင်၊ တောင်ကျွန်း၌ သပြေပင်၊ အနောက်ကျွန်း၌ ထိန်ပင်၊ မြောက်ကျွန်း၌ ပဒေသာပင်တို့ ပေါက်ရောက်ဖြစ်ထွန်းခဲ့ကြလေကုန်၏။

ကမ္ဘာဦးလူတို့သည် ပထမတွင် မြေဆီကို စား၍နေခဲ့ကြလေ၏။ အရောင်အဝါ ထွန်းလင်းလျက် ညဥ့်နေ့ မကွဲပြားဘဲ ရှိခဲ့၏။ ထို့နောက် အကျင့်ဖောက်ပြားလတ်ရာကား၊ ကိုယ်ရောင်ကွယ်ခဲ့ရလေ၏။ ထိုအခါ အလင်းရောင်ပျောက်၍ အမိုက်မှောင် အတိသာ ဖြစ်လာခဲ့ရလေ၏။ ထို့ကြောင့် အလင်းကို တောင့်တခဲ့ကြရာ အလင်းရောင်ပေါ်လာ၏။ ထိုအလင်းရောင်ကို နေဟုသမုတ်ကြလေ၏။

ထို့ပြင် ထိုနေမင်း စတင်၍ အလျှင်လင်းသောနေ့ရက်ကို တနင်္ဂနွေဟုသမုတ်ကြလေ၏။ ထိုနေ့ ကုန်လွန်သောအခါ ညအချိန်ရောက်လျှင် အမိုက်အတိဖုံးလာခဲ့ရလေ၏။ ထိုအခါ ထပ်မံ၍ အလင်းရောင်ကို တောင့်တကြပြန်လေ၏။ အလိုအတိုင်း အလင်းရောင်ကဲ့သို့ ပေါ်လာ၍ စန္ဒ(လ)ဟု သမုတ်ကြကုန်၏။ ထိုရက်ကို တနင်္လာဟူ၍ သမုတ်ခဲ့ကြလေ၏။

ကမ္ဘာဦးလူတို့သည် တစ်စတစ်စဖြင့် ကာလရှည်ကြာလာခဲ့လေ၏။ ထိုအခါ အကောက်အလိမ်ပြုခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း ဖြစ်လာခဲ့ကြလေ၏။ ထို့ကြောင့် ခိုက်ရန်ကို ငြိမ်းချမ်းရန် မဟာပုရိသတစ်ယောက်ကို ဂုရုမြှောက်ကြလေ၏။ ထိုဂုရုသည် သွန်သင်ဆုံးမ၍ ငြိမ်းချမ်းစေခဲ့ရလေ၏။ ထို့နောက် အက္ခရာ၊ ဂဏန်းသင်္ချာအစရှိသော အလုံးစုံတို့ကို ပြုစုစီရင်စေလေ၏။ ထိုအက္ခရာတို့ကို ကမ္ဘာ့ကျောက်စာဟု သမုတ်ကြကုန်၏။

ထို ဂုရုတို့သည် သီလ မတည် ဖြစ်လာပြန်လေ၏။ ထိုအခါ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသူတစ်ဦးကို လိုလားခဲ့ကြလေ၏။ ၎င်းအား ဆယ်စုတစ်စုပေး၍ မင်းပြုပါဟု တောင်းပန်းကြလေ၏။ ထို့နောက် ရာဇဘိသိက်သွန်း၍ မင်းမြှောက်ခန့်အပ်ခဲ့ကြလေ၏။ မင်းကိုကား မဟာသမ္မတ ဟူ၍ တံဆိပ်ခတ်နှိပ်ခဲ့ကြလေ၏။ စိုးစံရာ မြို့တော်မှာ ကုသဝတီဟု သမုတ်ခဲ့ကြလေ၏။ ထိုအခါမှစ၍ ကမ္ဘာဦးလူတို့သည် မဟာသမ္မတမင်းအား ဆယ်စုတစ်စုစီ ပေးဆက်လာခဲ့ကြလေ၏။

ပထမ မင်းသည် တရားကျင့်သုံးလေ့ရှိသဖြင့် ရသေ့ပြုကာ လောကီဈာန်ရရှိခဲ့လေ၏။ ထိုမင်းလက်ထက် တောတောင်၊ အင်းအိုင်၊ အသီးအနှံ၊ အစားအစာ အခေါ်အဝေါ်တို့ကို ကမ္ဘာစောင့်နတ်၊ ရသေ့တို့က လူအယောင်ဆောင်၍ သင်ပေးခဲ့ကြလေ၏။ မဟာသမ္မတမင်းသည် တရားတဘောင်အတွက် သူမြတ်တစ်ဦးကို ခုံတရားသူကြီးအရာ၌ ခန့်အပ်ထားရှိခဲ့လေ၏။ ၎င်းကို ကောင်းစွာပြောဆိုတတ်သူ (မနု)ဟူ၍ ခေါ်တွင်လေ၏။

ထိုမနုသည် ရသေ့ပြုလေသော် ဈာန်ရရှိလေ၏။ ဈာန်တံခိုးဖြင့် စကြဝဠာတံတိုင်းသို့သွားလေသော် အက္ခရာတို့ကို တွေ့လေ၏။ လောကသမုတ္တိ ကျမ်း၊ ဓမ္မသတ်ကျမ်းတို့ကို တွေ့ရှိလေ၏။ ထို့ကြောင့် ထိုကျမ်းတို့ကို ကူးယူလာခဲ့လေ၏။ ထို့နောက် မဟာသမ္မတမင်းအား ဆက်သလေ၏။ ထိုဓမ္မသတ်အတိုင်း မင်းလည်း စီရင်ဆုံးဖြတ်လေ၏။ ကမ္ဘာဦးက မနုတရားသူကြီး ယူဆောင်ပေးလာသောကြောင့် မနုဓမ္မသတ်ဟု ခေါ်တွင်လာခဲ့ကြလေ၏။ တခြားတခြားသော ရသေ့တို့သည်လည်း ထို့အတူ စကြဝဠာတံတိုင်းသို့ သွားရောက်လေ့ပြုကြလေ၏။ ထိုအခါ တွေ့ရှိသမျှ အထူးထူးသော ကျမ်းတို့ကို ရေးကူးလာခဲ့ကြလေ၏။ မဟာသမ္မတမင်းထံ ဆက်သလေသော် ကမ္ဘာဦးလူတို့ သင်ကြားကြလေ၏။ ရသေ့ရှစ်သောင်း ဆရာကောင်းတို့က ရေးကူးပေးသော အရာဖြစ်၍ အတတ်ပညာဟု ခေါ်ဆိုလာကြကုန်၏။

ကာလကြာသော် မဟာသမ္မတမင်းသည် အမျိုးလေးပါးကို ခွဲခြားသတ်မှတ်လိုက်လေ၏။ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ အမှုလုပ်ဟူ၍ အမျိုးလေးပါး ဖြစ်လာခဲ့ရလေ၏။ ကုသဝတီပြည့်ရှင် မဟာသမ္မတသည် အရှည်ကာလ စိုးစံလာခဲ့လေ၏။ ထို့ကြောင့် ထိုမင်း၌ သားကြီး တစ်ကျိပ်ခြောက်ယောက် ဖွားမြောက်လာခဲ့ရလေ၏။ သားတော်ငယ်ကား ရှစ်ကျိပ်ငါးယောက် ရှိခဲ့လေ၏။ နှစ်ရပ်ပေါင်းသော် တရာ့တစ်ပါးတို့ ဖြစ်ကြလေ၏။

ထိုသားကြီး ဆယ့်ခြောက်ယောက်ကို (၁၆)ပြည်ထောင် တည်ထောင်ပေးထားခဲ့လေ၏။ သားငယ်တို့ကိုလည်း အသီးသီးမြို့ရွာတည်ချ၍ ပေးထားခဲ့လေ၏။ ၁၆ ပြည်ထောင်တို့တွင် သားကြီး သမုတ္တိဒေဝ၏ ပြည်ထောင်ကား ရမ္မာဝတီမည်၏။ ဗြဟ္မဒတ်မင်း၏ပြည်ကား ဗာရာဏသီမည်၏။ သမာဓိသားတော်မှာ ကုသဝတီကို စိုးစံခဲ့ရ၏။ ကျန်သားများမှာ အသီးသီး သာမာဝတီကို ဝေသာလီ၊ သမန္တကို မိတ္ထိလာ၊ သာလနကို အယုဇ္ဈပူရ၊ သုဝဏ္ဏကို ဟတ္ထိပါလ၊ သုမိယကို အစိရဝတီ၊ သုဘောဂကို ကေစကျ၊ သုဂန္ဓကို ကောသမ္ဗီ၊ ဗလဝကို ကန္နကောဇ္ဈ၊ အာဘကို ရာဇဂြိုဟ်၊ သဒ္ဓိတကို စမ္ပာနဂို၊ ပဘာတကို တက္ကသီလ၊ မဏ္ဍပကို ကုသိနာရုံ၊ သုရန္ဒကို သင်္ကိလပြည် တို့ကို ပေးအပ်ခဲ့ကြလေ၏။ သားငယ်တို့ကား တိုင်းငယ် ရှစ်ဆယ့်ငါးတိုင်းတို့တွင်

အသီးသီး ပေးအပ်ထားနှင်းခဲ့လေ၏။ ထိုပြည်ထောင်နှင့်တိုင်းတို့ကို ပေါင်းသော် တရာ့တစ်ပါးမင်းဟူ၍ ဖြစ်လာခဲ့ရလေ၏။

ထိုမင်း တရာ့တစ်ပါးတို့သည် ခမည်းတော်မင်းကို နှစ်စဉ်အခွန်ဆက်သခဲ့ကြလေ၏။ အဖူးအမြင်ပြု၍ လေးမြတ်ရိုသေခဲ့ကြလေ၏။ သားတော် မင်းသားတို့သည်လည်း ခမည်းတော်အလား ရာဇဘိသိက်ခံယူခဲ့ကြလေ၏။ ဘိသိက်မင်းဖြစ်လာသောအခါ ခမည်းတော်မင်းကို အခွန်မဆက်၊ ဖူးမြင်ခြင်းမပြုဘဲ ဆန့်ကျင်လာခဲ့ကြလေ၏။ မကောင်း အကြံအစည်ပြုလျက် လုပ်ကြံပုန်ကန်ရန် ဖြစ်လာခဲ့ကြလေ၏။

ထိုအပြုအမူကို ခမည်းတော်မင်းက သိလေလျှင် ဤသို့ အကြံဖြစ်ခဲ့လေ၏။ "ငါ့ကို ဆန့်ကျင်၍ ငါကပြန်၍ ခုခံမှုစစ်ကို ဆင်နွှဲရလျှင် လူသူတိရစ္ဆာန်များကိုပျက်စီးစေရာသည်၊ မခုခံဘဲ နေကလည်း ငါ့အား မလေးစားဖြစ်ပေရာ၏"ဟူ၍ အောက်မေ့လေ၏။ ထိုအခါ သိကြားမင်းစံရာ ပဏ္ဍုကမ္ဗလာတင်းမာ လာခဲ့လေ၏။ အောက်ရပ်လူ့ပြည်သို့ ကြည့်ရှုမိလေသော် သားအဘတို့ ကိစ္စကို တွေ့မြင်သိရှိလေ၏။

သိကြားမင်းလည်း မနေသာဘဲ အဝတ်ဖြူကို ဆင်မြန်းလေ၏။ ထို့နောက် လက်ျာရစ် ခရုသင်းတွင် မျက်နှာဝဠ်သပြေညွန့်ကိုစိုက်ထိုး၍ လက်စွဲလေ၏။ယင်းသို့ ဆင်ယင်ပြီးလျှင် ဗြဟ္မာမင်းသည် (၁၀၁)ပါးသော မင်းတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေလေ၏။ ထို့ကြောင့် အာစရိယဟူသောအမည်ကို ခံယူရရှိခဲ့ လေ၏။

မဟာဗြဟ္မာကြီးသည် တပည့်တို့အား ဘာသာခြားနား၍ စကားသီးခြားစီပြောဆိုစေ၏။ တပည့်တို့ကလည်း ထိုဆရာသင်ပေးသော စကားအတိုင်း တတ်သိနားလည်ခဲ့ကြလေ၏။ ထိုအခါကစ၍ တစ်ရာ့တစ်ပါး ဘာသာစကား ကွဲပြားလာခဲ့ကြရလေ၏။ အဝတ်အစား အဆင်အယင်တို့လည်းကွဲပြားလာခဲ့ကြရလေ၏။ ထို့ကြောင့် ခမည်းတော်ကို ပုန်ကန်မှု အကြံအစည်မှာလည်း ပျက်စီးသွားခဲ့ရလေ၏။ ထိုအခါ မဟာသမ္မတမင်းလည်း ငြိမ်းချမ်းသာယာစွာ အသက်ထက်ဆုံး နေထိုင်သွားခဲ့ရလေ၏။ ထိုကစ၍ လူမျိုး (၁၀၁)ပါး ကွဲပြား၍ ဘာသာခြားနားမှု ဖြစ်ပေါ်လာခဲ့ရလေသတည်း။

# သီဟိုဠ်သူဌေး အဖမွေတစ်သိန်း

မြောက်ဦးမြို့၌ မင်းဖလောင်း စိုးစံလျက်ရှိနေ၏။ ထိုစဉ် အမွေရလိုကြောင်း ဘုရင်မင်းထံလျှောက်ထားမှု တစ်ခုရောက်ရှိလာခဲ့ရလေ၏။ အမှုမှာဆိုလျှင် မြောက်ဦးမြို့အထက်ဆယ်ဆက်မြောက်က စိုးစံခဲ့ဖူးသော စလက်သူမင်း လက်ထက်ကပင် ဖြစ်၏။ ထိုစလက်သူမင်းလက်ထက် သီဟိုဠ်ကျွန်းမှ သူဌေးတမ္ဗူလဆိုသူ မြောက်ဦးမြို့သို့ လာရောက်ကုန်သွယ်ခဲ့ဖူးလေ၏။ ထိုစဉ် မြောက်ဦးမြို့ ပေါင်းတွတ်သဘော်ဆိပ်၌ သူဌေးအုန်းအာသန် ဆိုသူနှင့် ချစ်ခင်မှုဖြစ်ခဲ့ကြလေ၏။ ထိုအခါ အချင်းချင်း ယုံကြည်စိတ်ချစွာဖြင့် ပေါင်းသင်းဆက်သွယ်လာခဲ့ကြလေ၏။

တစ်နေ့သ၌ သီဟိုဠ်သူဌေးတမ္ဗူလသည် အုန်းအာသန်ထံ ငွေအသပြာတစ်သိန်းကို အပ်နှံခဲ့လေ၏။ သို့သော် အသိသက်သေဟူ၍ လုံးဝမထားရှိခဲ့ချေ။ အပ်နှံကြောင်းနှစ်ဦး သဘောတူသက်သေ လက်မှတ်စာကို သဝန်သကာလတောင်၌ ရေးထိုးခဲ့ကြလေ၏။ ထိုစာမှာ ကျောက်ဖျာကြီးတွင် ရေးထိုးလျက် ထိုတောင်ထိပ် ညောင်ပင်ကြီးတစ်ပင်ရင်း မြောက်ဘက်နား၌ မြှုပ်နှံထားခဲ့ကြလေ၏။

သူဌေးနှစ်ဦးတို့သည် ထိုငွေအပ်နှံခဲ့သည်ကို မည်သူကိုမျှ မပြောကြားခဲ့ကြချေ။ သို့သော် တမ္ဗူလသူဌေးမှုကား စာဖြင့် အမှတ်အသားထားခဲ့လေ၏။ ကာလကြာသော် ထိုသူဌေးနှစ်ဦးကွယ်လွန်ခဲ့ကြလေ၏။ ထိုသူဌေးတို့ကွယ်လွန်လေသော် သားသမီးများကျန်ရစ်ခဲ့ကြလေ၏။ သားသမီးတို့လည်း မိဘ၏ အမွေကို တောင်းခံခြင်း မရှိခဲ့ကြဘူးချေ။ ယင်းသို့လျှင် မင်းဆယ်ဆက်တိုင် ကြာခဲ့ပြီ နှစ်ပေါင်း တစ်ရာကျော်တိုင် လွန်မြောက်လာခဲ့ရလေ၏။

ထိုနောက် တမ္ဗူလသူဌေး မြေး ဂုမ္ဘိသတ်လက်ထက်သို့ ရောက်လာခဲ့ရလေ၏။ ထိုဂုမ္ဘိသတ်က ၎င်းအဘိုး တမ္ဗူလ အပ်နှံထားခဲ့ကြောင်းကို မှတ်စာအရ သိရှိလာခဲ့ရလေ၏။ ထို့ကြောင့် သူဌေးအုန်းအာသန်အမွေကို ဆက်ခံရှိသူတို့ထံမှ ရသင့်၏ဟု အကြံဖြစ်လေ၏။

တစ်နေ့သ၌ ဂုမ္ဘိသတ်သည် အဘိုး၏အမွေကို တောင်းရန် မြောက်ဦးမြို့သို့ ရောက်လာခဲ့လေ၏။ ပေါင်းတွတ်သဘော်ဆိပ်၌ စုံစမ်းလေသော် အုန်းအာသန်၏ မြေး ဒေါ်တလိကို သိရှိခဲ့ရလေ၏။ ထို့ကြောင့် ၎င်းမြေးများကပင် ပေးသင့်ကြောင်းကို ပြည်ရှင်မင်းဖလောင်းထံ လျှောက်ထားခဲ့လေ၏။

အမှုကို ပြည်ရှင်မင်းကြီးသည် အမတ်ကြီး မဟာပညာကျော်လက်သို့ အပ်၍

စစ်ဆေးဆုံးဖြတ်စေခဲ့လေ၏။ ထိုအခါ အမတ်ကြီးသည် ဒေါ်တလီကိုခေါ်၍ မေးမြန်းလေ၏။ ဒေါ်တလီက. . .

"အပ်နှံသည် မအပ်နှံသည်ကို မသိပါ။ မင်းဆယ်ဆက်မြောက် နှစ်လဲတစ်ရာ ကျော်ကြာခဲ့လေပြီ အစဉ်အဆက်လဲ မကြားဘူးပါ" ဟုထွက်ဆိုလေ၏။ ဂုမ္ဘီသတ်က

"လူကြီးနှစ်ဦး ယုံမှတ်၍ အပ်နှံခြင်းဖြစ်ပါသည်။ အဘိုးသူဌေးမှတ်ထားခဲ့သော မှတ်စာရှိပါသည်" ဟု ပြောပြလေ၏။

ထိုစာအရ သွားရောက်ကြည့်ရှုရှာဖွေကြလေရာ၊ ကျောက်ဖျာကို မတွေ့ရချေ။ ညောင်ပင်မှာလည်း ခုတ်ဖြတ်ထားပြီးရာကား အငုတ်သာ ကျန်ရှိလေတော့၏။ ထို့ကြောင့် ပေါင်းထွတ်သဘော်ဆိပ် အကြီးကို ခေါ်၍ တစ်ဖန် မေးစစ်ခဲ့ကြလေ၏။

သဘော်ဆိပ်အကြီးက. . .

"ဤညောင်ပင်ကို သဘော်သားတို့ ထင်းခုတ်လှဲ၍ သေခဲ့ရသည်။ ကျောက်ဖျာတစ်ခုကိုကား ဒေါ်တလီအဘ တိုက်တည်သော ကာလာယူသွားဖူးသည်" ဟု ထွက်ဆိုခဲ့လေ၏။ ထိုအခါ အမတ်ကြီးက. . .

"ကျောက်ဖျာကို အဘယ်မှာ ထားခဲ့သည်၊ သူဌေးဒေါ်တလီသိရာသည်" ဟု မေးမြန်းခဲ့လေ၏။

ဒေါ်တလီက. . .

"အဘလက်ထက် သဘော်ဆိပ်တွင် အခင်းအဖြစ် ပြုလုပ်ထားရှိခဲ့ပါသည်" ဟု ထွက်ဆိုလေ၏။

ထို့ကြောင့် ကျောက်ဖျာကိုလှန်၍ ကြည့်ကြလေသော် သူဌေးနှစ်ဦး လက်မှတ်စာကို တွေ့ရှိကြလေ၏။ ထိုအခါ အပ်ထားခဲ့သည်မှာ မှန်ပြီဟု ယုံကြည်ခဲ့ကြလေ၏။

"မင်းဆယ်ဆက်၊ နှစ်တစ်ရာကျော် ကြာသော်လည်း မင်းရိုးမင်းဆက်မပြတ်၊ ထီးကျိုးစည်ပေါက်မရှိချေ။ လုယက်ဆိုးသွမ်း မင်းကြမ်း မျိုးခြားဖြစ်ဖူး၊ ကြိမ်ကြိုက်ဖူးချေမှု လွတ်လပ်စေရာသည်။ ယခုကား ထိုသို့မဟုတ်ချေ။ ထို့ကြောင့် အပ်နှံလုယက်ခိုးဝှက်သမျှ ပလပ်စေ မဆိုသင့်။ သို့ရာတွင် ထိန်းသူထင်ရှားရှိကြ၍ တောင်းကြပေးကြလျှင် သဘောတူ အပေးအယူနှင့်နေစေသင့်သည်။ ယခုမှု ထိန်းရင်း၊ အပ်ရင်း သူချင်းမဟုတ်ရာကား သားတစ်ဆက် မြေးတစ်တန် ထိန်းသိမ်းလာခဲ့ရခြင်းဖြစ်သည်။ သို့သော် ထိုဥစ္စာပျောက်ဆုံးလျှင်သော်လည်း ပေးလျော်ရမည်ပင်ဖြစ်လေ၏။ ဟူ၍ မှုခင်းကို သုံးသပ်ဝေဖန်ခဲ့လေ၏။

ထို့နောက် ဆုံးဖြတ်ချက်ပြုလိုရာကား တရားခုံရုံး ရှေ့တွင်ခေါ်၍ အမိန့်ချမှတ်ခဲ့လေ၏။

"ဤအမှုမှာ တစ်သောင်း အသပြာကို ထိန်းသူရစေ၊ ကိုးသောင်း အသပြာ

ကို သူဌေးဂုဏ်သတ်သို့ပေးစေ၊ အထက်အဘိုးနှစ်ဦးထားခဲ့သော သက်သေ လက်မှတ်ကျောက်စာကို ဖျက်သိမ်းကြစေ" ဟုစီရင်ခဲ့လေ၏။

အမှုသည် နှစ်ဦးလုံးလည်း ဆုံးဖြတ်ချက်ကို ကြည်လင်စွာ ခံယူခဲ့ကြလေ၏။ ထို့ပြင် အသပြာတစ်ထောင်စီ အမတ်ကြီးသို့ ပူဇော်ခဲ့ကြလေ၏။ ပြည်ရှင်မင်းကလည်း ပတ္တမြားလက်စွပ်တစ်ကွင်းလို တရားဆုအဖြစ် ပေးသနားတော်မူခဲ့လေသတည်း။

# ဖြတ်ထိုးဉာဏ်ကောင်းသော ရှေ့နေစီးကွက်

ရှေးအခါက မိဘမဲ့သော ဝက်ငယ်နှင့် ကျားငယ်နှစ်ကောင် မိတ်ဆွေဖြစ်လျက် နေလာခဲ့လေ၏။ ၎င်းတို့သည် မိဘ သေဆုံးသွားပြီးစကပင် အတူပေါင်းဖော်ကာ ဆက်ဆံလာခဲ့ကြ၏။ ညီအစ်ကိုပမာ ချစ်ခင်မြတ်နိုးမှုမပျက် ရှိခဲ့ကြလေ၏။

ဝက်ငယ်မှာကား သစ်ဥ၊ သစ်မြစ်၊ သစ်ဖုများကို ရှာဖွေတူးဖော် စားသောက်ခဲ့လေ၏။ ထို့ကြောင့် အစာအဟာရပြည့်ဝ၍ ကိုယ်ခန္ဓာသန်မာ ဆူဖြိုးလာလေ၏။ ကျားငယ်မှာမူကား သားကောင်များကို ဖမ်းရမိသောအခါမှ ဝမ်းဝနိုင်၏။ မရသောနေ့တို့၌ အစာအဟာရ မစားရဘဲ အငတ်ခံနေခဲ့ရလေ၏။ မစားရဖန်များလာသောအခါ ပိန်းချုံးကြုံလှီလာခဲ့လေ၏။

ဝက်ငယ်နှင့် ကျားငယ်တို့သည် အတူတကွ အစာရေစာ ရှာဖွေလေ့ရှိကြ၏။ နေထိုင်ကြစဉ်လည်း တစ်ကောင်၏ပေါင်ပေါ်တွင် တစ်ကောင်က ခေါင်းတင်အိပ်လေ့ ရှိကြလေ၏။ ယင်းသို့ ချစ်ခင်ရင်းနှီးလာခဲ့ကြရာ တစ်နေ့သ၌ ကျားကမကောင်းသော အကြံအစည် ဖြစ်ခဲ့လေ၏။

ကျားက. . .

"ငါသည် တစ်နေ့ မိုးလင်းလာတိုင်း အစာကို ခဲယဉ်းစွာ ရှာဖွေနေရ၏။ အစားမစားရလျှင် ထွက်နေရဲရဲတွင် တမန်းမြေခဲကို အမဲလျှာ ထင်မှတ်လျက် စားသောက်မိချေသည်။ ထို့ကြောင့် ဤဝက်ငယ်ကို ငါ့အဖို့ မည်သို့ စားရချေအံ့နည်း" ဟု အောက်မေ့မိလေ၏။

ထိုသို့ ကြံစည်ပြီးနောက် စိတ်ကူးရလာသောတစ်နေ့တွင် ရွှာသူကြီးထံ သွားရောက်လေ၏။ ၎င်းထံ ချဉ်းကပ်ပြီးလျှင်. . .

"ရွာသူကြီးမင်း၊ ငါသည် အိပ်ပျော်နေစဉ် အိပ်မက်တစ်ခု မြင်မက်ပါသည်" ဟု ပြောပြလေ၏။

"မည်သို့ မြင်မက်သနည်း" ဟု ရွာသူကြီးက မေးလေ၏။ ထိုအခါ ဝက်ငယ်ကို စားလိုကြောင်း မြင်မက်သည်ကို ဖွင့်ပြောခဲ့လေ၏။

ရွာသူကြီးကား ပါးနပ်လိမ္မာသူတစ်ဦး ဖြစ်ချေ၏။ ထို့ကြောင့် ကျားငယ်အား . . .

"ငါ၏ အထံမှာ တရားဆုံးဖြတ်ခံရမည်"

ဟုပြောဆို အကြံပေးလိုက်လေ၏။ ကျားငယ်သည် တရားသူကြီးအားကိုးဖြင့် ဝက်ငယ်ကို စားရလတ္တံ့ဟု အောက်မေ့၍ ပြန်လာခဲ့လေ၏။

မိမိနေရာသို့ ပြန်ရောက်စဉ် ဝက်ငယ်အား တွေ့ဆုံလေ၏။ ထို့နောက် ပေါင်ပေါ်မှာ ခေါင်းတင်လျက်. . .

"သင့်ကို ငါစားလိုသည်။ အိပ်မက်တွင် ငါးစား၍ မြင်မက်သည်။ အဝေးခရီးသို့ ယနေ့ အစာရှာမထွက်လေနှင့်။ ငါလဲ ခရီးပန်း အစာခန်းနေသဖြင့် မသွားနိုင်တော့ပြီ၊ သင့်ကိုပင် ယနေ့ ငါစားရချေတော့မည်။ ငါ့အစာဖြစ်ပြီဟုသာ မှတ်တော့"

ဟူ၍ ကျားကပြောဆိုလေ၏။

ထိုစကားကြောင့် ဝက်ငယ်သည် အံ့အားသင့်ဖြစ်ခဲ့ရလေ၏။ ထို့နောက် ပြန်ပြောသည်မှာ. . .

"သင်နှင့်ငါသည် အတူတကွ ချင်ခင်ပေါင်းဖက်လာခဲ့သည်မဟုတ်လော၊ သင့်အသက်နှင့် ငါ့အသက်ဆိုလျှင် တစ်သက်တည်းနေလာပေသည်။ အဘယ်ကြောင့် သင်က ငါ့ကိုစားချင်လိုလှသနည်း" ဟုဆိုလေ၏။ မည်သို့ဖြစ်စေ ကျားက အမှန်ပင် စားလိုကြောင်း ပြန်ပြောလေ၏။

သို့သော် ဝက်ကစားသင့်မသင့် ရွာသူကြီးထံသွားကြရန် အကြံပြုလေ၏။ သူတို့နှစ်ဦးသည် တရားဆုံးဖြတ်ခံရန် သဘောတူရွာသူကြီးထံ သွားခဲ့ကြလေ၏။ ရွာသူကြီးထံရောက်သောအခါ ဝက်ငယ်ကို စားသင့် မစားသင့် တိုင်ကြားလေ၏။ ထိုအခါ ရွာသူကြီးက ကျားငယ်ဘက်သို့ အဂတိလိုက်၍ စားသင့်ကြောင်း ပြောဆိုလေ၏။ ဝက်ငယ်က မစားသင့်ကြောင်း ပြန်လည်ချေပသောအခါ ရွှေနေလိုအပ်သည်ဟု ရွာသူကြီးကပြောပြီး. . .

"သင့်အတွက် ရွှေနေရှာယူခဲ့လော့"ဟု ရွာသူကြီးက အယူခံခွင့် ပေးလိုက်လေ၏။

ရွှေနေဖြင့် အယူခံရန် ခုနစ်ရက်သာ အမိန့်ရလေ၏။ ထို့ကြောင့် ဝက်ငယ်သည် စိုးရိမ်ကြီးစွာဖြင့် ရွှေနေကို အရရှာဖွေရလေ၏။ နိဂုံးရွာတစ်ခုသို့ အရောက်တွင် သစ်ပင်ပေါ်က ဇီးကွက်က လိုက်လံ၍ သတင်းမေးလေ၏။

"အဆွေ ဝက်၊ မည်သို့ အပူအပင် ရှိလေသနည်း။ ချွေးဒီးဒီးကျလျက် ခရီးပြင်းချီလာဘိသည်"ဟု ဆိုလေ၏။ ဇီးကွက် ငှက်အသံကို ကြားရလျှင် ဝက်လည်း ဒေါသထွက်လျက်. . .

ဤငှက်သည် နှောက်ယှက်မှု ပြုလုပ်နေသည်။ သင်ကဲ့သို့ ငှက်ဆိုးက မည်သို့ ပြုနိုင်အံ့နည်း။ ၎င်းကို ပြောသဖြင့် ဘယ်အရာရောက်၍ ဘယ်လိုအကျိုးရှိနိုင်မည်

နည်း။ တန်ဖိုးမရှိက အသို့ ပြောနိုင်လတ္တံ့နည်း" ဟု အမှတ်ဖြင့် အဖက်မတုံ့ မပြုဘဲနေလေ၏။

ထိုအခါ ဇီးကွက်က ဝက်ငယ်၏ မလိုချင်မှုကို သိသဖြင့် ပြန်၍ပြောသည်မှာ. . .

"အဆွေ ဝက်ငယ်၊ ငှက်ဆိုးဟု အထင်မသေးနှင့်၊ လောက၌ မည်သူမဆို ဦးခေါင်းတစ်ရာ ပညာတစ်ခုရှိချေသည်။ သင့်ကို ငါလဲကူညီနိုင်က ကူညီလိုသည်၊ မတတ်နိုင်ကလဲ တတ်စွမ်းသူကို ညွှန်ကြားရမည်သာတကား" ဟု ဆိုလေ၏။

ထိုသို့ ပြောသောအခါမှ ဝက်ငယ်လည်း သဘောရ၍ အကြောင်းကိစ္စကို ကောင်းစွာ တင်ပြလေ၏။

"ငါမှာ လူမိုက်နှင့် ပေါင်းဖော်မိ၍ ဒုက္ခရောက်နေရသည်၊ ပညာရှိ အစဉ်ပေါင်းဖော်လိုသည်။ ခုနစ်ရက်အတွင်း ကူညီဖော်လိုနေသည်။ တရားသူကြီးထံ ထုချေရမည်ဖြစ်၍ ပညာရှိ ရှေ့နေကောင်းကို လိုက်ရှာနေရသည်။သို့ မရက ကျားစာခံရမည်သာ ရှိလေသည်"ဟုပြောလေလျှင် ဇီးကွက်လည်း များစွာ သနားမှုဖြစ်ခဲ့လေ၏။ ဝက်ငယ်၏အခက်အခဲကို ဇီးကွက်ငှက်သိရလျှင်. . . .

"အဆွေ. . . ဝက်၊ ဤပြဿနာအတွက် မပူပါနဲ့၊ အကောင်းအကန်းမှတ်လို့ အမှုမဟုတ် အမှုရှာနေရဘိ၏။ ငါကူညီဖြေရှင်းပေးပါရစေ၊ စိတ်သာချပါ၊ အမှန်တကယ်ငါလာခဲ့မည်"ဟု ပြောလေ၏။

ထိုအခါ ဝက်ငယ်ကလည်း စိတ်သက်သာရာရကာ ပြန်သွားရှာလေ၏။

ခုနစ်ရက်စေ့သောနေ့ တိုင်လေ၏။ တရားဆုံးဖြတ်ရန် ချိန်းဆိုထားသည့်အတိုင်း တရားသူကြီးထံ သွားရမည့်အချိန် ကျရောက်လာခဲ့လေ၏။ ထို့ကြောင့် ဇီးကွက်ငှက်သည် ညဥ့်ဦးယံကပင် အစာအာဟာရကို ဝလင်စွာ စားသောက်ထားပြီး ဖြစ်လေ၏။

မိုးသောက်အာရုံတက်သို့ ရောက်သောအခါ ဇီးကွက်ငှက်သည် အိပ်တန်းမှ ထလေ၏။ ထိုနောက် ရွာသူကြီး အိမ်ရှေ့အခေါင်ထိပ်ပိတ်(ကျီးအက်ပိတ်+ကျက်ပိတ်)တွင် ဝင်ရောက်အိပ်ပျော်နေခဲ့လေ၏။ မိုးစင်စင်လင်းသောအခါတွင် လူပရိတ်သတ်များ စုဝေးနေကြလေ၏၊ ရွာသူကြီးအိမ်တွင် ရောက်နေကြသူများဆိုလျှင် ဝက်နှင့်ရှေ့နေကို မျှော်ရှာရှိနေကြ၏။

အချိန်ကျရောက်သည့်အခါ ဝက်ငယ်သည် တစိုက်မတ်မတ်လာခဲ့လေ၏။ ၎င်း၏ရှေ့နေ ရောက်နှင့်နေပြီးသည်ကိုကား မည်သူမျှ မမြင်ကြဘဲ ရှိချေ၏။ ဝက်ငယ်ကား စိတ်မချရ၊ မရွှင်ပြလှသော မျက်နှာဖြင့် ရှိနေ၏။ ရွာသူကြီးနှင့် ကျားငယ်တို့က အားရဝမ်းသာ ဖြစ်နေကြ၏။

တရားလို တရားခံ စုံအညီတွင် တရားသူကြီးက အမှုစတင်လေ၏။ ထိုအခါ အကြံပြုနေသော ဇီးကွက်ငှက်သည် အိပ်ပျော်နေရာမှ ချက်ချင်း အောက်သို့ လိမ့်ဆင်းကျလာလေ၏။ ကျလျှင်ကျချင်း. . .

"ဩော် . . . အိပ်ပျော်သွားလိုက်သည်မှာ ရွာသူကြီးသမီး နှင့် ပေးစားလို့ အိပ်မက်မြင်မိသည်" ဟု ပြောဆိုလိုက်လေ၏။

ထိုစကားကို ကြားရလျှင် ရွာသူကြီးလည်း ဒေါသပြင်းစွာဖြစ်လျက် ဓားကို ဆွဲကိုင်၍ ခုတ်ဖြတ်ရန် ပြုလေ၏။ ထိုအခါ ဇီးကွက်ငှက်က. . .

"သည်းခံပါ ရွာသူကြီးမင်း" ဟု ပြောဆိုကာ ပျံဝဲနေလေ၏။

ထို့နောက် စကားဆက်၍. . . . "ရွာသူကြီးမင်းသည် အိပ်မက်အရ ကျားက ဝက်ကို စားသင့်သည်ဆိုလျှင် ကျွန်တော်လဲ ရွာသူကြီးသမီးကို ရသင့်ပေသည်"ဟု ရဲဝံ့စွာ ပြောဆိုလေ၏။

ထိုအခါ ရွာသူကြီးမှာ မချေပနိုင်ရာကား မှိုင်တွေငိုင်လဲကျသွားခဲ့ရလေ၏။ လူသူပရိတ်သတ်လည်း ဇီးကွက်စကားအတိုင်း ထောက်ခံပြောဆိုကြလေ၏။

ရွာသူကြီးသည် ကတိလိုက်၍ တရားဆုံးဖြတ်ရန် မဖြစ်နိုင်ဘဲရှိလေရာ အမှုမှာ ရေစုံနစ်မျောသွားခဲ့ရလေ၏။ ရှေ့နေထုချေကောင်းသဖြင့် ဝက်ငယ်လည်း ကျားအစာမှ လွတ်ခဲ့ရလေ၏။ လူထုကြီးမှာ ရှေ့နေဇီးကွက်၏ ဖြတ်ထိုးဉာဏ်ကို ကောင်းချီးပြု သြဘာပေးခဲ့ကြလေသတည်း။

# ဓမ္မြက ဖားကို အာဓကြောင့် ဖမ်းမျိုရသနည်း

ဟေမဝန္တာတောသို့ ကျက်စားနေကြသော တိရစ္ဆာန်များသည် တစ်နေ့တွင် စုရုံးတိုင်ပင်မှုတစ်ခုကို ပြုခဲ့ကြလေ၏။

"ငါတို့သည် အစာအာဟာရ စားရသည်မှာ ကာလကြာခဲ့လေပြီ။ မြိန်ရေရှက်ရေဟူ၍ မတွေ့ရှိရချေ။ အကြောင်းအဘယ်သို့နည်း၊၊စုံစမ်းသင့်ကြသည်။" ဟုပြောဆိုမှု ဖြစ်ခဲ့ကြလေ၏။

ထိုအခါ သားငါးတိရစ္ဆာန်တို့ အုပ်စုက အကြံပြုခဲ့ကြ၏။

"မှက်ကောင်သည် အသွေးအသားကို စုတ်ယူစားသောက်လေ့ရှိတတ်သည်။ သူကသာလျှင် အစာရေစာ အသားအသွေး ဟူသမျှကို မြည်းစမ်းသိရှိနိုင်ပေသည်။ ထိုကြောင့်သွေးစုပ် မှက်ကောင်ကိုပင် စုံစမ်းမှုပြုရန် စေခိုင်းသင့်သည်" ဟု တင်ပြပြောဆိုကြလေ၏။

၎င်းတို့၏ပြောဆိုချက်အတိုင်း သဘောတူကြလျက် မှက်ကောင်ကို ရွေးချယ်လိုက်ကြလေ၏။ မကြာမီ မှက်ကောင်လည်း ဟေမဝန္တာတောမှ ပျံသန်းထွက်ခွာလျက် စုံစမ်းမှုပြုခဲ့လေ၏။ ခရီးအကြားတွင် မြစ်တစ်ခုကိုတွေ့လေသော် ကူးတို့သည်ကို ရှာဖွေလေ၏။

ထိုမြစ်ကို ကူးမြောက်လိုသူများကို ကဏန်းမက ပို့ဆောင်ပေးလျက်ရှိလေ၏။ ထို့ကြောင့်မှက်လည်း ကဏန်းမ၏လက်မ၌ တက်စီး၍ကူးခတ်လိုက်ပါသွားခဲ့လေ၏။ မြစ်လယ်ကြောအရောက်တွင် ကဏန်းမက သတင်းစကား မေးမြန်းလေတော့၏။

ထိုအခါ မှက်က. . .

"ငါသည် မည်သူ့အသွေးအသားက အရသာရှိသနည်း ဟု စုံစမ်းရန် သွားခြင်းဖြစ်၏။ သင်သိပါကလဲ ငါ့အား ပြောကြားအသိပေးစေလို၏" ဟု မေးမြန်းစကား ဆိုခဲ့လေ၏။

"ကျွန်မကား မသိပါ၊ အသင်မှက် အပြန်တွင် ငါ့အားလဲ ပြောကြားအသိပေးခဲ့ပါ" ဟုတောင်းပန်လိုက်လေ၏။

မှက်သည် ကဏန်းမကို ဝန်ခံပြောဆိုပြီးနောက် ခရီးဆက်လာခဲ့လေ၏။ ရောက်ရာ အရပ်ဒေသတိုင်း၌ မှက်သည် စုံစမ်းမှုပြုလုပ်ခဲ့လေ၏။ ၎င်း၏လေ့လာစုံ

စမ်းချက်အရ ပုတုဇဉ်လူသား၏ အသွေးအသားသည် အရသာအရှိဆုံးကို တွေ့ရလေ၏။

ယင်းသို့တွေ့ရှိသိရပြီးသဖြင့် ပြန်လာသော် ကဏန်းမနှင့် ကတိအတိုင်း တွေ့ဆုံကြလေ၏။ ကဏန်းမလည်း ဝမ်းသာအားရ ကြိုဆိုကာ မြစ်ကို ပို့ဆောင်ပေးလေ၏။ ရေလယ်ကြောအရောက်တွင် ကဏန်းမက သိလိုသဖြင့် မေးမြန်းလေ၏။

"အသင် စုံစမ်းမှုကို သိရှိခဲ့ရ၏လော၊ အဘယ်သူ၏ အသွေးအသားက ချိုဆိမ့်ပေသနည်း" ဟု စကားဆိုလေ၏။ ကတိအတိုင်း မှက်လည်း မပြောသေးဘဲ. . .

"ဟိုဘက်ကမ်းရောက်မှ ပြောပါမည်" ဟု စကားကပ်ထားလေ၏။

ထိုအခါ ကဏန်းမက မှက်ကို မယုံမကြည်ဖြစ်လာရလေ၏။ "ဤမှက်သည် ကေန္တင့်ဒါကို လိမ်လည်ချေရာသည်"ဟု နာကြည်းခဲ့လေ၏။ ထို့ကြောင့် စိတ်ဆိုးမာန်ပါဖြစ်ကာ မှက်ကို လက်မဖြင့် ညှပ်ပစ်လိုက်လေ၏။

မှက်သည် များစွာနာကျင်ရာကား "မက်"ဟူ၍ အသံမြည်ထွက်ခဲ့လေ၏။ ထိုနောက် ရုန်းကန်လှုပ်ရှားလျက် ထွက်ပြေးလွတ်မြောက်ပျံသွားခဲ့လေ၏။ သို့သော် ကဏန်းမ၏ ညှပ်မိခံရသော ဒဏ်ချက်ကိုကား ခံစားခဲ့ရပေ၏။သေဘေးမှလွတ်လာသောမှက်လည်း ဝေဒနာပြင်းစွာ ခံစားကာ ဟေမဝန္တာတောသို့ ပြန်လာခဲ့လေ၏။

ဟေမဝန္တာတောသို့အရောက်တွင် မြွေကြီးတစ်ကောင်နှင့် စတင်တွေ့လေ၏။ မြွေကြီးက မှက်ကိုသတင်းစကားသိလို၍ ဆီးကြိုနှုတ်ဆက်လေ၏။ သိလိုသမျှကို မှက်အား မေးမြန်းလေရာ စကားမပြန်ဘဲ "မက်. . . မက်" ဟူ၍သာ အသံပြုလျက် နေလေ၏။

မြွေကြီးလည်း နောက်ထပ်တစ်ကြိမ် မေးမြန်းလေ၏။ မေးတိုင်း မှက်ကောင်လည်း "မက်. . . မက်"ဟုပင် မြည်သံပြုနေတော့၏။ ထိုအခါ မှက်၏မြည်သံကို သိလိုသဖြင့် ကြံစည်စဉ်းစားမှုဖြစ်ခဲ့ရလေ၏။

'ဤမက်ဟူသော အသံသည် ဖား ပင်ဖြစ်ချေရာသည်' ဟု မြွေကြီးက သဘောရလေ၏။ ထို့ကြောင့် မြွေကြီးသည် ဖားကို အရသာအကောင်းဆုံးသတ္တဝါဖြစ်သည်ဟု သတ်မှတ်လာခဲ့ရလေ၏။ ထိုအခါမှစ၍ မြွေများသည် မြိန်ရှက်သော အာဟာရဖြစ်မှုအတွက် ဖားကိုလိုက်လံ၍ သတ်ဖြတ်စားမျိုခြင်းပြုလာခဲ့ရလေသတည်း။

# ခွေးနှင့်ကြောင် အာကြောင့် မသင့်သနည်း

တောရွာတစ်ရွာ၌ လယ်သူကြီးတစ်ယောက်ရှိလေ၏။ ၎င်းသည် လယ်ယာများစွာကို လုပ်ကိုင်လျက်ရှိလေ၏။ အလုပ်သမား အခိုင်းအစေများလည်း မပြတ်မလပ်ရှိလေ၏။ လယ်မြေလုပ်ငန်းဖြင့် ကြီးပွားကာ ချမ်းသာလျက် ရှိလာခဲ့လေ၏။

လယ်သူကြီးသည် လယ်ယာတို့ကို ကောင်းစွာ ဂရုစိုက်လုပ်ကိုင်လေ၏။ လယ်ယာတွင် စပါးသီးနှံအပြင် သားငါးများကိုလည်း မွေးမြူထားလေ၏။ ကုန်းမြင့်လယ်မြေတို့၌ ဆိုလျှင် ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးထားလေ၏။ ထို့ကြောင့် ရာသီထွက် သီးနှံသားငါး အစာများ အမြဲရရှိနေ၏။

လယ်သူကြီးသည် အလုပ်သမားတို့အား သား၊ ငါး၊ သီးနှံတို့ဖြင့် ကောင်းစွာကျွေးမွေးလေ၏။ ဝယ်ခြမ်းကျွေးမွေးရခြင်း လုံးဝမရှိမူဘဲ မိမိခြံထွက်ပစ္စည်းဖြင့်ပင် ရောင့်ရဲတင်းတိမ်မှုတပြည့်ဝစေ၏။ အလုပ်သမားတို့ကလည်း လယ်သူကြီးအကြိုက် ကောင်းစွာ ထွန်ယက်လုပ်ကိုင်ပေးခဲ့ကြလေ၏။

တစ်နေ့သ၌ လယ်သူကြီးသည် စားသုံးရန်အတွက် အိမ်ရှေ့တွင် ဘူးပင်များကို စိုက်ပျိုးထားစေ၏။ အများက ဘူးပင်ကို အိမ်ရှေ့တွင် စိုက်ပျိုးလေ့မရှိကြဘဲ ရှောင်ကြဉ်လေ့ရှိလာကြ၏။ ဘူးပင်ကို ယုတ်နိမ့်သော အပင်အဖြစ် သတ်မှတ်ခဲ့ကြလေ၏။ ဘူးစက်အောက်၊ ဘူးပင်အောက်ကိုပင် မဝင် မလျှိုမိရန် ဂရုစိုက်ကြ၏။ ထို့ကြောင့် အိမ်ဦးတွင် မစိုက်ပျိုးရလဲ လွတ်ရာအိမ်နောက်ဖေးတို့၌သာ စိုက်လေ့ပြုခဲ့ကြလေ၏။

လယ်သူကြီး၌ မွေးစားထားသော ခွေးနှင့်ကြောင့်တို့ ရှိခဲ့ကြ၏။ ၎င်းတို့သည် အလွန်လိမ္မာ၍ အရှင်ကိုစောင့်ရှောက်လာခဲ့ကြ၏။ အရှင်၏ အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းခဲ့ကြ၏။ အရှင်၌ အပြစ်ကျရောက်မည်ကို တွေ့မြင်ရလျှင် စိတ်မချမ်းမသာ မျက်နှာမကြည်မလင် ဖြစ်နေကြရ၏။

တစ်နေ့သ၌ ခွေးနှင့်ကြောင်တို့သည် စိုက်ပျိုးထားသော အရှင်အိမ်ရှေ့ ဘူးပင်ကို တွေ့မြင်ကြရလေ၏။ ထိုအခါ မိမိတို့အရှင် ပျက်စီးမည်ကို တွေး၍ စိုးရိမ်မကင်းဖြစ်ရှိလာခဲ့ကြလေ၏။ ထို့ကြောင့် အရှင်အား မစိုက်ရန် တားမြစ်ကြလေ၏။ သို့သော်အရှင်သည် ၎င်းတို့သည် တားမြစ်ချက်ကို နားမထောင်ဘဲ နေလာခဲ့လေ၏။

လယ်သူကြီးသည် တစ်ခါတစ်ပါး၌ နေမကောင်းနာမကျန်း ဖြစ်ခဲ့ရလေ၏။ ခွေးက ကြောင်ကိုခေါ်၍ ဘူးပင်အား ဖျက်ဆီးပစ်ခဲ့ကြလေ၏။ မကြာခင် သူတို့၏ အရှင်သခင်သည် တစ်နေ့တစ်ခြား နေကောင်းသက်သာ ကျန်းမာခြင်းဖြစ်လာ၏။

မိမိနေထိုင် ကောင်းလာသောအခါ ဘူးပင်ကိုကြည့်ရှုလေ၏။ ထိုအခါ ဘူးပင်ကို မမြင်ရသောကြောင့် မေးစမ်းလေ၏။ ခွေးနှင့်ကြောင်တို့ ဖျက်ဆီးမှန်းသိလျှင် ဒေါသဖြစ်၍ ရိုက်နှက်မိလေ၏။ ထို့ကြောင့် မွေးထားသော ခွေးနှင့်ကြောင်တို့သည် အိမ်မှထွက်ပြေးတိမ်းရှောင်သွားခဲ့ကြလေ၏။

အိမ်ရှင်သည် ကောင်းစွာ ကျန်းမာလာသောအခါ မိမိမွေးထားသော ထိုခွေးနှင့်ကြောင်တို့ကို သတိရ၍ ဖျောင်းဖျခေါ်လေ၏။ ထိုအခါ ကြောင်က ပြန်လိုလှသော်လည်း ခွေးက မပြန်လိုသဖြင့် ငြင်းပယ်နေ၏။ ခေါ်ဖန်များလာလျှင် ကြောင်က ပြန်မည်ဟုပြောလေ၏။

ထိုအခါ ခွေးက "မိမိမှာ ဖြစ်သလိုနေတော့မည်" ဟု ဆိုကာ ကြောင်ကို ကိုက်လွှတ်လိုက်လေ၏။ ထို့ကြောင့် ခွေးနှင့်ကြောင်တို့သည် ထိုအခါမှစ၍ မသင့်မတင့် ရန်ဘက်ဖြစ်ခဲ့ကြရလေသတည်း။

# ကျီးဖြူရွာ ဇာမှာလဲ

တစ်ခါတစ်ပါး၌ ကျီးသားဖော် ငါးရာတို့သည် အစာရှာကြရန် ကျေးရွာတစ်ခုသို့ ရောက်ရှိသွားကြလေ၏။ လူသူရပ်ရွာနီးစပ်ရာတိုင်အောင် အစားအစာများကို လှည့်လည်ရှာဖွေစားသောက် နေခဲ့ကြလေ၏။ ထိုစဉ် ဆင်းရဲသော သားအမိ အိမ်အနီးသို့ ရောက်ရှိခဲ့ကြလေ၏။

ထိုအိမ်၌ နှမ်းတစ်ဖျာကို နေလှန်းထားရှိလေ၏။ မိခင်သည် သမီးငယ်အား အစောင့်ထားခဲ့ပြီး ထင်းခွေရန် တောသို့ သွားနှင့်လေ၏။ အစောင့်ထားကျန်ရစ်သော သမီးငယ်ကို ကျေးငှက်များ တစ်စေ့မှ မစားစေရန်လည်း ကောင်းစွာ ပြောဆိုမှာထားခဲ့လေ၏။ မိခင်၏မှာကြားမှုတိုင်း သမီးငယ်သည် ဂရုစိုက်၍ စောင့်ကြပ်နေလင့်လေ၏။

အစာရှာကြသော ကျီးများသည် နှမ်းများကို မြင်ကြသော် သက်ဆင်းကြလေ၏။ တစ်စတစ်စ နှမ်းဖျာအနီးသို့ အုပ်လိုက်ချီ၍ များပြားစွာ ချဉ်းကပ်ရောက်လာကြလေ၏။ နှမ်းဖျာတစ်ခုလုံးကို ချိုယူလုသွားမတတ် ဝိုင်းအုံဝန်းရံနေခဲ့ကြလေ၏။ နှမ်းဖျာစောင့်နေသော သူငယ်မကား ကျေးငှက်များ မစားမိစေရန် "တရှဲရှဲ"နှင့် ပြောဆိုမောင်းနှင်ခဲ့လေ၏။

ပြင်းပြသော နေရောင်သန်းနေသည့် အပူရှိန်ငွေ့ကြောင့်လည်းကောင်း၊ နေပူထဲတွင် စောင့်နေရသည့်အတွက်လည်းကောင်း၊ မိန်းကလေး၏မျက်စိများမှာ မှုန်ယောင်ယောင်ရီဝေဝေဖြစ်၍နေ၏။ ထို့ကြောင့် ဝိုင်းရံနေသော ကျီးများကို အကောင်မထင်ဘဲ ဖွေးဖွေးဖြူလျက်သာ မြင်ယောင်နေလေ၏။ သို့သော် ကျီးများသည် သူမ မောင်းနှင်နေခြင်းကို လိုက်နာလျက် အတင်းအရင်းမလုပ်ဘဲ နေခဲ့ကြလေ၏။

ထို့နောက် ကျီးများသည် စားချင်အားကြီးလှရာကား နှမ်းရှင်မထံ ချဉ်းကပ်ကြလေ၏။ နှမ်းနည်းနည်းသော်လည်း စားခွင့်ပြုရန် အသာအယာ ပြောဆိုတောင်းခံကြလေ၏။

နှမ်းရှင်မက. . .

"မစားပါနှင့် အမေရောက်လျှင် ကျွန်မအရိုက်ခံရမည် ကို စိုးရသည်"

ဟု ချေင်စွာပြော၍ တားလေ၏။

ကျေးများက ထပ်မံ၍. . . .

"အားလုံးမစားပါ၊ အနည်းငယ်သာ စားပါရစေ" ဟု ပြောကြလေ၏။

သူမသဘောမတူခြင်းကြောင့် ကျီးများလည်း စားခွင့်မရဘဲ ဖြစ်နေကြလေ၏။

သို့သော် ကျီးများမှာ အာသာတက်မက်နေကြသည့်အလျောက် မစားရမနေနိုင် ရှိခဲ့ကြလေ၏။

ထို့ကြောင့် စကားဆက်၍

"တစ်ကောင်လျှင် တစ်စေ့ကျသော်လဲ၊ စားခွင့်ပြုပါ" ဟု အသနားခံကြလေ၏။

"ကျီးဖြူတို့ မိခင်ခွင့်မပြုသဖြင့် သည်းခံကြပါ၊ တစ်စေ့ကို ထားဘိ တစ်ပိုင်းကျစီပင် ကျွန်မပေးပိုင်ခွင့်မရှိ၊ အမှန်ပါ"

ဟု သူငယ်မကလည်း အဆုံးစွန်စကားကို ပြောဆိုလိုက်လေ၏။

လိုက်လျောမှုမရှိကြောင်းကို သိရသောအခါ ကျီးသားတို့ကလည်း နောက်ဆုံးမှာထား စကားဖြင့်. . .

"မစိုးရိမ်ပါနှင့်၊ အမိဆဲဆိုခြင်းဖြင့် ရိုက်နှက်ပြန်လျှင် ဦးလေး၊ ဦးကြီး၊ ဘထွေး၊ မိထွေး၊ အစ်မများထံ ဝင်ပြေးခိုကိုးနေပါ၊ မလွတ်သာ၍ လိုက်ပြန်ချေလဲ မတတ်သာ အဆုံးတွင် ဆွေမျိုးထံပြေးဝင်ပါလော့၊ ယင်းတို့ကလဲ ခိုကိုးရာမပေးဘဲ ထို့အတူ ပြုကျင့်ပါဟု မလွတ်သာလျှင် ငါတို့ထံ မေးမြန်း၍ လာခဲ့ပါ၊ ရောက်ပါလိမ့်မည်" ဟု ပြောဆိုကြလေ၏။

ထိုသို့ပြောပြီးနောက် "တစ်ကောင် တစ်စေ့ကျပင် စားသွားပါမည်"ဟု ဆိုကာ ဝိုင်းဝန်း၍ စားခဲ့ကြလေ၏။ သူငယ်မ တားမြစ်နေစဉ်ကြားကပင် ဝင်လုစားကြရာ နှမ်းတစ်ဖျာလုံး ပြောင်ရှင်းကုန်စင်ခဲ့ရလေ၏။ ထိုအခါ မိန်းမငယ်သည် အရိုက်ခံရတော့မည်ဟု ငိုကြွေးလေ၏။ ထို့ကြောင့် ကျီးသားတို့သည် ဖျောင်းဖျလျက် ချော့မော့ကာ သက်သာရာ ရစေကြလေ၏။ မကြာခင် ကျီးသားတို့သည် အုပ်လိုက်ထပ်ပျံကာ မိမိနေရပ်သို့ ခရီးနှင်ခဲ့ကြလေ၏။

ညနေစောင်းတွင် မိခင်သည် ထင်းခွေရာမှ ပြန်လည်ရောက်လာလေ၏။ နှမ်းများကို မေးစီစစ်လေရာ ကျီးသားတို့စား၍ ကုန်ခဲ့ပြီးကြောင်း ပြောပြလေ၏။ ထိုအခါ သမီးအား အမျက်ထွက်ကာ ပြင်းစွာဆဲဆိုရိုက်နှက်လေတော့၏။ မိခင်ရိုက်လေသော် လွတ်ရာပြေးရှောင်၍ တစ်ယောက်မှတစ်ယောက်သို့ ခိုဝင်ခဲ့လေ၏။ သို့သော်လည်း မည်သူမျှ အားကိုးစရာမရဘဲသာ ရှိခဲ့လေ၏။

မလွတ်သာသည့်အပြင် အားလုံးကပင် ဝိုင်းဝန်းရိုက်နှက်ခဲ့ကြလေ၏။ မခံနိုင်တော့ပြီဖြစ်ရာကား နောက်ဆုံးတွင် ကျီးတို့ထံပင် ပြေးရန် အကြံဖြစ်ခဲ့ရလေ၏။ ကျီးသားတို့မှာထားခဲ့သည့်အတိုင်း ပြေးလေလျှင် လမ်းခရီး၌မေးမြန်းစုံစမ်းသွားခဲ့

ရလေ၏။

လမ်းတွင် နွားကျောင်းသား၊ ကျွဲ၊ ဘဲ၊ ကြက်၊ ဆင်၊ မြင်း၊ ဆိတ်ကျောင်းသားတို့ကို တွေ့ရ၍ တစ်ထောက်၊ တစ်ထောက်ဖြင့် အဆင့်ဆင့်ခရီးညွှန်ခဲ့ကြလေ၏။

ထိုခရီးစဉ်အရ ပြေးရှာစဉ်. . .

သူငယ်မက. . .

"နွားကြီးတအို့၊ နွားတစ္စိန်နှင့်
အမောင်ယောက်ျား၊ နွားကျောင်းသားရှိ
တံခွန်ယပ်ယပ်၊ လှိုသသွတ်နှင့် *
ဇရပ်ကေသာယာ၊ ကျီးဖြူရွာကား
ဇာမှာလေ့၊ မောင်ရို့" ဟု ကဗျာဆို၍ မေးလေ၏။

နွားကျောင်းသားများကလည်း ပြန်လည်၍ ကဗျာဖြင့် ပြောခဲ့သည်မှာ. . .

(ယပ်ယပ်= လှုပ်ယမ်း။ လှိုသသွတ်= လေတသုတ်သုတ်)

'နွားကြီးတစ်ပင်၊ ကျစ်ခဦး
နွားချီးတစ်ဗက်၊ ပစ်ခဦး
ထမင်းတစ်လုတ်၊ စာလီဦး
ရီလည်းတစ်မှုတ်၊ သောက်ခဦး
အမောအပန်းလည်း ၊ ဖြီခဦး
ကျီးဖြူရွာကား၊ မြောက်မှာစူးစူး၊ ဟီလီယင့်"ဟူ၏။

ထိုမှတစ်ဆင့် ကျွဲကျောင်းသားများထံ လမ်းညွှန်ပေးလိုက်လေ၏။ ယင်းသို့ ဆက်ကာ အစဉ်အတိုင်း မေးမြန်းသွားလေသော် နောက်ဆုံးဆိတ်ကျောင်းသားတို့ထံ ရောက်သွားခဲ့လေ၏။ ၎င်းတို့အားလည်း မေးမြန်းလေပြန်သဖြင့်. . .

"တောင်လည်းသုံးတောင်၊ ကျော်လီဦး
ကွင်းလည်းသုံးကွင်း၊ သန်းလီဦး
တောလည်းသုံးတော၊ ဖြတ်လီဦး
နောက်တစ်တောင်ပေါ်က
မျှော်ကြည့်လိုက်သော်
ကျီးဖြူရွာကို၊ မြင်ရလိမ့်မည်" ဟုပြောဆိုလေ၏။

ထိုနောက် ဆိတ်ကျောင်းသားများက လမ်းညွှန်ပြလို၍
"အရှိဖတ်က၊ ကြိန်တန်းရေ
အနောက်ဘက်က၊ စူးတန်းရေ (ညွတ်တန်းရေ)
အရှိလမ်းကိုလည်း၊ မလိုက်လီကေ့

အနောက်လမ်းကိုလည်း၊ မလိုက်လီကေ့
အလယ်ဖြောင့်ထိုး၊ လမ်းမ,ရိုးကိုရာ
လိုက်ပါလီလေ့။" ဟု ပြောဆိုပြပေးခဲ့ကြလေ၏။

လမ်းညွှန်အတိုင်းပြေးလေလျှင် ကျီးသားများနှင့် တွေ့ဆုံကြရလေ၏။ သူတို့က မေးလေသော် ပြေးလာကြောင်းကို ပြောပြခဲ့ရလေ၏။ ထိုအခါ အားလုံးက တယုတယပြု၍ ခေါ်ယူသွားကြလေ၏။ ကျီးဖြူမြို့သို့ ရောက်သွားခဲ့လေရာ တည်းခိုရန်နေရာကို ပို့ဆောင်ကြလိုသဖြင့်. . .

"ရွှေလှေ့ကားနှင့် တက်ပါမည်လား၊
ငွေလှေ့ကားနှင့် တက်မည်လား" ဟု မေးကြလေ၏။

သူငယ်မက သဘောနီးစွာ ပြန်ပြောသည်ကား. . .

"ရွှေလှေ့ကားနှင့်လည်း မတက်ပါ၊
ငွေလှေ့ကားနှင့်လည်း မတက်ပါ၊
မိဘထုံးစံ သစ်ပင်လှေ့ကားနှင့်
တက်ပါမည်" ဟု ဆိုလေ၏။

ကျီးဖြူတို့က ရွှေလှေ့ကား ထောင်ပေးပြီး တက်စေလေ၏။

ထိုနောက် နေရာထိုင်ခင်းပေးရန်အတွက်. . .

"ရွှေအခင်းနှင့် ထိုင်မည်လား၊
ငွေအခင်းနှင့်ထိုင်မည်လား" ဟုမေးကြလေ၏။

သူငယ်မကား စိတ်ကြီးလှသူ မဟုတ်ရကား. . .

"မိဘထုံးစံ သပေါ့စာ သပေါက်နှင့်ရာ ထိုင်ပါမည်" ဟု တောင်းဆိုလေ၏။

သို့သော်လည်း ရွှေသင်ဖြူးများ ခင်းပေး၍ ထိုင်စေလေ၏။

ထမင်းတည်ခင်းစဉ်. . .

"ရွှေလင်ပန်းနှင့်စားမည်လား၊
ငွေလင်ပန်းနှင့်စားမည်လား"ဟု မေးကြလေ၏။ သူငယ်မလည်း သဘောထားရိုးသားစွာဖြင့်ပင်. . .

"မိဘထုံးစံ၊ မြေလင်ပန်းနှင့်စားပါမည်"ဟု ပြောဆိုလေ၏။

ထိုအခါ ရွှေလင်ပန်း၊ ငွေလင်ပန်းနှင့် အပြည့်ထည့်၍ ကောင်းစွာ ကျွေးမွေးခဲ့ကြလေ၏။ ရေသောက်ရန် မေးသောအခါ "မိဘထုံးစံ မာလာခွံနှင့် သောက်ပါမေ" ဟု ပြောလေ၏။

ယင်းသို့ ကျကျနန ပြုစုလုပ်ကျွေးလျက် နေ့ရက်ကြာစွာ ထားရှိနေလာခဲ့လေသည်။ သို့သော်လည်း ကာလကြာသောအခါ သူငယ်မသည် မိခင်ကြီးကို သတိရလာ

လေ၏။ အောက်မေ့တ,သ လွမ်းဆွတ်ခြင်းကြောင့် ပြန်ချင်မှု ဖြစ်လာခဲ့ရလေ၏။ ထို့ကြောင့် မျက်ရည်များ တရွဲရွဲဖြစ်ကာ ငိုယိုခဲ့လေ၏။

ထိုအခါ ကျေးသားတို့က. . .

"မစားရလို့ရာ ငိုသလား၊ မပျော်လို့ရာ ငိုသလား" ဟု မေးခဲ့ကြလေ၏။

သူငယ်မကား. . .

"မပျော်လို့လဲ မဟုတ်ပါ၊ မစားရလို့လဲ မဟုတ်ပါ လွမ်းတ,လို့သာ ငိုမိစွာရာ"ဟု ပြောလေ၏။

မာလာခွံ - အုန်းမှုတ်

တရွဲရွဲ - ရွှမ်းရွှမ်းစို

ထို့ကြောင့် ဖြေဖျော်အားပေးကြလျက် ပြန်နိုင်ရေးအတွက် အစီအစဉ်ပြုခဲ့ကြလေ၏။ လက်ဆောင်ပေးရန် ရွှေ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြား ရတနာမျိုးစုံကို သတ်မှတ်ကြလေ၏။ ထိုရတနာမျိုးစုံကို အထုပ်တစ်ခုပြု၍ ထုပ်ပိုးကြလေ၏။ ထို့နောက် ပခြုပ်အထပ်ထပ်တွင်ထည့်လျက် ကောင်းစွာချုပ်စည်းကြလေ၏။

လမ်းတွင်စားသောက်ရန် ရိက္ခာအဖြစ်လည်း မပုပ်သိုးသောအစားအစာတို့ကို ပါ ပြင်ဆင်ကြလေ၏။ ပြန်မည့်နေ့တွင် လက်ဆောင်အထုပ်နှင့် ရိက္ခာအထုပ်တို့ကို ပေးနှင်းအပ်နှံကြလေ၏။ ပြန်ခါနီးကာလလည်း ဖော်ရွေဖက်ယမ်းနှုတ်ဆက်ခဲ့ကြလေ၏။ မှာကြားစရာများကို အသီးသီး ပြောဆိုမှာကြားခဲ့ကြလေ၏။

"ဤအထုပ်အပိုးတို့ကို သတိမလပ် ဂရုစိုက်ထားပါ၊ လမ်းတွင် မည်သူ့ကိုမှလဲ မအပ်မပေးလေနှင့်၊ ကြည့်ရှုချင်၍ ပြပါဆိုလဲ ဖွင့်မပြနှင့်၊ အိမ်သို့ချောမောစွာ အရောက်ကောင်းစွာ ဆောင်ယူသွားပါလေ၊ အိမ်သို့ရောက်လျှင် သားအမိ လူမသိ၊ ရှင်မမြင်သာရန် လုံခြုံသော အိမ်အခန်းထဲ၌ ညဥ့်အခါ တိတ်တဆိတ် ဖွင့်ကြည့်ကြလေ"ဟု သင်ကြားလိုက်ကြလေ၏။

သူငယ်မသည် လာလမ်းခရီးစဉ်အတိုင်း ဆိတ်ကျောင်းသား၊ ကျွဲကျောင်းသားများကို တွေ့၍ နှုတ်ဆက်ခဲ့လေ၏။ ကျေးဇူးတင်ကြောင်း၊ ဝမ်းသာအားရ ပြောဆိုခဲ့လေ၏။ အိမ်ရောက်သောအခါတွင် သားအမိနှစ်ယောက် ဖွင့်ကြည့်ကြလေ၏။ ထိုအခါ တစ်သက်စာ စားသောက်မကုန်နိုင်သော ရွှေငွေရတနာများကို တွေ့ကြရလေ၏။ ထို့ကြောင့် နေ့တွင်းချင်း ထင်းခွေခြင်း အလုပ်ကြမ်းမှ လွတ်ကင်း၍ အစဉ်ချမ်းသာကြွယ်ဝခဲ့ရလေ၏။ ရပ်ရွာသားများက သူတို့အဖြစ်ကို မြင်ကြရသဖြင့် "နီချင်းကြွယ်မ" ဟု ခေါ်ဝေါ်ကြလေ၏။

ထိုအဖြစ်ကိုသိသော အမျိုးသမီးတစ်ယောက်သည် နှမ်းတစ်ဖျာ လှမ်းလေ၏။ ကျီးဖြူတို့ရောက်လာ၍ စားသောက်စေကာ ခရီးစဉ်အတိုင်း ထွက်ပြေးဟန်ဖြင့်

လာခဲ့လေ၏။ ပထမသူငယ်မကဲ့သို့ မိဘထုံးစံကို မလိုက်ဘဲ စိတ်နေမြင့်လေသော ကြောင့် အဆင့်နိမ့်ဖြင့်သာ ပြုစုညှေ့ခံခဲ့ကြလေ၏။

ကာလအတန်နေစေပြီးလျှင် ပြန်ခါနီး၌ အထုပ်ပြုလုပ်၍ ပေးလိုက်ကြလေ၏။ အိမ်သို့ပြန်ရောက်လေသော် ထိုအထုပ်ကို တစ်အိမ်သားလုံး ဝိုင်း၍ ဖွင့်ကြလေ၏။ ရွှေငွေရတနာများ မပါရှိဘဲ အဆိပ်ပြင်းထန်သော မြွေချည်းထည့်ပါလာကြသဖြင့် တစ်အိမ်လုံး မြွေပေါက်၍ သေဆုံးခဲ့ကြရလေသတည်း။

# မောင်ရန်အောင် နှင့် ဓရစ်ဓမ

ရှေးအခါက ရွာတစ်ရွာတွင် မိသားစုတစ်စု နေထိုင်ခဲ့ကြလေ၏။ ထိုမိသားစုတွင် ကျောင်းသားအရွယ် မောင်ရန်အောင်ဟူ၍ လူငယ်တစ်ဦးရှိလေသည်။ ထိုလူငယ်သည် အိမ်မှကျောင်းသို့ စာသင်ရန် သွားရလေ၏။

တစ်နေ့သ၌ ကျောင်းတက်သွားစဉ် လမ်း၌ ချင်းရွှေနီစေ့တစ်စေ့ကို မြင်ရလေ၏။ ထိုအစေ့ကို ကောက်ယူကြည့်ရာ အလွန်လှပသည်ဟု ထင်မှတ်ခဲ့ရလေ၏။ ထို့ကြောင့် တယုတယအိမ်သို့ ဆောင်ယူလာခဲ့လေ၏။

အိမ်ရောက်သောအခါ မိခင်အား ပြလေ၏။

"မိခင် ဤအစေ့နှင့်တူသော အမျိုးသမီးငယ်ကို ရချင်သည်၊ ရှာပေးပါ" ဟုလည်း တောင်းလေ၏။ မိခင်က သားကို ကျောင်းတက်မပျက်စေလို၍ မရှာဘဲ နေလာခဲ့လေ၏။

သို့သော်လည်း သားက တစာစာပူဆာလေသောကြောင့်. . .

"ငါက ရှာ၍မရတတ်" ဟု ငြင်းပယ်လိုက်လေ၏။ သားက. . .

"မိခင်မရတတ်လျှင် ရှာပေးနိုင်သူကို ရှာခိုင်းပါ" ဟု ပြောဆိုပြန်လေ၏။ ထို့ကြောင့် မိခင်လည်း. . .

"မင်းအဘောင်ရှင်ထံ တောင်းချေ၊ ရှာပေးလိမ့်မည်"

ဟု ဖယ်ရှောင်ကာ ပြောလိုက်လေ၏။

သားငယ်သည် အဘွားကြီးထံ သွား၍ ထိုနည်းတူ တောင်းခံပြန်လေ၏။ အဘွားသည် မြေးမောင် အပူကပ်မှုကို မလွှဲရှောင်သာ၍ ဤသို့ ပြောလိုက်လေ၏။

"ငါ့မြေး ထိုသို့လိုချင်ဆိုသည်က ငါပြောမည်၊ ငါ့အိမ်ခေါင်းရင်းမှာ ငှက်ပျောပင်တစ်ပင်ရှိချေသည်၊ အပင်ကို ဓားနှင့်ခုတ်၍ ရှာကြည့်က ရကောင်းရနိုင်လိမ့်" ဟုဆို၏။

သူငယ်လည်း ဝမ်းသာအားရနှင့် ဓားမကြီးကိုယူ၍ ခုတ်လှဲလေ၏။ ငှက်ပျောပင်လဲကျသောအခါ တစ်ဖက်ချင်း အခွံခွာ၍ ရှာလေ၏။ အထဲအရောက်တွင် သန္ဓေတည်နေသော အလှမယ် သူငယ်မတစ်ယောက်ပေါ်ထွက်လာခဲ့လေ၏။ သို့သော် နုထွတ်လှရာကား မိမိဘာသာ မရပ်မသွားတတ်ချေ။ ထို့ကြောင့် အိမ်သို့

သယ်ဆောင်ရန် ရွက်ပိုးယူလေ၏။

အဘွားအိမ်နှင့် မိခင်နေအိမ်မှာ အတော်ဝေးချေ၏။ တပါတည်းမသယ်နိုင်၊ လေးလံ၍ လမ်းခုလတ်တွင် တစ်ထောက်စီနားခဲ့ရလေ၏။ ယင်းသို့ ရပ်နားသယ်ခဲ့ရာ ရေကန်ကြီး တစ်ကန်အနီးသို့ ဆိုက်မိလေ၏။ ထိုကန်ပေါင်အနီးတွင် ညောင်ပင်ကြီးတစ်ပင် ခက်လက်ဝေဖြာလျက်ရှိလေ၏။ သူငယ်သည် ထိုမိန်းကလေးကို ညောင်ပင်ခွ၌တင်၍ ခေတ္တထားခဲ့လေ၏။

ထိုနောက်မှ ပြန်ကြည့်ပြန်ကြည့်နှင့် အကြံပြုလေ၏။ တစ်ပါတည်း မယူသေးဘဲ အိမ်ကပြန်လာပြီးမှယူရန် စိတ်ဆုံးဖြတ်လိုက်လေ၏။ သူ၏စိတ်သဘောအရ ခေတ္တထားခဲ့ကာ အိမ်သို့ ပြန်သွားလေ၏။ သူမသည် ကိုယ့်ဘာသာ မဆင်းတတ်ဘဲ ထားမြဲတိုင်းပင် ကျန်နေရစ်ခဲ့ရလေ၏။

ရွာနီးစပ်များသည် ရေကန်သို့ မပြတ်ရေခပ်လာလေ့ရှိကြ၏။ သူငယ်ပြန်သွား၍ မကြာမီ သူဌေး ကျွန်မတစ်ယောက်ရေခပ်ရန် ရောက်လာလေ၏။ ကျွန်မ၏အမည်မှာ ရုပ်ရည်ပြည့်ဝ သနားကမားရှိလှသူဖြစ်ပြီး "ပြည့်ဝန်းမ"ဟူ၍ ခေါ်တွင်ကြလေ၏။

သူဌေးကျွန်မ ပြည့်ဝန်းမ ရောက်လေလျှင် ညောင်ပင်ခွကို ကြည့်ရှုမိလေ၏။ ထိုအခါ ငှက်ပျောမေသန္တေသူသည် အပင်ခွကြားမှ ခေါင်းပြူထွက်နေလေ၏။ သူမ၏ ကိုယ်ခန္ဓာမှလည်း အရောင်အဝါများ ထွက်၍ ဝင်းပြောင်လျက်ရှိလေ၏၊

သို့သော် ငှက်ပျောမေကိုကား မမြင်ရသဖြင့် မိမိကိုယ်ရောင်ဟု မှတ်ထင်ခဲ့လေ၏။

ထို့ကြောင့် ပြည့်ဝန်းမလည်း ဝမ်းသာအားရဖြစ်လာခဲ့လေ၏။

ထို့နောက် မိမိကိုယ်ကို ပျော်မဆုံးဖြစ်ကာ. . .

"ဇာသူမလှ၊ ပြည့်ဝန်းမ လှရေ၊

ဇာသူမက၊ ပြည့်ဝန်းမ ကရေ၊

ပြည့်ဝန်းမအရောင်၊ ကန်ပေါင်လုံးမှာ၊

ဝင်းဝင်းပြောင်လေ၊ ဝင်းဝင်းပြောင်. . .။ ဟုဆိုလျက် ကခုန်နေလေ၏။

ပြည်ဝန်းမ ပျော်ရွှင်နေသည်ကို ငှက်ပျောမေ ကြည့်ရှုမိလေသော် တခိခိ ရယ်မောလေ၏။ သူငယ်မ၏ရယ်မြူးသံကို မကြာမီ ပြည့်ဝန်းမလည်း ကြားသိခဲ့ရလေ၏။

ထိုအခါ ညောင်ပင်ကို မျှော်ကြည့်လိုက်လေရာ အလွန်၊ အဆင်းလှသော မိန်းမငယ်တစ်ယောက်ကို မြင်ရလေ၏။

ပြည့်ဝန်းမလည်း မိမိက၊ မိမိပျော်မိနေသည်ကို ရှက်ကိုးရှက်ကန်းဖြစ်ခဲ့ရ

လေ၏။ ရှက်ရမ်းရမ်း၍ ငှက်ပျောမေကို နှုတ်ဆက်ဟန်ဖြင့် 'ကွမ်းတရာပေးပါလော့' ဟု တောင်းလေ၏။

'ကွမ်းက ပေးလိုပါ၏၊ ကွမ်းရွက်က မပါလာ' ဟု ငှက်ပျောမေက ပြောလေ၏။

ပြည့်ဝန်းမက 'ညောင်ရွက်ကို ကွမ်းရွက်လုပ်၍ ပေးလှည့်ပါ' ပြန်ပြောလေ၏။

'ကွမ်းသီးက မရှိပါ'ဟု ဆိုလေလျှင်. . .

'ညောင်သီးကို ကွမ်းသီးလုပ်၍ ပေးပါလော့' ဟု ပြောလိုက်လေ၏။

'ထုံးက မရှိပါလား' ဟု ငှက်ပျောမေက ပြောသော်. . .

'ညောင်စေးကို ထုံးလုပ်၍ ယာပေးပါ' ဟု ပြောလိုက်လေ၏။

ထိုအခါ သန္တေမကလည်း သဘောရိုးစွာ ထင်မှတ်၍ ချပေးကမ်းလေ၏။ ညောင်ကွမ်းယာကျလျှင် ပြည့်ဝန်းမ မကောက်ဘဲ ကန်ထဲသို့ ကျသွားဟန်ဆောင်နေ၏၊ ရေထဲသို့ကျသွား၍ မရမိ။ 'နောက်တစ်ယာ လှမ်းပေးပါ'ဟု တောင်းလေ၏။

ထပ်မံ၍ ကွမ်းချပြန်ရာ၊ ထိုကွမ်းယာလည်း ရေထဲကျသွားသည်ဆိုကာ မစားလိုက်ရကြောင်း ပြန်ပြောလေ၏။

ထိုနောက် ပြည့်ဝန်းမက အကြံနှင့် နောက်တစ်ကြိမ်တောင်းလေ၏။ 'ဤတစ်ချီတွင် ရေထဲမကျစေနှင့်၊ ဆံပင်ဖျားမှာ ချည်တုပ်၍ ချကမ်းပါ'ဟု ပြောလေ၏။

ငှက်ပျောမေလည်း အကယ်ယုံမှတ်၍ ပြည့်ဝန်းမ ပြောတိုင်းပြုလုပ်ကာ ချပေးလေ၏။ ထိုအခါ လက်နှင့်လှမ်းယူ၍ ဆံပင်ကို ဆွဲငင်ချလိုက်လေ၏။ ထို့ကြောင့် ငှက်ပျောမေမှာ ကန်ထဲသို့ လူးလိမ့်ကျသွားခဲ့ရလေ၏။

ရေကန်ထဲအရောက်တွင် ငှက်ပျောမေ ဘဝပြောင်းလေ၍ ကြာတစ်ပွင့် ဖြစ်သွားလေ၏။ ငှက်ပျောမေနေရာတွင် တက်ရောက်၍ အစားထိုင်နေလေ၏။ မကြာခင် တင်ထားခဲ့သူ ကျောင်းသားသူငယ်လည်း ပြန်ရောက်လာလေ၏။ ယူရန်ပြုသော် ညောင်ခွကြားတွင် ငှက်ပျောမေမရှိဘဲ ပြည့်ဝန်းမကိုသာ တွေ့ရလေသည်။

သူငယ်သည် ပြည့်ဝန်းမကို မြင်လျှင် ယုံမှားဖြစ်လေ၏။ 'ဤသူငယ်မကား ရုပ်ရည်မလှပ၊ အသားလည်း မဖြူ မည်သို့အသွင်ဖြစ်ခဲ့ရလေသနည်း'ဟု စိတ်ထဲတွေးတောလာ၏။

ထိုနောက် 'နင့်အသားအရည် မည်သို့ မည်းနက်ရလေသနည်း'ဟု မေးလေတော့၏။

ပြည့်ဝန်းမက 'နေပူခံ၍ မည်းခဲ့ရသည်'ဟု လိမ်လည်ပြောလေသည်။

သူငယ်သည် အဟုတ်မှတ်ထင်၍ ညောင်ခွမှချလျက် အိမ်သို့ဆောင်ယူသွားလေသည်။ ပြည့်ဝန်းမကို အိမ်တွင်ထားခဲ့ပြီးနောက်၊ ၎င်းသူငယ်သည် ရေချိုးရန် ရေကန်သို့ တစ်ဖန်ပြန်လာလေ၏။ ရေဆင်းခပ်လေသော် ထိုကြာပွင့်သည် သူငယ်

ထပ်ပါးသို့ထိ ချဉ်းကပ်လာလေ၏။ တဖြည်းဖြည်းနှင့်ခြေရင်း၌ ကပ်၍ထပ်လျက်နေလာလေ၏။

"ကြာပန်းတစ်ပွင့် ထူးဆန်းချေတကား" ဟုအောက်မေ့၍ ဆွတ်ခူးထားလေသည်။

ရေမိုးချိုးပြီးနောက် ထိုကြာပွင့်ကို ယူလာလျက် ခေါင်းရင်းထရန်တွင် ချိတ်ဆွဲထားလေ၏။ ညဉ့်ကာလ ပြည့်ဝန်းမနှင့် သူငယ်တို့ အိပ်ပျော်နေစဉ်၊ ထိုကြာပွင့်မှ လက်တစ်ဖက်ထွက်ပေါ်လာခဲ့လေသည်။ ထိုနောက် ပြည့်ဝန်းမ၏နှာရောင်ကို ထိုလက်သည် ထိနှက်လိုက်လေသည်၊ အကြိမ်ကြိမ်ထိနှက်ခံရသောအခါ ဒေါသဖြစ်ခဲ့ရလေ၏။ သို့သော် တစ်ယောက်ကိုမျှ အသိမပေးဘဲ ထားလေ၏။

နောက်တစ်နေ့ ပြည့်ဝန်းမသည် အိပ်ပျော်နေဟန် ဆောင်လျက်စောင့်လေသည်၊ ထိနှက်နေကြ ထိုလက်လည်း ကြာပွင့်မှ အသာထွက်၍ ပြည့်ဝန်းမကို ပုတ်ခတ်ပြန်လေ၏။ ထိုအခါ လက်သည်ကို ဖမ်းမိလေသဖြင့် ကြာပွင့်ဖျစ်နယ်၍ ပြတင်းပေါက်မှ ပစ်ချလိုက်လေသည်။

ပစ်ချခံရသော ထိုကြာပွင့်သည် ဥသျှစ်သီးဖြစ်သွားခဲ့လေ၏။ ထိုအသီးသည် ညဉ့်တွင်းချင်း အပင်ပေါက်လေ၏။ ထိုအပင် တစ်ဖန် ကြီးလေ၍ အသီးတစ်လုံး သီးနေလေသည်။

မနက်မိုးလင်းသောအခါ ပြည့်ဝန်းမသည် ဥသျှစ်ပင်အောက်မှ ဖြတ်သန်းသွားမိလေသည်။ ထိုအခါ ဥသျှစ်ပင်မှ အသီးသည် အလိုလို ညွတ်ကျလျက် ပြည့်ဝန်းမ ဦးခေါင်းကို ကန်ကျောက်လေ၏။

ပြည့်ဝန်းမလည်း 'ငါ့ဦးခေါင်းကို ဘယ်သူကန်ကျောက်လေသနည်း'ဟု မျှော်ကြည့်မိလေသည်။

လူတစ်ဦးတစ်ယောက်မျှ မမြင်ရဘဲ ဥသျှစ်သီးတစ်လုံးကိုသာ မြင်ရလေ၏။ သူမလည်း 'ဤအသီးပင် ဖြစ်ရာသည်'ဟု အမျက်ထွက်၍ ဆွတ်ခူးပစ်လေသည်၊ ထိုအသီးကို တစ်ဖန် သူငယ်၏အဘွား မြင်တွေ့သဖြင့် ကောက်ယူထားလေ၏။ မှည့်ရွှမ်းစေရန် သဘောဖြင့် မြေအိုးထဲတွင်ထည့်၍ အုပ်မှည့်ထားလေ၏။

ထိုဥသျှစ်သီးကား မကြာမီ အိမ်ဖော်ဖြစ်လာခဲ့လေ၏။ အဘိုးအဘွားတို့ ညဥ့်အိပ်နေစဉ် အိုးထဲမှ ထွက်၍ အိမ်မှုကိစ္စဆောင်ရွက်ပေးလေ၏။ ထမင်းဟင်းပါ မကြွင်းချက်ပြုတ်ထားလေ၏။ ကိစ္စဝိစ္စပြီးလျှင် အိုးထဲသို့ ပြန်၍ ဝင်ရောက်နေလေ၏။ မိုးလင်းသောအခါ ချက်ပြီးသား ထမင်းဟင်းများကို ထိုအဘိုးအဘွား အိမ်သားများ တွေ့ရှိကြရလေ၏။

---
ဥသျှစ်သီးကို ရခိုင်က အရစ်သီး၊ ဝရစ်သီးဟု ခေါ်ကြသည်။

အဘိုးအဘွားများလည်း အံ့အားသင့်ခဲ့ကြလေ၏။

"ထူးဆန်းလှချေသည်၊ မည်သူချက်ထားလေရသနည်း" ဟု စဉ်းစားမရ ဖြစ်နေကြလေ၏။

ထိုသို့ဖြစ်နေစဉ် အိမ်တွင် မွေးစားထားသော ကြက်ဖကြီးက တစ်ဖန် . . .

"လက်မစင်၊ ခြံမစင်၊

ချက်တေထမင်း၊ ချက်တေဟင်း၊

လိုကားရင်းမှာ မှောက်ခုံ၊

ကိကရီကြီး၊ ကောက်ကရဦကောက်" ဟူ၍ တွန်းကျူးလေ၏။

ကြက်ဖကြီးတွန်းသံလည်း ထူးဆန်းပြန်ရကား၊ ထိုထမင်းကို မည်သူမျှ မစားဝံ့ ရဲချေ။ ထို့ကြောင့် နှမ်နှမြောသွန်ချပစ်ခဲ့ကြလေ၏။

နောက်တစ်နေ့တွင် ညဥ့်မအိတ်ဘဲ စောင့်ရင်း ချောင်းမြောင်းနေခဲ့ကြလေ၏။ ထွက်နေကျ ဥသျှစ်သီးလည်း အိုးထဲမှ ထွက်လာလျှင် ဖမ်းဆီးခဲ့ကြလေ၏။ အိမ်ရှင်အဘိုးအဘွားတို့က ၎င်းအား . . .

"နင် . . . မည်သူနည်း" ဟု မေးစစ်ကြလေ၏။

ထိုအခါ မကွယ်ဝှက်ဘဲ . . . "ငါ . . . ငှက်ပျောမေ"ဟု အမှန်ကို ဝန်ခံပြောဆိုလေ၏။

သန္ဓေသူဖြစ်မှန်းသိရလျှင် အိမ်တွင် ကောင်းစွာထားရှိလေ၏။

ထိုသတင်းကို မကြာမီ သူငယ်လည်း ကြားသိခဲ့လေ၏။ ထို့ကြောင့် အဘိုးအဘွားတို့အိမ်သို့ လာရောက်၍ ကြည့်လေ၏။ ငှက်ပျောမေ အစစ်အမှန်ဖြစ်နေသည်ကိုသိရသဖြင့် . . .

"ငါ့မယားသာတကား"ပြောဆိုလေ၏။

ထို့နောက် အပိုင်ခံယူလျက် မိမိအိမ်သို့ ခေါ်ဆောင်ခဲ့လေ၏။

အိမ်ရောက်သောအခါ ပြည့်ဝန်းမကလည်း . . .

"ငါသာ ငှက်ပျောမေ အစစ်ဖြစ်သည်"ဟု ပြောလေ၏။

ထိုအခါ အမှန်သိစေရန် ဆို၍ သံဓားတစ်စင်းနှင့် ကြေးဓားတစ်စင်းကို ယူ၍ ချလေ၏။

"နင်တို့ နှစ်ယောက်သည် ဓားနှစ်လက်ကို လုယက်ကြ" ဟု ပြောဆိုလျက် စောင့်ကြည့်နေလေ၏။

သူငယ်မတို့နှစ်ယောက်လည်း အရအမိ လုယက်ကြလေ၏။ ထိုအခါ ငှက်ပျောမေက သံဓားကို လက်ဦးရသွားလေ၏။ ပြည့်ဝန်းမမှာ ကြေးဓားကိုသာ ရရှိလိုက်လေ၏။ သံဓားလက်ဝယ်ရထားသူသည် ကြေးဓားရထားသူအား ပြိုင်ဆိုင်ရန်

စိန်ခေါ်လေ၏။ အချင်းချင်း အလျှော့မပေးကြလေသော ငှက်ပျောမေ သံမားအား ကိုးနှင့် တအားကုန်ခုတ်ပိုင်းခဲ့လေတော့၏။ ထိုအခါ ပြည့်ဝန်းမမှာ မခုခံ မတွန်းလှန်နိုင်ဘဲ ပွဲချင်းပြီး သေဆုံးသွားခဲ့ရလေ၏။

လင်လုပွဲဖြင့် အနိုင်ရခဲ့သော ငှက်ပျောမေကို ထိုသူငယ်လည်း စင်တော်ကကောက်၍ မယားမြှောက်ခဲ့ရလေ၏။

သူမသည် ငှက်ပျောပင်၌လည်းကောင်း၊ ကြာပွင့်၌လည်းကောင်း၊ ဥသျှစ်သီး၌လည်းကောင်း၊ သုံးဘဝ သန္ဓေဇဖြစ်လာခဲ့ရလေ၏။ ထိုနေ့မှစ၍ ၎င်းတို့လင်မယား အသက်ထက်ဆုံးတပျော်တပါး ပေါင်းသင်းနေထိုင် သွားခဲ့ကြလေသတည်း။

# မြို့စားကြီးနှင့် မင်းသုံးမင်းဆောင်

ရှေးအခါက မြို့စားကြီးတစ်ယောက် ရှိခဲ့လေသည်။ ၎င်းသည် ဆပ်ပြာမွှေးကို အသုံးမပြုဘူးချေ။ တိုင်းပြည်တွင်း၌ အသုံးပြုနေကြသည်ကိုလည်း မကြားမသိသေးချေ။ ဆပ်ပြာမွှေးရောင်းသူများက ရောင်းကုန်တွင်ကျယ်လို၏။ ထို့ကြောင့် နည်းအမျိုးမျိုးကို ကြံဆောင်၍ ကြော်ငြာခဲ့ကြသည်။

"မင်းသုံးက၊ ဓားတုံးထက်" ဆိုသည့်အတိုင်း အကြီးအကဲများနှင့် ချဉ်းကပ်၍ ကြော်ငြာခဲ့ကြသည်။ အကြီးအကဲများထံ ကြော်ငြာအဖြစ် လက်ဆောင်ပို့၍လည်း ဖြန့်ဝေပေးခဲ့ကြလေသည်။ ကုန်သည်များ၏ နည်းပရိယာယ်ကြောင့် ဘုရင်ခံ၊ နယ်စား၊ မြို့စားများထံပါမကျန် ဆပ်ပြာမွှေးများ ပျံ့နှံ့သွားခဲ့ရပေသည်။

တစ်ခါသော် ထိုမြို့စားထံသို့ ကြော်ငြာအဖြစ် ဆပ်ပြာမွှေးများ လက်ဆောင် ရောက်ရှိလာခဲ့သည်။ အခြွေအရံတို့ကလည်း အမြတ်တနိုးပစ္စည်းဖြစ်၍ မြို့စားကြီးကို အသုံးပြုစေချင်သည်။ ထို့ကြောင့် မြို့စားကြီး စားတော်ခေါ်ချိန်တွင် စားတော်ပွဲ၌ ထည့်သွင်းပေးခဲ့ကြလေ၏။

မြို့စားကြီးသည် တစ်ခါမျှ မသုံးဘူးသော ထိုပစ္စည်းကို အထူးအဆန်းအဖြစ်သာ မှတ်ထင်ရှိခဲ့လေ၏။ စားပွဲထိုးသူများကိုလည်း မမေးမိသဖြင့် စားရအံ့သော မစားရအံ့လော စဉ်းစားမရဖြစ်နေသည်။ စားကောင်းသောအစာ၊ ဆေးကြောဖွယ်အရာဟူ၍ ခွဲခြား၍ မသိချေ။ ကြိုတင်အသိပေးထားခြင်းလည်း မပြုခဲ့ကြရာကား ဇဝေဇဝါဖြစ်လျက် ရှိနေသည်။

စားတော်ခေါ်စဉ် စားချင်သော အာသာဖြစ်လျက်ရှိနေပေ၏။ တပ်မက်နေသည့်အလျောက် စားနေကျ အစာအာဟာရကို အရေးမထားဘဲ ထူးဆန်းနေသော ထိုဆပ်ပြာမွှေးကိုပင် ဦးစွာကောက်ယူခဲ့လေ၏။ ထို့နောက် မဆိုင်းမငံ့ဘဲ တစ်လုပ်စာ ဖဲ့ယူလျက် ပလုတ်ပလောင်း ဝါးမျိုစားသောက်လိုက်လေသည်။ ထိုအခါ ငန်သလက် ငန်ပျပျအရသာကို တွေ့ရလေ၏။

မြို့စားကြီးကား အရသာမကောင်းမှန်းသိရသော် "ငါစားမိသည်မှာ မှားလေပြီ"ဟု အောက်မေ့လေ၏။ သို့သော်လည်း မိမိအမှားကို လူများမသိစေလို။ သိရှိခဲ့လျှင် အောက်ကျသွားမည်ကို စိုးရိမ်လေ၏။ ထို့ကြောင့် ထွေးအန်ပစ်ခြင်း မပြုရဲဘဲ ကြိတ်မှိတ်လျက်သာ မျိုချခဲ့ရလေ၏။

ထို့နောက် ဟန်မပျက်စေဘဲ ဣန္ဒြေဆောင်လျက် စားတော်ဆက်ခေါ်ခဲ့လေ

၏၊ သို့သော် လျှာအာ ပါးစပ်များကား ထုံကျဉ်ကျဉ်ရှိနေသဖြင့် ပလုတ်ကျင်းကာ ရေဆေးရလေ၏။ ထိုအခါ ဆပ်ပြာမြှုပ်များထွက်လေ၍ ဖုံးမတိမ်သကဲ့သို့ ဖြစ်ခဲ့ရ၏။

ထို့ကြောင့် မိမိ၏အမှားကို ရှက်ကိုးရှက်ကန်းဖြစ်ကာ "ဒီဟင်းကတော့ ကောင်းကားမကောင်းလှဘူး၊ သို့သော်လည်း မင်းသုံးမင်းဆောင် ဖြစ်၍သာ စားရခြင်းဖြစ်သည်၊ ငန်ဖျာသလို နိုင်လှသည်"ဟူ၍ ဆိုလိုက်လေသတည်း။

# ဖန်သလီ ဖန်သလက်

ရှေးက တောကျေးလက်မှ ဧည့်သည်တစ်ယောက်မြို့သို့ အလည်ရောက်လာသည်။ သိက္ခမ်းခင်မင်သော မြို့သားမိတ်ဆွေက လက်ခံထားလေသည်။ မြို့သားအိမ်ရှင်မှာကား ခေတ်ပေါ်ပစ္စည်းများကို အသုံးပြုလျက်ရှိနေသည်။ တောသားဧည့်သည်မှာမူ မိရိုးဖလာ ပစ္စည်းကိုသာ အသုံးပြုလာဖူးသည်။

ဧည့်သည်ကို လောကွတ်ပျူငှာစွာဖြင့် ဧည့်ခံလေသည်။ ညစာ ထမင်းဟင်းဖြင့် တည်ခင်းကျွေးမွေးလေသည်။ မှောင်မိုက်လာသောကာလ မီးထွန်းညှိရန်လည်း ဖယောင်းတိုင်ကို အသင့်ချပေးထားသည်။

ဧည့်သည်သည် ဖယောင်းတိုင်ကို အသုံးပြုလေ့မရှိ။ မြင်လည်း မမြင်ဘူးချေ။ အစဉ်အလာအရ ကညင်ဆီ၊ ပျားဖယောင်းဆီ၊ ရေနံဆီ၊ မုန်ညင်းဆီ၊ ပဲဆီတို့ကိုသာ မီးညှိထွန်းလာခဲ့ဖူးသည်။ ထို့ကြောင့် ဖယောင်းတိုင်ကို မီးထွန်းညှိရန် ဟူ၍မသိဘဲရှိလေ၏။

ပြင်ဆင်ပြီးသားစားပွဲတွင် အသင့်ဝင်၍ ထမင်းစားသောက်ခဲ့လေ၏။ ဟင်းမှာ အမဲ၊ သားငါးစုံလှသော်လည်း စားဖူးပြီးသည့် အစာအဟာရဖြစ်နေ၍ မထူးဆန်းလှချေ။ ထူးဆန်းသောအရာမှာ ဖယောင်းတိုင်ပင်ဖြစ်နေရာ ဟင်းလျာစားစရာ တစ်မျိုးတစ်မည်လောဟု ထင်မှတ်ခဲ့ရလေသည်။

စိတ်ဝင်စားနေသော အထူးအဆန်း ဖယောင်းတိုင်ကို ဦးစွာ ကောက်ကိုင်မိလေသည်။ ထို့နောက် အာသာတန်းတန်းဖြင့် စားမျိုမိလေ၏။

သို့သော် မှန်းသည့်အတိုင်း မကောင်းဘဲ ဖုန်ဖတ်ဖတ်အရသာကိုသာ ခံစားရလေ၏။

ထိုအခါ ဧည့်သည်က. . .

"ဖန်သလီ ဖန်သလက် မကောင်းကာ" ဟု ရယ်ရွှန်းဖတ်ရွှန်းနှင့် မိတ်ဆွေအား ပြောဆိုမိလေ၏။ မိတ်ဆွေလည်း ဣန္ဒြေမဆည်နိုင်ဘဲ အန်ထွက်မတတ်တဝုန်းဝုန်း ရယ်မောခဲ့ရလေသတည်း။

---

ဖုန်ဖတ်ဖတ် = ပေါ့ပြက်၊ ဖန်တိဖန်တွတ်၊

ဖန်သလီ ဖန်သလက်(ဖန်သလီ ဖန်သလာ)=ဖန်တလီ ဖန်တလာ

# ကိုယ်ရောဂါ ကိုယ်သာသိ

တစ်ခါတုန်းက အလုပ်ကိစ္စနှင့် တောကလူတစ်ယောက် မြို့သို့ရောက်လာသည်။ လှေဖြင့်လှော်ခတ်သွားခဲ့ရသဖြင့် ပင်ပန်းနွမ်းရိနေသည်လည်း ဖြစ်လေသည်။ ထိုကြောင့် မြို့သို့ ခရီးရောက်မဆိုက် နီးရာဆိုင်တစ်ဆိုင်သို့ အပြေးအလွှား ဝင်သွားခဲ့လေသည်။

အစာ ဆာမွတ်နေသည့်အလျောက် မုန့်ပဲသရေစာစားလိုလှသဖြင့် မျက်စိသိုင်းဝန်း၍ ကြည့်မိရာ အမွှေးဆပ်ပြာခဲများကို တွေ့မြင်ရလေ၏။ အရောင်အဆင်းအမျိုးမျိုးရှိသော ဆပ်ပြာခဲများ ပြန့်ကြဲလျက်ရှိနေသည်။

ခရီးသည်သည် ဆပ်ပြာခဲမှန်း လုံးဝမသိ။ မုန့်တစ်မျိုးမျိုးသာဖြစ်မည်ဟု အောက်မေ့မှတ်ထင်လေ၏။ စားချင်အားကြီးနေသည်နှင့် အလောတကြီး ဈေးနှုန်းကို မေးမြန်းခဲ့လေ၏။ ထိုနောက် မဆိုင်းမတွန့်ဘဲ ချက်ချင်းကောက်ယူစားသောက်လိုက်လေသည်။

စားပြီးသောအခါတွင်မှ မုန့်အရသာ မဟုတ်ကြောင်း သတိထားမိလေ၏။ သို့သော် မှားသည်ကိုကား အရေးမထားနိုင်ချေ။ အရှက်မရစေရန်သာ ဣန္ဒြေမပျက်ဘဲ စားမြဲဆက်စားလေတော့၏။

၎င်းအား အနီးရှိ လူတစ်ယောက်က မြင်လေသော်. . .

"ဤလူမုန့်မှန်း ဆပ်ပြာခဲမှန်းမသိ၊ ဘယ်က လူထူးလူဆန်းလေနည်း" ဟု အံ့အားသင့်လေ၏။

ထိုနောက် မနေသာဘဲ. . .

"မိတ်ဆွေ ဤသည်မှာ ဆပ်ပြာခဲပါ၊ စားစရာမုန့်မဟုတ်ပါ"ဟု ပြောလေ၏။

ထိုအခါ ၎င်းက မိမိအရှက်ကို ပြန်ဖုံးမိရန် ရှောင်တခင် ပြန်ပြောလေ၏။

"ကျွန်ုပ်သိပါသည်၊ ကိုယ့်ရောဂါကို ကိုယ်သိကြပါသည်၊ ဆပ်ပြာစားမှ ကိုယ့်ရောဂါက သက်သာရာ ရပါသည်"ဟု ဖြတ်ထိုးဉာဏ်သုံးခဲ့လေ၏။

ထိုနောက် တန်ဖိုးပေးဆပ်ကာ ဆိုင်မှ 'မှင်သေ'မပျက်ဘဲ ထွက်ခွာသွားလေသတည်း။

---

မှင်သေ= ဟန်အမူအရာမပျက်ဘဲ

# ကြောင်သူခိုးတော်

ရှေးအခါက တောချုံတစ်ခု၌ ကြက်မတစ်ကောင် ကျက်စားနေထိုင်လျက်ရှိခဲ့လေ၏။ ကြောင်တစ်ကောင်သည်လည်း ထိုတောသို့ ရောက်လာ၍ နေထိုင်လေ၏။ ကြက်မကား ပိုးမွှားများကိုယက်၍ ရှာဖွေစားသောက်လေ၏။ ကြောင်မှာ အသားငါးများကိုသာ စားသောက်ခဲ့လေ၏။

ကြက်မအတွက် အစာရှာစားရလွယ်၏။ ကြောင်အဖို့ရာ အစာရှာရခက်ခဲလေ၏။ ထိုကြောင့် ကြက်မသည် အစာဝဖြိုးသော်လည်း ကြောင်ကား အစာခေါင်းပါးလေ၏။ သို့နေလာခဲ့ကြရာမှ ကြောင်သည် အစာငတ်၍ ပိန်ချုံးလာခဲ့ရလေ၏။

တစ်နေ့သ၌ ကြောင်သည် ကြက်မကို တွေ့မြင်မိလေ၏။ "ဤကြက်မကား အစာကောင်းရာတွင် ကျက်စားလေရာသည်၊ ကြက်မကို မိတ်ဖွဲ့မှသာလျှင် ငါလည်း အစာကောင်းစား၍ ဆူဖြိုးလာရမည်"ဟု အောက်မေ့လေ၏။

ထို့ကြောင့် ကြက်မကို မိတ်ဆွေဖွဲ့ဟန်ဆောင်ခဲ့လေ၏။ ကြက်မနှင့်ကြောင်သည် မယုံကြည်ကြသော မိတ်ဆွေဖြစ်လာခဲ့ကြလေ၏။ ကြက်မသည် ကြောင်ကို စိတ်မချ၊ အန္တရာယ်ဖြစ်လာမည်ကို စိုးရိမ်လေသည်၊ ကြောက်လန့်သောအားဖြင့်သာ မိတ်ဆွေဖွဲ့ခဲ့ရ၏။ သို့သော် အသင့်အတင့်သဘောကို ထားလျက် အလိုက်အသင့် ပေါင်းဖက်လာခဲ့ရလေ၏။

ကြောင်လည်း အခွင့်အလမ်းကို ချောင်းလျက်သာ နေလာခဲ့လေ၏။

တစ်နေ့တွင် ကြောင်က. . .

"မိတ်ဆွေ အဘယ်မှာ အစာရှာ သွားမည်နည်း"ဟု မေးလေ၏။

ကြက်မက "မြောက်ဘက်အရပ်သို့ သွားမည်"ဟု ပြောလေ၏။ သို့သော် စိတ်မချ၍ အစာရှာစဉ် တောင်ဘက်အရပ်သို့ သွားရောက်အစာရှာစားခဲ့လေ၏။ နောက်တစ်နေ့တွင် မေးရာ "တောင်အရပ်သို့ သွားမည်"ဟု ပြော၍ မြောက်အရပ်သို့ လွှဲဖယ်သွား၏။

ကြက်မပြောခဲ့ရာသို့ ကြောင်လည်း သွားရောက်ရှာဖွေလေ၏။ တစ်ခါမှ မတွေ့ရသဖြင့် ထပ်မံ၍ မေးမြန်းခဲ့လေ၏။

ထိုအခါ ကြက်မက. . .

"အသင် မရှာ၍ဖြစ်မည်၊ နက်ဖြန် အနောက်ဘက်ကို လာခဲ့လော့"ဟု မှာထားလေ၏။

သို့သော် အရှေ့ဘက်သို့လှည့်ကာ ရှာစားခဲ့သဖြင့် လွဲခဲ့ရလေ၏။ နောက်တစ်နေ့ "အရှေ့ဘက်ကိုသွား၍ ရှာမည်"ဟု ပြောသွားကာ အနောက်အရပ်သို့ ရှောင်သွားလျက် ရှာစားနေလေ၏။ ထိုကြောင့် တစ်ခါမှ ရှာမရဘဲ တလွဲစီသာဖြစ်ခဲ့ကြရလေ၏။

ကြောင်က ကြက်မကို ရှာမတွေ့လေသော် ဒေါသဖြစ်လာခဲ့လေ၏။

အမှန်ကိုမပြော၊ လိမ်လည်မှုသားဆို၍ ရှောင်ရှားနေသည်ဟု အောက်မေ့လာခဲ့သည်။ ထို့ကြောင့် အခွင့်မသာလေ၍ ကြက်မသည် အသက်ချမ်းသာစွာ ရှိလာခဲ့လေ၏။

တစ်နေ့သ၌ ကြောင်သည် ကြက်မကို အတွေ့ခဲ့လေ၏။ တွေ့လျှင် လက်မလွှတ်တော့ဘဲ. . .

"ယနေ့ သင့်ကို ငါစားရလိမ့်မည်"ဟု ပြောလေ၏။

ကြက်မကား. . .

"ငါ့ကိုမစားမီ အသနားခံပါရစေ"ဟုတောင်းဆိုလေ၏။

သဘောတူညီသဖြင့် ကြက်မသည် ခေတ္တအခွင့်အရေး ရရှိလေ၏။ ထိုကြောင့် ကြက်မသည် ကြက်ချေးတစ်တုံးကိုယိုချ၍ ကြက်ဥတစ်ဥကိုလည်း ဥချထားခဲ့လေ၏။

မကြာမီ ကြက်မကို ကြောင်သည် ကိုက်သတ်စားလေ၏။ ထားခဲ့သော ကြက်ချေးနှင့် ကြက်ဥတို့သာ ကျန်ရစ်ခဲ့ကြလေ၏။ ကြောင်လည်း အစာကောင်းစွာဝလေသော် ထိုနေရာမှ ရှောင်ရှားသွားခဲ့လေ၏။ ထိုအခါမှစ၍ ကြက်နှင့်ကြောင်သည် ရန်ဘက်ဖြစ်ခဲ့ရလေ၏။

အမိမဲ့ကြသော ကြက်ချေးနှင့် ကြက်ဥတို့သည် ကြောင်ကို ဒေါသဖြစ်၍ ရန်ငြိုးပြုကြလေ၏။ အခဲမကြေဘဲ တတ်နိုင်လျှင် ကလဲ့စားချေမည်ဟု ကြံစည်ခဲ့ကြလေ၏။

ထိုနောက် ကြောင်ကို လက်တုံ့ပြန်ရန် မကြာမီ လိုက်လံရှာဖွေခဲ့ကြလေ၏။ လမ်းတွင် တွေ့ကြသူများက မေးလေရာ. . .

"ကြောင်ကို စစ်ချီရန်သွားသည်"ဟု ပြောလေ၏။

"မည်သူမည်ဝါ လိုက်ကြမည်နည်း၊ ကြောင်သူတော်ကို လက်စတုံးချေဖျက်မည်"ဟုလည်း ကြိမ်းဝါးခဲ့လေ၏။

ကြားရသူများက "ကြောင်သည် သတ္တဝါများ၏ ရန်သူဖြစ်သည်၊ ကြက်ချေး၊ ကြက်ဥပင် စစ်ချီနိုင်လျှင် ငါတို့ ပဇာလုပ်နေရအံ့နည်းဟု စကားဖြစ်ခဲ့ကြလေ၏။

ထိုအခါ အပ်က "ငါလိုက်မည်" ဟု ဦးစွာ ထွက်ဆိုလေ၏။

ထိုနောက် ကနားဝါးချောင်းလည်း လိုက်ပါရန်ပြောလေ၏။ ထိုကြောင့်

ကဏန်းမ၊ ကြိုး၊ ဆိတ်၊ ကျည်ပွေ့တို့ကလည်း အသီးသီး တပ်ကူလိုက်ပါခဲ့လေ၏။

ညဥ့်အချိန် ကြောင်သူတော်နေရာသို့ ရောက်ခဲ့ကြလေ၏။ ၎င်းရှိရာကို မလွတ်မိစေရန် ကြက်ဥက တပ်ချဖြန့်ခင်းလေ၏။ ထို့ကြောင့် အောက်ပိုင်းတွင် ချုပ်အပ်နှင့် ချည်ကြိုးအပြင် ဆိတ်နှင့် ကျည်ပွေ့က တာဝန်ယူစောင့်ခဲ့ရလေ၏။ အထက်ပိုင်းတာဝန်ကို ကြက်ဥ၊ ကြက်ချေးစု၊ ကဏန်းမတို့က ယူခဲ့ကြလေသည်။

ကြောင်သူတော်သည် ရန်သူစစ်ပြုလာသည်ကို သတိမထားမိချေ။ ကောင်းစွာ စိတ်ချလက်ချ အိပ်ပျော်လျက်ရှိချေ၏။ ညဥ့်သန်းကောင်း အချိန်ကျရောက်သော် ချုပ်အပ်က အိပ်ရာအောက်မှထိုးလေ၏။ စူးရှသော ဒဏ်ကိုခံရသောအခါ ကြောင်သည် အိပ်ရာမှ လန့်နိုးလေသည်။

ကနားဝါးချောင်း = အနားထက်သော ဝါးချောင်း

ထိုအခါ ချက်ချင်းထပြီးသော် မီးမွှေးရန် သွားမည်ဟု ပြင်လေ၏။ ကြက်ချေး က အိပ်ရာအနီးတွင် အသင့်ရှိနေရာကား ထ,မိချင်း လက်ထောက်ခံလိုက်လေသည်။ ကြက်ချေးကိုနင်းမိသဖြင့် လက်ပေကျံလေသော် သုတ်စင်ရန် ထရံနားသို့သွားလေ ၏။ ထရံတွင်ရှိနေသော ဝါးကနားချောင်းကို ထိလေရာ လက်ပြတ်သွားရလေသည်။ ထို့ကြောင့် ကပျာကယာလှည့်ကာ မီးညှိရန် မီးဖိုသို့ ပြေးခဲ့ရလေသည်။

မီးဖိုတွင် မီးတောက်စေရန် မီးမွှေးလေသော် ကြက်ဥပေါက်ကွဲလိုက်လေ၏။ ထိုအခါ မျက်စိမျက်ခွက်တို့ကို ပေရေလိမ်းကျံသွားလေသည်။ မျက်စိမဖွင့်နိုင်ရာကား ဆေးကြောရန် ရေအိုးမှခွက်ကို နှိုက်လေ၏။ အိုးထဲ၌ အသင့်ဝင်ရောက်နေသော ကဏန်းမသည်လက်ညှိုးကို ကိုက်ညှပ်လိုက်လေသည်။ ထို့ကြောင့် အောက်သို့ဆင်း ရန်လာခဲ့လေ၏။

အိမ်အောက်တွင် ချည်ကြိုးသည် ကွင်းထောင်ထားရှိလေသည်။ အောက်သို့ ဆင်းလာလျှင် ကြိုးကွင်းတွင်ကျ၍ ဖမ်းမိချည်နှောင်ခံသွားရလေ၏။ မပြေးနိုင်မရုန်း နိုင်သောအခါ ဆိတ်သည် တအားကုန် ခတ်ဝှေ့ခြင်းပြုလေသည်။ ထိုနောက် ကျည်ပွေ့ကလည်း မလွတ်တန်း ရိုက်ထောင်းလေ၏။ ထိုအခါ ကြောင်သူတော် သည် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးရလေသတည်း။

# ငရုပ်ဖုတ်ဟင်း

ရှေးက ပေါတာတာ၊ အတတ နိုင်လှသော လူတစ်ယောက်ရှိ၏။ ၎င်းကို အများက ဗောနှမ်း(ပေါနှမ်း)ဟူ၍ ခေါ်ဝေါ်ခဲ့ကြလေသည်။ ဗောနှမ်းသည် မနူးမနပ်ဖြစ်သော်လည်း အလုပ်အကိုင် ကောင်းလှ၏။ အလုပ်မရွေး လုပ်ကိုင်လျက် အသက်မွေးဝမ်းကျောင်းပြုလာလေသည်။

ဗောနှမ်းအား ရွာနီးချုပ်စပ်မှ အမျိုးသမီးများက လက်မခံကြချေ။ သို့သော်လည်း တစ်ရပ်တစ်ခြားနေ ဆင်းရဲသူမတစ်ဦးက ချစ်ကြည်လေ၏။ ထို့ကြောင့် ၎င်းဆင်းရဲသူမနှင့် အိမ်ထောင်ဖက်ခဲ့ရလေသည်။ ထို့နောက် ၎င်းလင်မယားတို့သည် မိမိတို့အလုပ်အကိုင်ဖြင့် ကောင်းစွာ နေထိုင်လာခဲ့ကြလေသည်။

တစ်နေ့သ၌ ဗောနှမ်းသည် ယောက္ခမအိမ်သို့ အလည်အပတ်သွားခဲ့ရလေသည်။ ထိုတွင် တည်ခင်းသော ထမင်းဟင်းများကိုလည်း မြိန်ရှက်စွာ စားသောက်ခဲ့လေ၏။ ထမင်းစားရာ၌ ငရုတ်ဖုတ်ဟင်းကို အလွန်နှစ်ခြိုက်မိလေသည်။ ကြက်သွန်ဖြူနိုင်လှပြီး ငရုပ်ကို မီးသင်း၍ နယ်ထားသောကြောင့် ကြိုင်သင်းနေ၏။ တို့စရာများဖြင့် တို့စားရသော ငပိချက်တစ်မျိုးလည်းဖြစ်လေ၏။

ထိုငရုပ်ဖုတ်ဟင်းကို အမြဲသတိရာလာလေ၏။ အိမ်ပြန်ရောက်လျှင် မိမိမယားကို စီစဉ်စေမည်ဟု အားခဲထားလေ၏။ ယောက္ခမအိမ်မှ ပြန်ခဲ့သော် လမ်းခရီး၌ မေ့မသွားရန် အာရုံစိုက်လာခဲ့လေသည်။ ခရီးမှာ အတော်ဝေးလှရာကား အချိန်ကြာစွာ သွားလာရလေ၏။ ချောင်းငယ်များကိုလည်း ကူးမြောက်လာခဲ့ရလေ၏။ ထိုသို့လာစဉ် ခလုတ်ထိ၍ လဲကျခဲ့ရသောကြောင့် မေ့ပျောက်သွားရလေ၏။

ဗောနှမ်းသည် ထိုဟင်းကို အကြိမ်ကြိမ်တွေးတော၏။ မည်သို့ပင် စဉ်းစားစေကာမူ သတိပြန်ရရန်ကား မဖြစ်တော့ချေ။ ထို့ကြောင့် ဝမ်းနည်းစဖွယ် ဆုံးရှုံးခြင်းဖြင့်ပင် စိတ်ပျက်ခဲ့ရတော့သည်။ သတိမရပြီရာကား ပြန်မြဲပြန်လာရာ လမ်းခုလတ်တွင် မြေတူးနေကြသူများနှင့် တွေ့ရလေ၏။

၎င်းတို့က 'အချိန်ရှိသေးသည်၊ လက်ခစည်း[၁] ပြန်သွား၍ ဘာအကျိုးရှိအံ့နည်း၊ ငါတို့နှင့်အတူဝင်၍ မြေတူးခဲ့က တစ်ပြားတစ်ချပ်မရချေလော့'ဟု ပြော၍ တိုက်တွန်းကြလေ၏။ ထိုအခါ ဗောနှမ်းလည်း သဘောကျ၍ လက်ခံလိုက်လေ၏။

---

၁။ လက်ခစည်း = အချည်းနှီး

ထို့ကြောင့် အတူတကွရော၍ မြေတူးခဲ့ကြလေသည်။

အလုပ်ကို ကြိုးစားလုပ်ကိုင်လေ့ရှိသည့်အတိုင်း မရပ်မနားတူးလေသည်။ ထိုသို့ တူးလေစဉ် လေလည် (ချေးပေါက်) ခြင်းဖြစ်ခဲ့လေသည်။ မြေတူးအဖော် လက်သားများက အနံ့ရ၍ 'မင်း ငရုပ်ဖုတ်ဟင်း စားလာခဲ့တယ် မဟုတ်လော'ဟု ပြောဆိုကြလေ၏။

ထိုအခါ ဗောနမ်းလည်း မိမိမေ့ပျောက်နေသည်ကို သတိရလာလေသည်။

'ငါ ဟင်းပျောက်နေသည်မှာ ယခုမှပင် ပြန်ရချေပြီ'ဟု စိတ်ထဲက ဝမ်းသာအားရဖြစ်လာလေသည်။

မရည်မှန်းဘဲ သတိပြန်ရသဖြင့် ရွှင်ပြုံးလျက်. . .

'ရပြီ. . . ရပြီ'ဟု ဟစ်အော်လေသည်။

ထို့နောက် အပျော်ကြီးပျော်ကာ ထခုန်လိုက်၏။

အဖော် မြေတူးသမားတို့က ၎င်းအား 'အရူးလေလော'ဟု ထင်မှတ်ကြလေ၏။ မေးမြန်းကြသောအခါတွင် . . .

'ငါ့ ငရုပ်ဖုတ်ဟင်း ပြန်ရပြီ'ဟု ပြောလျက် မြေတူးခကိုပင် အရေးမထားခဲ့ဘဲ ချက်ချင်းအိမ်သို့ တဟုန်ထိုး ပြေးလာခဲ့လေသတည်း။

# ခယ်မ စဲဖိုး ထူပန်ဆို

ရှေးအခါက ကျေးရွာတစ်ရွာတွင် လူတစ်ယောက်ရှိလေသည်။ ၎င်းသည် နောင်သံသရာဘဝတွင် အေးချမ်းစွာ ဖြစ်လိုချင်၏။ ထို့ပြင် အမြင့်မြတ်ဆုံး ဖြစ်ရ၍ လူတကာ၏ အပူဇော်ကို ခံထိုက်လို၏။ ထိုဆန္ဒအတိုင်း ဖြစ်မြောက်စေရန် မပြတ်စိတ်ကူးကြံဆလျက်ရှိလာခဲ့လေသည်။ မိမိ၏ဆန္ဒနှင့် အကြံအစည်များကိုလည်း အခါအားလျော်စွာ ထုတ်ဖော်လေ့ရှိပေသည်။ လူစုလူဝေးများတွင် အရိပ်အမြွက်ချ၍ ပြောဆိုခဲ့လေ၏။

တစ်နေ့သ၌ ၎င်း၏ခယ်မနှင့် အဖော်များသည် ညနေရောက်၍ ထမင်းစားခဲ့ကြလေ၏။ ထမင်းစားအပြီးတွင် စကားဝိုင်းဖွဲ့လျက် ရောက်တတ်ရာရာကို ပြောဆိုခဲ့ကြလေသည်။ ထိုစကားဝိုင်းသို့ ထိုလူလည်း ဝင်ရောက်၍ စကားစပ်လျက် ပြောဆိုလေသည်။ ၎င်းပြောဆိုချက်မှာ အခွင့်သာခိုက် မိမိစိတ်ကူးကြံစည်ချက်ကို ဖော်ထုတ်ခြင်းပင်ဖြစ်လေသည်။

ထိုစကားဝိုင်း၌ သူ၏စကားကို ကြားသိကြရသူများက ပြန်လည်ဆွေးနွေးကြလေသည်။ ထိုသို့ တောင့်တခြင်းဖြင့် မည်သို့ပြည့်စုံအံ့နည်း'ဟု မေးမြန်းခဲ့ကြလေသည်။

ထိုအခါ ၎င်းက ဖြေရှင်းသည်မှာ. . .

'လောကတွင် တောင်ကြို တောင်ကြား၌ စမ်းရေများ ထွက်သောနေရာ ရှိပေသည်။ ထိုရေကို လူတိုင်း၊ သတ္တဝါတိုင်းက ရေအေးရေချမ်းအဖြစ် သတ်မှတ်ထားကြသည်။ ကြိုက်နှစ်သက်ကြပြီး စိတ်ဓာတ်ကိုလည်း ဆွဲဆောင်နိုင်သော သတ္တိရှိသည်' ဆို၏။

၎င်းပြင် ဆက်လက်ပြောသည်ကား. . .

'ထိုတောင်ကြားဝယ်၊ အလွန်ကြီးမားသော ကျောက်ညိုတုံးများရှိတတ်လေသည်။ ယင်းမှာ ပို၍ ပနံရလျက် လူတို့၏အသည်းစွဲလည်း ဖြစ်တတ်လေသည်။ ခိုင်ခံ့၍ မာကျောချောညက် နူးညံ့နေလေသည်။ ကျောက်ဆစ်ဆရာတို့ အကြိုက်နှစ်သက်စရာဖြစ်သည်။အမြင့်မြတ်ဆုံးသော ဘုရားဆင်းတုကိုထုလုပ်လေ့ရှိကြသည်။

ထို့ကြောင့် ကျောက်ညိုတုံးဆိုလျှင် ဘုရားအဖြစ်သို့ရောက်၍လွန်စွာမြင့်မြတ်သွားသည်။ လူနတ်ဗြဟ္မာတို့ ရှိခိုးကော်ရော် ပူဇော်ခြင်းကိုပါ ခံထိုက်သည်'ဟု

ဆိုလေသည်။

ထိုနောက် ‘ငါသည်လည်း၊ ထိုသို့မြင့်မြတ်၍ ပူဇော်ထိုက်ခြင်းကို တောင့်တလျက်ရှိသည်။ ရည်မှန်းချက်အတိုင်း ဖြစ်ရာဘဝ၊ ဖြစ်ရာဌာနတွင် တောင်ကြီးတောင် ကြားစမ်းရေပွားများသောအရပ်၌ ကျောက်ညိုတုံး တဇာစ် ဖြစ်ရပါလို၏’ဟု တောင်းတလျက်ရှိနေကြောင်း ဖွင့်ဟပြောပြခဲ့လေသည်။

၎င်း၏စကားဆုံးလျှင် ခယ်မက မဆိုင်းမတွ စကားငေါ့၍ ပြောလေ၏။

‘ခဲအိုသာ ယင်းသို့ ဆုတောင်းနေမည်ဆိုက ကျွန်မလည်း တန်ပြန်သောအားဖြင့် တောင်းဆုပြုလိုပါ၏’ဟု ပြန်ပြောလေ၏။

ထိုနောက် ‘ဖြစ်လေရာရာ ဘဝဝယ် ခဲအိုဆုတောင်းထားသော ထိုကျောက်ညိုတုံးကို တွေ့ရပါလို၏။ ဘုရားမထုလုပ်မီကာလအတွင်း သနပ်ခါးသွေးကျောက်ပျဉ် ပြုရပါလို၏’ဟု ခယ်မက ရယ်သွမ်းသွေးကာ ပြောလေ၏။ (တစ်ချို့က နံ့သာရည်သွေး ကျောက်ပျဉ်ပြု၍ ဘုရားသပ္ပာယ်ရပါလို၏ဟူသည်)

ထိုအခါ ခဲအိုသည် ဒေါသကြီးစွာ ဖြစ်ခဲ့လေသည်။ ‘နင်ငါ့ကို နိုင်လိုမင်းထက်ပြက်ရယ်ပြုသည်။ ဘုရားကို အားမနာ၊ မလေးစားရာရောက်သည်’ ဟု အပြစ်ပြော၍ ခိုက်ရန်တွေ့ခဲ့ကြရလေ၏။ ထိုနောက် ရပ်ရွာလူကြီးများထံ တိုင်ကြားခဲ့ရလေ၏။ ထို့ကြောင့်လူကြီးများက ဖျန်ဖြေကာ ခယ်မအား လျော်ကြေးဒဏ်ပေးစေဟု ကြေအေး နှစ်သိမ့်ခဲ့ရလေသတည်း။

# ကင်းခခလေ့

ရခိုင်ပြည်နယ်တွင် လယ်သမားများသည် ကောက်စိုက်ပျိုးရာ၌ ကောက်ငန်းဦး ထား၍ စိုက်ပျိုးခဲ့ကြသည်။ ငန်းဦးသို့ရောက်၍ ကျော်ဖြတ်လာကြသူများကို ကင်း တားလျက် ရပ်ဆိုင်းထားလေသည်။ ကင်းတားခြင်းခံရသူများသည် မရှောင်သာဘဲ ပိတ်မိနေခဲ့ရသည်။ ထိုအခါ ကင်းမှကျော်လွှားစေရန် ကင်းခတောင်းကြသည်။ တေးသီချင်းဆို၍ တပျော်တပါးတောင်းခံကြသဖြင့် ကင်းဆီးတားခအဖြစ် ငွေကြေး ပေး၍လည်းကောင်း၊ အစားအသောက်ပေး၍လည်းကောင်း၊ သွားခွင့်ပြုခဲ့ကြလေ သည်။ ထိုဓလေ့သည် ကောက်စိုက်လောကတွင် ယဉ်ကျေးမှုတစ်ခုအဖြစ်လည်း ကောင်း၊ အပျော်အပါးအဖြစ်လည်းကောင်း ယခုတိုင် သက်ဆင်းလာခဲ့ရလေသည်။ ရရှိသော ကင်းခတို့ကိုကား အပျော်အပါးအဖြစ်လည်းကောင်း၊ အလှူဒါနပြု၍ လည်းကောင်း အသုံးပြုခဲ့ကြလေသည်။

ထိုဓလေ့ဖြစ်ရပ်ကို ဤသို့ အသိအမှတ် ပြုလာခဲ့ကြပေ၏။ ရခိုင်ပြည် မန်အောင်ကျွန်းတွင် ငပုန်ကုန်းဟူသော ကျေးရွာ၌ လူချမ်းသာ တစ်အိမ်ထောင်ရှိ ခဲ့သည်။ ၎င်းလင်မယားတွင် ထွန်းသာအမည်ရှိသော သားတစ်ယောက်ဖြစ်ထွန်း ခဲ့သည်။ မိဘများကား ကြွေးမြီချ၍ အတိုးရင်းပွားပေး စားသောက်ခဲ့သော်လည်း သားဖြစ်သူမှာ ဆင်းရဲသားများကို သနားညှာတာမှု ရှိခဲ့လေသည်။ ထို့ကြောင့် သားနှင့်မိဘတို့မှာ စိတ်သဘောထားချင်း ကွာခြားလေသည်။

သားဖြစ်သူ ထွန်းသာမှာ ဆင်းရဲသူမတစ်ဦး၏ သမီးကို ချစ်ကြိုက်ခဲ့လေသည်။ မိဘများက သဘောမတူ၍ အိမ်တင်ထားခြင်း မပြုခဲ့ချေ။ သို့သော်လည်း မိန်းက လေးမှာ ဟင်းသီးဟင်းရွက် စိုက်ပျိုးဆွတ်ခူးလျက် ရောင်းချခြင်း၊ ကောက်စိုက်အငှား လိုက်ခြင်းဖြင့် မိခင်ကြီးနှင့်အတူ နေလာခဲ့လေသည်။ မိဘတို့ယူထားသော ကြွေးမြီး များ ကြေဆပ်နိုင်ရန် ကြိုးစား၍ လုပ်ကိုင်ခဲ့လေသည်။

ထွန်းသာ၏မိဘတို့သည် ပရိယာယ်တစ်မျိုးဖြင့် ကုန်ရောင်းရန် သားကို စေလွှတ်လိုက်သည်။ သားမရှိခိုက် ချွေးမတို့ အိမ်သို့လာ၍ ကြွေးမြီးရစရာများကို တောင်းခံလေသည်။ မဆပ်နိုင်သေးရာကား အိမ်ကို အပိုင်သိမ်းပိုက်လေသဖြင့် ချွေးမဖြစ်သူမှာ အိမ်မှ ဖယ်ရှားသွားခဲ့ရလေသည်။ ကိုယ်ဝန်အရင့်အမာကို လွယ် ရင်း စိတ်မချမ်းသာဘဲ ဖြစ်သလို နေလာခဲ့ရသည်။ မိခင်ကြီးမှာလည်း ဝေဒနာကပ် ရောက်ကာ ဘဝဆုံးသွားခဲ့ရလေသည်။

မိတဆိုး လင်ကွာ မုဆိုးမ ဖြစ်နေရသော သူငယ်မသည် လင်ကိုမျှော်လျှက် သနားကြသူများ အကူအညီဖြင့် အစေအပါးခံကာ နေလာခဲ့သည်။ မကြာခင် လင် မောင်ထွန်းသာ ပြန်ရောက်လာသော်လည်း မိဘတို့၏ ဂုန်းချောစကားကြောင့် မပေါင်းရဘဲ ရှိလာခဲ့သည်။ သို့သော် မယား၏ အဖြစ်ကို သိလာရသောအခါ ခိုးဝှက်လျက် ထောက်ပံ့ထားလေသည်။

အကြောင်းတစ်ခု ဖန်တီးလာရသည်ကာ အရပ်မှ ချစ်စံဆိုသူသည် ကြက်ပိုင်းတွင် ကြက်ပွဲလောင်းကစားရင်း သောက်စားမူးယစ်လာလေသည်။ ထိုအခွင့်ကိုယူလျက် အပေါင်းအဖော်တို့က မြှောက်ထိုးလေ၍ ထိုအမျိုးသမီးကို ချစ်ကြိုးသွယ်စေသည်။ ထို့နောက် ချစ်ကြိုက်နေသယောင် သွားပုတ်လေလွင့် သမုတ်ပြောဆို စွပ်စွဲမှုပါ ပြုခဲ့ကြလေသည်။ ထို့ကြောင့် ထွန်းသာသည် အထင်လွဲမှားကာ မယားကို လင်ခိုးမ၊ လင်မြှောင် ထားမ၊ ယောက်ခိုးမ၊ မှောက်မ ဟူ၍ ဆဲဆိုရိုက်ပုတ်ခဲ့လေသည်။

ထွန်းသာမှာ မစူးစမ်းဘဲ အရှက်တကွဲပြုရအံ့လောဟု အပြစ်ပြုခဲ့သော်လည်း သဘောထားကြီးသူကမူ ဖျောင်းဖျ၍ ပြောဆိုပေးခဲ့ကြလေ၏။ အလာကောင်းသော်လည်း အခါနှောင်းခဲ့ပြီးရာကား ထိုအမျိုးသမီးမှာ သားငယ်ကိုပိုက်လျက် ခြေဦးတည်ရာ ထွက်သွားခဲ့လေသည်။ ထွန်းသာမူကား စိတ်မပြောဘဲ လိုက်လံရှာဖွေလျက်ရှိလေသည်။ သို့သော်လည်း သတင်းမရသောကြောင့် စိတ်မကောင်းဖြစ်ကာ သောက်စားမူးယစ်သူတစ်ဦးအဖြစ်သို့ ရောက်လာခဲ့လေသည်။

ထွန်းသာ၏မိခင်ကြီးကား ချွေးမကို နှင်ချခဲ့မှုကြောင့် သားဖြစ်သူတစ်ယောက် အရက်သမားဘဝရောက်သွားခဲ့ရသည့်အဖြစ်ကို တွေး၍ စိတ်မသက်မသာဖြင့် ဝေဒနာခံစားလာခဲ့ရ၏။ ထိုဝေဒနာဖိစီးသောကြောင့် မကြာခင် သေပွဲဝင်သွားခဲ့ရလေသည်။ ထွန်းသာလည်း အပေါင်းအဖော်တို့ကြောင့် ရန်ပွဲဖြစ်ကာ အဖမ်းအဆီးခံသွားခဲ့ရလေသည်။

ထောင်အကျဉ်းကျနေစဉ် တစ်နေ့သ၌ အကျဉ်းသမားတစ်ဦးထံမှ မိမိ၏ မယားနှင့် သားငယ်ရောက်ရှိနေရာကို သတင်းအစအန ရရှိခဲ့လေသည်။ တရားသူကြီးသည် ထိုသူတို့၏ခိုက်ရန်ဖြစ်မှုကို စစ်ဆေးခဲ့လေရာ ထွန်းသာလက်ချက်မဟုတ်ကြောင်းတွေ့ရှိရလေသည်။ ထို့ကြောင့် ထွန်းသာကို တရားသေလွှတ်လိုက်ပြီး အမှုကို ရုပ်သိမ်းပေးခဲ့လေသည်။

တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ကာ ကျင်လည်ခဲ့ရသော လင်ကွာမသည် အခွင့်သာသောတစ်နေ့တွင် မိမိ၏အဖြစ်ကို သိကျွမ်းခင်မင်သူများအား ဖွင့်ဟပြောဆိုခဲ့လေသည်။ ထိုအခါမှစ၍ အရပ်သူအရပ်သားနှင့် သနားခင်မင်ကြသူများက

ထွန်းသာနှင့် ပြန်လည်သင့်မြတ် ပေါင်းဆုံနိုင်ရန် ကြိုးစားခဲ့ကြရလေသည်။

နွေရာသီပြောင်း၍ မိုးအခါကာလသို့ ရောက်လာခဲ့လေရာ ကောက်စိုက်အလုပ် စတင်လာခဲ့ရသည်။ ထိုအခါ ကလေးအမေ ဒုက္ခသည်မကား အဖော်အမျိုးသမီးတို့နှင့်အတူ အငှားလိုက်ပါ၍ ကောက်စိုက်ခဲ့လေသည်။ နေ့မပျက် ကောက်စိုက်မှုပြုလာခဲ့ရာ တစ်နေ့တွင် ကာလသားများ ကလေးအမေရှိရာသို့ ရောက်လာကြသည်။ ထိုလူအုပ်ထဲ၌ ထွန်းသာလည်း လိုက်ပါခဲ့လေသည်။

သူမသည် ထွန်းသာကိုမြင်လေလျှင် ဝမ်းနည်း ဝမ်းသာဖြစ်ရ၊ ရှက်ကြောက်ရဖြင့် မျက်နှာအောက်ချ၍ မော်မကြည့်ဝံ့ဘဲ ရှိနေလေသည်။ ထိုအဖြစ်ကို ရိပ်စားမိခဲ့ကြသော အဖော်မများသည် အကြံဖြစ်လျက် အားပေးစကား ပြောဆိုခဲ့လေသည်။ သူမတို့၏ အကြံပေးတိုက်တွန်းမှုကြောင့်လည်း စိတ်ဝံ့ရဲစွာ ငန်းဦးလမ်းမကို ထွက်၍ အရေးဆိုခဲ့လေသည်။

ပထမတွင် မိမိကိုယ်နှင့် ရင်သွေးသားငယ်တို့ကို မပစ်ထားရန် တောင်းပန်လေသည်။ စားဝတ်နေရေးအတွက်လည်း ကူညီထောက်ပံ့ရန် တောင်းခံလေသည်။ မတတ်သာအဆုံး မပေါင်းသင်းနိုင်ဟုဆိုပါက ကွာရှင်းပြတ်စဲခ စရိတ်ကြေးငွေသော်လည်း ပေးသနားရန် တောင်းခံခဲ့လေသည်။ ထိုအခါ ထွန်းသာမှာ ငွေအသပြာငါးကျပ်ကို ထုတ်ပေးလေသည်။ ထိုငွေကို ရလျှင် ဤငါးကျပ်ငွေဖြင့် မဖူလုံနိုင်ကြောင်းကိုပါ ပြန်ပြောခဲ့လေသည်။

ထိုသို့ ရင်ဆိုင်ပြောဆိုလာသောအခါ ထွန်းသာသည် စကားပြောင်း၍ ကွာရှင်းခပေးသည်ကား မဟုတ်ချေ။ ဖြစ်နိုင်လျှင် တစ်ပါတည်း ခေါ်ဆောင်ရန် လာခြင်းသာဟု ရည်ရွယ်ချက်ကိုပါ ဖွင့်ဟပြောဆိုလေသည်။

ယခုပေးငွေမှာဆိုလျှင် ထောက်ပံ့ကြေးသာဖြစ်သည်။ ကွာရှင်းရေးအခမဟုတ်ချေ။ ကောက်စိုက်သမများ သုံးစွဲရန် ပေးခြင်းအပြင် လာတွေ့ရခြင်းဖြင့် တပျော်တပါးဖြစ်ကြစေရန်သာဟု ပြောဆိုလေသည်။

ကောက်စိုက်သမအဖော်များကား ကင်းခငွေကို ရကြသည့်အဖြစ် မှတ်ယူခဲ့ကြသည်။ ထို့ပြင် ကွေကွင်းနေသူ ချစ်သူလင်မယား ရင်သွေးသားတို့ ပြန်ပေါင်းရခြင်းအဖြစ်ကိုပါ မျှော်မှန်းကြလျက် ပျော်မဆုံးရှိခဲ့ကြလေသည်။

ထိုအခါမှစ၍ ကောက်စိုက်ရာတွင် လယ်ငန်းဦး၌ ကင်းခတောင်းလေ့ရှိလာခဲ့ရိုးအစဉ်ဖြစ်လာခဲ့သည်။ ကင်းခရကြသဖြင့်လည်း တပျော်တပါးဖြစ်ခဲ့ရသော လူမှုဓလေ့တစ်ခုဖြစ်ပေါ်လာခဲ့ရလေသည်။

ထွန်းသာတို့ မိသားစုလည်း ထိုအခါမှစ၍ သက်ဆုံးတိုင်အောင် မကွဲမကွာ တပျော်တပါး ပေါင်းသင်းနေထိုင်သွားခဲ့ကြလေသတည်း။

# သတ္တိကုမ္မာရမင်းသား

ရှေးအခါက တိုင်းပြည်တစ်ပြည်၌ မင်းတစ်ပါးအုပ်ချုပ်စိုးစံခဲ့လေ၏။ ထိုမင်း၏မိဖုရား၌ သားတော်လေးတစ်ပါး ဖြစ်ထွန်းလေ၏။ ထိုမင်းသားသည် ငယ်စဉ်ကပင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံလေ၏။ ထို့ကြောင့် သတ္တိကုမာရမင်းသားဟူ၍ အမည်တွင်ခဲ့၏။

မင်းသားငယ်သည် အရွယ်ရောက်လေသော် မြင်းစီးဝါသနာပါလာလေ၏။ ထိုမင်းသား၏ ဘုန်းကံကြောင့် နတ်မြင်းပျံတစ်စီးကို ရရှိခဲ့လေ၏။ ထိုမြင်းကို အဖော်လုပ်ကာ စီးနင်းပျော်ပါးနေလာခဲ့လေရာ အချိန်အားတိုင်း ထိုမြင်းပျံစီးလျက် တိုင်းပြည်တွင်း၌ လှည့်လည်သွားလာလေ့ရှိ၏။

တစ်နေ့သ၌ မြင်းပျံကို စီး၍သွားစဉ် မိမိနယ်ပယ်ကို ကျော်လွန်သွားလေပြီး အခြားတိုင်းပြည်သို့ ရောက်သွား၍ ဒေသတစ်ခု၌ သက်ဆင်းခဲ့လေ၏။ ထိုတိုင်းပြည်၌ ဘုရင်တစ်ပါးတွင် အလွန်လှပသော သမီးတော်တစ်ယောက်ရှိပြီး အမည်မှာ မာလာဝတီဟု ခေါ်လေ၏။ ထိုသမီးတော်ကို ဘီလူးဖမ်းယူသွားခြင်း ခံရရှာလေသည်။

သမီးတော်ကို မည်သူမျှ ရှာဖွေပေးနိုင်သူ မရှိ သိရှိသူလည်း မရှိကြသဖြင့် အခက်ကြုံလျက်ရှိနေကြ၏။ ဘုရင်နှင့်မိဖုရားတို့သည် ပူဆွေးသောက ရောက်ရှိနေကြပြီး တစ်နန်းတော်လုံးကလည်း ငိုယိုမြည်တမ်းကာ နေခဲ့ကြလေ၏။ ဘုရင်ကြီးသည် သမီးတော်ကို ရှာဖွေစေရန် ရဲစွမ်းသတ္တိရှိသူများကို ရှာဖွေစေလေ၏။

တိုင်းပြည်အနှံ့သို့လည်း ကြော်ငြာခဲ့သဖြင့် ထိုသတင်းကို ခရီးလွန်၍ ရောက်နေသော သတ္တိကုမ္မာရ မင်းသားသည် ကြားသိခဲ့ရလေ၏။ ထို့ကြောင့် ဘုရင်ကြီးထံ ဝင်ရောက်၍ သံတော်ဦးတင်လေ၏။

"အရှင်မင်းကြီး၊ ကြောင့်ကြစိုးရိမ်တော် မမူပါလင့်၊ ကျွန်တော်မျိုးသည် သမီးတော်ကို အရဆောင်ကြဉ်းပေးပါမည်" ဟု လျှောက်ဆိုကာ ထွက်ခွာလာလေ၏။

ထို့နောက် မင်းသားသည် မြင်းပျံကို စီးနင်းလျက် ခရီးဆက်လေ၏။ လိုက်လံရှာဖွေလေသော် ဝေတအမည်ရှိသော တောအုပ်တစ်ခုထဲသို့ ရောက်သွားခဲ့လေသည်။ ထိုတောအုပ်၌ အခက်အလက်အရွက်တို့ဖြင့် အုပ်ဆိုင်းနေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့မြင်လေ၏။ ထိုအခါ အမောအပန်းဖြေရန် တစ်ညတာ

အိပ်စက်နားနေလေသည်။

ညဥ့်သန်းခေါင်အချိန်ရောက်လေသော် မင်းသားသည် အိပ်ပျော်ရာမှ နိုးလာပြီး တစ်စုံတစ်ခုသော အသံကို ကြားရနိုးဖြင့် နားစိုက်ထောင်မိလေ၏။ အသံတိတ်ဆိတ်နေရာကား "ဤနေရာတွင် ပြောဟောသံမျှပင် မကြားရချေတကား"ဟု အောက်မေ့မှတ်ထင်လာခဲ့လေ၏။

ထိုစဉ် ငှက်မြည်သံကို ကြားရလေသည်။

ငှက်ပျင်းဖိုနှင့် ငှက်ပျင်းမ မောင်နှံသည် သစ်ပင်ထက်၌ ရှိနေပြီး ၎င်းတို့သည် အသံပြုလျက် အချင်းချင်းပြောဆိုနေကြလေ၏။

ငှက်ပျင်းဖိုက "ဟေ့ . . . ငှက်ပျင်းမ၊ မာလာဝတီ မင်းသမီးသည် ဘယ်မှာရှိနေသနည်း"ဟု မေးလေ၏။

ထိုအခါ ငှက်ပျင်းမက "မာလာဝတီကို ဘီလူးတို့ ဆောင်ယူသွား၍ ဘီလူးပြည်၌ ရှိနေပါသည်။ ဘီလူးတို့က ဖမ်းဆီးချုပ်နှောင်ထားပါသည်" ဟုပြောလေ၏။

ငှက်ပျင်းမ၏ ပြောစကားကို ငှက်ပျင်းဖိုက ဆက်၍မေးလေပြန်၏။

"မည်သို့သွားလျှင် တွေ့နိုင်အံ့နည်း"ဟုဆိုလေလျှင် . . .

"ဤနေရာမှ ယုဇနာတစ်ရာကွာဝေးပြီး မြစ်ခုနစ်တန်၊ ပြင်သုံးပြင်ကို လွန်သွားသော် တွေ့လတ္တံ့"ဟုပြောလေ၏။

ထိုသို့ပြောဆိုသောစကားကို သတ္တိကုမာရ မင်းသားသည် ကြားသိရလေသည်။

ထိုစကားကို မှတ်သား၍ နံနက်မိုးသောက်လျှင် မြင်းပျံစီး၍ ထွက်ခွာသွားလေ၏။ ခရီးစဉ်အတိုင်း သွားလေသော် ဘီလူးပြည်သို့ ရောက်သွားလေ၏။ ဘီလူးတို့ အစာရှာဖွေနေစဉ် မင်းသားသည် လှည့်လည်ကာ ကြည့်ရှုလေ၏။ ထိုအခါ အခန်းတစ်ခုထဲ၌ ချုပ်ထားသော မင်းသမီးကို တွေ့မြင်ရလေသည်။

မင်းသမီးသည် အိပ်ပျော်နေသဖြင့် အပါးသို့ ချဉ်းကပ်၍ မင်းသမီးကို အသံပြုလိုက်လေ၏။ မင်းသမီး မနိုးလေရာကား လှုပ်၍နိုးလေ၏။ သို့သော်လည်း မနိုးဘဲ အိပ်မြဲအိပ်နေသဖြင့် အကြိမ်ကြိမ် နိုးရလေ၏။

မည်သို့မှ နှိုး၍မနိုးသောအခါ မင်းသားသည် အကြံအိုက်ခဲ့ရလေ၏။

"သေခဲ့လေပြီလော" ဟုပင် စိတ်က အောက်မေ့ခဲ့လေ၏။

ထိုအခါ အကြံယူလျက် စဉ်းစားနေစဉ် ခေါင်းရင်းနား၌ အထုပ်နှစ်ထုပ်ကို တွေ့မြင်မိလေသည်။ကောက်ယူ၍ဖွင့်ကြည့်မိရာ ရွှေတစ်ထုပ်၊ ငွေတစ်ထုပ်ဖြစ်နေ၏။

ရွှေထုပ်ကို ဖွင့်ကြည့်လေသော် မင်းသမီး ဦးခေါင်း၌ လွတ်ကျမိလေ၏။

ထိုအခါ ချက်ချင်းထ၍ မျက်စိကို ဖွင့်ကြည့်လေရာ မင်းသားကို မြင်လျှင် အံ့ဩခြင်းဖြစ်သွားခဲ့လေ၏။ ထို့နောက် "ဤမျှလောက် ကြမ်းကြုတ်ရက်စက် ကြောက်မက်ဖွယ်ကောင်းသော ဘီလူးတိုင်းပြည်ကို အဘယ်ကြောင့် လာရောက်ခဲ့ရသနည်း"ဟု ပြောဆိုလေ၏။ မင်းသားသည် ဝမ်းသာအားရနှင့် နှုတ်ဆက်စကားကို ပြန်ပြောလေ၏။

"ငါကား မင်းသားတစ်ပါးဖြစ်ပေသည်။ ဤနေရာသို့ ရောက်လာသည်မှာ အခြားကြောင့်မဟုတ်၊ သင်မင်းသမီးကို ကယ်တင်ရန် ရောက်လာရခြင်းဖြစ်သည်။ ယခုပင် ဆောင်ယူအံ့၊ ငါနှင့်အတူ လိုက်ခဲ့လော့"ဟု ပြောဆိုလေ၏။

"ကျွန်ုပ်ကား ဘီလူးလက်ထဲ ရောက်နေပါသည်၊ အဘယ်သို့ ဆောင်ယူနိုင်အံ့နည်း"ဟု မင်းသမီးက ပြန်မေးလေ၏။

မင်းသမီး၏ စိုးရိမ်မကင်းသည့် မျက်နှာကို မြင်၍ မင်းသားက စိတ်ပြေစေရန် "ဆောင်ယူရန်မှာ ငါ့တာဝန်သာ ဖြစ်သည်၊ ယခုဘီလူးတို့ ဘယ်မှာနေသနည်း၊ ဘီလူးတို့ကိုသာ ပြလော့၊ ယခုပင် ငါသတ်၍ ပစ်ချေအံ့"ဟု ရဲဝံ့စွာ အာမခံလေ၏။

"ယခု ဘီလူးတို့ အစာရှာ သွားနေပါသည်၊ မိုးစင်စင်လင်းသောအခါ ပြန်ရောက်ကြအံ့၊ ဘီလူးတို့ကို ဤသို့ သတ်၍ မရနိုင်" ဟု မင်းသမီးက ပြောလေ၏။

ထိုအခါ မင်းသားက "မည်သို့ သတ်ရအံ့နည်း" ဟု မေးလေ၏။

မင်းသမီးက အကြံပေးသည်မှာ "ဤတိုင်းပြည်မှ ယူဇနာတစ်ရာအလွန်တွင် ထန်းတောကြီးတစ်ခု ရှိပါသည်။ ထိုတွင် ရေကန်ကြီး၏ အလယ်တည့်တည့် ရေအောက်၌ သေတ္တာကြုတ်တစ်ခု ရှိလေသည်။ ထိုကြုတ်အတွင်းဝယ် ပျားပိတုန်းတစ်ကောင်နေပါသည်။ တစ်ချက်တည်း ငုပ်ယူပြီးလျှင် ထိုပျားပိတုန်းကို ဖမ်း၍ သတ်နိုင်လျှင် ဘီလူးအားလုံးလည်း သေကြေပျက်စီးကြပါလိမ့်မည်"ဟု ဆိုလေ၏။

မင်းသားသည် "ယခု သွားအံ့၊ ထန်းတောကိုပြလော့"ဟုဆို၍ ထွက်ခွာခဲ့လေ၏။

မင်းသမီးလည်း လက်ညှိုးညွှန်လျက် ပြလိုက်လေ၏။ နတ်မြင်းပျံဖြင့် အပြင်းနှင်လေသော် မကြာမီပင် ရောက်ရှိသွားလေ၏။ ကန်ထဲသို့ သက်ဆင်း၍ ကြုတ်ရှိမည့်နေရာကို မှန်း၍ငုပ်လေ၏။ တွေ့လျှင် ဖော်ယူကာ ပျားပိတုန်းကို သတ်ပစ်လေ၏။ ထိုအခါ ဘီလူးအားလုံးလည်း တစ်ခါတည်း သေဆုံးသွားခဲ့လေ၏။

ဘီလူးအန္တရာယ်ကင်းရှင်းသောအခါ မင်းသမီးကို ခေါ်ဆောင်ခဲ့လေ၏။ မိဘရပ်ထံရောက်လျှင် ကောင်းမွန်စွာ ဆက်သအပ်နှံခဲ့လေ၏။ မင်းသမီး ပြန်ရောက်လေသော် တစ်တိုင်းပြည်လုံးက ဝမ်းသာပျော်ရွှင်မှု ဖြစ်ခဲ့ကြလေ၏။ ဘုရင်မင်းသည် ညီလာခံခေါ်ယူလျက် သဘင်အလယ်တွင် မင်းသားကို ချီးကျူးဂုဏ်ပြုလေ၏။

"ဤသူကဲ့သို့ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူမရှိ၊ ငါ၏သမီးကို ကယ်ဆယ်

ဆောင်ကြဉ်းနိုင်ပေသည်။ ထို့ကြောင့် ငါ့သမီးနှင့်ပင် ထိုက်တန်လှပေသည်" ဟု အမိန့်ရှိကာ သမီးတော်နှင့် လက်ထပ်ထိမ်းမြား ပေးအပ်လိုက်လေ၏

မင်းသားသည် မာလာဝတီ မင်းသမီးကို ခေါ်ဆောင်လျက် မိမိတိုင်းပြည်သို့ ပြန်လာလေ၏။ တိုင်းပြည်ရောက်လျှင် ချစ်ခင်ပေါင်းသင်းလျက် အသက်ထက်ဆုံး နေထိုင်ခဲ့ကြလေသတည်း။

# သစ္စာမဲ့လှ မယ်ရှုပ

ရှေးလွန်လေပြီးသောအခါ တိုင်းပြည်တစ်ပြည်၌ ဘုရင်တစ်ပါး ထီးနန်းစိုးစံခဲ့လေ၏။ ထိုမင်း၏ တောင်ညာစံ မိဖုရားမှ သမီးတော်တစ်ပါး ဖြစ်ထွန်းခဲ့လေသည်။ ထိုသမီးငယ်သည် မွေးစကပင် ရုပ်ရည်လှပတင့်တယ် ချစ်စဖွယ် ရှိသဖြင့် မေရှုပဟူ၍ အမည်မှည့်ခေါ်ခဲ့ကြလေသည်။

မေရှုပသည် ငယ်စဉ်ကပင် ရိုးသားဖြောင့်မတ်သော စိတ်ရှိကာ တည်ကြည်သော ဣန္ဒြေအမူအရာကိုလည်း ဆောင်လေသည်။ ကြီးပြင်းလာသောအခါ တတ်သိအပ်သော ပညာများကို တက္ကသိုလ်ဆရာကြီးထံ၌ သင်ယူခဲ့လေသည်။ ၎င်းနှင့်အတူ ဆင်းရဲသားတစ်ဦးလည်း ပညာသင်ရန် ရောက်ရှိနှင့်လေ၏။ ထိုဆင်းရဲသားသူငယ်မှာ မောင်သစ္စာဟူ၍ အမည်ရှိလေ၏။ ၎င်းတို့နှစ်ယောက်အတူတကွ ပညာသင်ကြားဘက်ဖြစ်ခဲ့ကြရလေသည်။

တစ်နေ့သ၌ မယ်ရှုပသည် စာရေးကူးနေစဉ် ကလောင်တံသည် လက်ထဲမှ လွတ်ကာ အောက်သို့ ကျသွားခဲ့လေရာ ကောက်ယူရန် ငုံ့ကြည့်မိသောအခါ မောင်သစ္စာကို တွေ့မြင်ရလေ၏။

မေရှုပက "အမောင်၊ ကျွန်မ ကလောင်တံကို ခဏကမ်းခဲ့ပါလော့"ဟု ပြောဆိုလေ၏။

"ကလောင်တံကောက်ပေးခ ငါ့ကိုအဘယ်အရာပေးမည်နည်း" ဟု မောင်သစ္စာက မေးလေ၏။

ထိုအခါ မေရှုပက ပြောသည်မှာ. . .

"ကျွန်မသည် ဘုရင်မင်း၏ သမီးတစ်ယောက်ဖြစ်သည်ကား မှန်ပါသည်။ သို့ရာတွင် ယခုအခါ ကိုယ်ပိုင်ပစ္စည်းဟူ၍ တစ်စုံတစ်ခုမျှ မရှိပါ၊ အမောင်အား ပေးစရာဆို၍ ကတိသစ္စာတရားသာလျှင် လက်ဆောင်မွန် ရှိပါသည်။ အချိန်တန် အရွယ်ရောက်လျှင် အမောင်အား ပန်းဦးကို ပန်ဆင်ပါအံ့" ဟု ကတိဝန်ခံစကားသုံးကြိမ်ပေးလိုက်လေ၏။

ထို့ကြောင့် သူမ၏နှုတ်ကတိ စကားအရ ကောက်ယူ၍ကောင်းစွာပေးလေ၏။

ဆရာကြီးထံ ပညာသင်ကြားလာခဲ့ကြလေရာ မကြာမီ ပညာသင်ကြား တတ်မြောက်လာခဲ့ကြလေသည်။ ထို့ကြောင့် မေရှုပသည် မောင်သစ္စာကို နှုတ်ဆက်လျက် ဆရာကြီးထံမှ ပြန်ခဲ့လေ၏။ မောင်သစ္စာကား မပြန်သေးဘဲ နောက်ကျကျန်ရစ်နေ

ခဲ့လေ၏။ မင်းသမီးပြန်သွားသောအခါ မောင်သစ္စာသည် တွေးတောမှုတစ်ခု ဖြစ်လာခဲ့ရလေသည်။

မေရွှပသည် ဘုရင်မင်း၏ သမီးတော်တစ်ဦး ဖြစ်သည်။ ငါမူကား သူဆင်းရဲသားသာတည်း။ ငါ့ကို ကတိဝန်ခံခဲ့ခြင်းကား တည်လက်ရာအံ့လော၊ ငါနှင့်သူ ဘုန်းကံချင်းတူလှသည်မဟုတ်။ မင်းသမီးကို အဘယ်သို့ ငါရနိုင်အံ့နည်း။ သူ့မကို မရခြင်းအတူ စောင့်လျက်နေ၍ ထူးအံ့လော့၊ အဘယ်အကျိုးရှိရာအံ့နည်း။ ယင်းသို့ အကြံဖြစ်ကာ စိတ်ပျက်လာခဲ့ရလေ၏။

ထို့နောက် မျှော်လင့်ချက် ပြတ်ကင်းလျက် "ရသေ့ရဟန်းပြု၍ နေသည်က ကောင်းမည်"ဟု ဆုံးဖြတ်လိုက်လေ၏။ မကြာမီ မောင်သစ္စာသည် မိမိအကြံအစည်အတိုင်း ရသေ့ရဟန်းပြုခဲ့လေ၏။ ငြိမ်းချမ်းရာကို ရှာလျက် တစ်ယောက်တည်း ထွက်ခွာသွားလာ လှည့်ပတ်နေခဲ့လေသည်။

မေရွှပသည် ကောင်းမွန်စွာ မိဘရပ်ထံ ရောက်ရှိခဲ့လေ၏။ ထိုနောက်များ မကြာမီ မေရွှပ၏ သတင်းသည် ကျော်ကြားလာခဲ့လေသည်။ 'မေရွှပသည် ရုပ်ဆင်း အင်္ဂါလှပတင့်တယ်ပေသည်။ ဖြောင့်မတ်တည်ကြည်သော စိတ်နှလုံးရှိသည်။ မြဲခိုင်သော သစ္စာရှိချေသည်။ နူးညံ့သိမ်မွေ့လိမ္မာသည်။ အသိပညာနှင့်ပြည့်စုံသည်။ ပညာတတ်မြောက်သည်။ ချစ် နှစ်သက်စရာပြောဆိုတတ်သည်။ နှုတ်ချိုသော စကားလည်းရှိသည်။ ကိုယ်ကျင့်တရား စောင့်စည်းလေ့ရှိသည်'ဟူသော ကောင်းသတင်းများထွက်လေသည်။ ပန်းရနံ့ကဲ့သို့ ထုံသင်းကြိုင်လှိုင်လေသည်။ ထို့ကြောင့် အရပ်ရပ်သို့ ပျံ့နှံ့၍ လူတိုင်းသိရှိခဲ့ပေ၏။

ထိုသို့ ကျော်ကြားလေသဖြင့် အတိုင်းတိုင်း အပြည်ပြည်ကလည်း ချီးမွမ်းလာခဲ့ကြလေ၏။ တိုင်းနိုင်ငံ အသီးသီးမှ မင်းညီမင်းသားများသည် လိုလားမှု ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် မေရွှပနှင့်လက်ထပ်ထိမ်းမြားရန် ဘုရင်မင်းထံ တောင်းခံခဲ့ကြလေ၏။ ဘုရင်မင်းလည်း တောင်းခံသူများလေသဖြင့် အခက်ကြုံခဲ့ရလေ၏။ 'မည်သူ့ကို လက်ခံ၍ မည်သူနှင့်ပေးစားရမည်နည်း၊ မည်သူ့ကိုကား ဖယ်ရှားရမည်နည်း' ဟု စဉ်းစားမရ ဖြစ်လာခဲ့ရလေ၏။

ဘုရင်သည် သမီးတော်အတွက် အကြံအိုက်နေသည်ကို မေရွှပသိမြင်လာခဲ့ရလေသည်။ ဖခင်၏ပူပင်သောက စိုးရိမ်နေခြင်းကို သနားမှုဖြစ်လာခဲ့လေ၏။ ထို့ကြောင့် ဖခင်ကို စိတ်ချမ်းသာစေရန် မေရွှပက ထုတ်ဖော်လာခဲ့ရလေသည်။

တစ်နေ့သ၌ မေရွှပက ဖခင်ကို လျှောက်တင်လေ၏။

'ခမည်းတော် မင်းမြတ် မကြောင့်ကြပါလင့်၊ စိတ်အေးချမ်းသာစွာပင် စံတော်မူပါ၊ သမီးတော်၏ အိမ်ထောင်ရေးသည် ကင်းရှင်းပြီးသာဖြစ်ပါသည်၊ တက္ကသိုလ်

ပြည်တွင် ပညာသင်ကြားစဉ်ကပင် အိမ်ထောင်ဘက် ပြုခဲ့ပြီးဖြစ်ပါသည်။ သမီးတော်နှင့်ပညာအတူ သင်ဘက် မောင်သစ္စာဆိုသူနှင့် ကတိသစ္စာထားရှိခဲ့ပါ သည်။ မောင်သစ္စာမှတစ်ပါး မည်သူနှင့်မှ လက်ထပ်မှု မပြုလိုပါ'ဟု ပြောလေသော် ဘုရင်လည်း စိတ်သက်သာရာ ရရှိခဲ့ရလေ၏။

ထိုသတင်းကို မေးစမ်းလာသမျှ မင်းတို့ကို ပြန်ကြားလေ၏။ မင်းညီမင်းသားတိုင်းကိုလည်း အသိပေးကျေနပ်စေခဲ့လေသည်။ ထို့ကြောင့် မျှော်လင့်မှုမရှိ ဖြစ်ရကာ နောက်ထပ်ဆက်သွယ်မှုများ တန့်ရပ်သွားခဲ့ကြ၏။

ထိုအခါမှ မင်းသမီးသည် ဖခင်ထံ ခွင့်တောင်းလေ၏။ အခွင့်ယူပြီးနောက် တက္ကသိုလ်ဆရာကြီးထံသို့ မောင်သစ္စာကို ရှာဖွေရန် သွားလေသည်။

မင်းသမီး မေရှုပသည် ခရီးအတန်ပေါက်မြောက်ခဲ့လေ၏။ ထို့နောက် တောအုပ်တစ်ခုအနီးသို့ ရောက်ခဲ့ရလေသည်။ ထိုတွင် ခိုးသားဓားပြတို့နှင့် ပက်ပင်းတွေ့ဆုံရင်ဆိုင်ခဲ့ရလေ၏။ မေရှုပကို မြင်လျှင် ဝတ်ဆင်လာသော အဆင်တန်ဆာများကို လိုလားတပ်မက် နှစ်သက်ခဲ့ကြလေသည်။ ထို့ကြောင့် မေရှုပကို 'မပြေးနှင့်ရပ်လော့' ဟု ဆိုကြကာ တားမြစ်ကြလေ၏။ မေရှုပလည်း တစ်ခွန်းသောစကားဖြင့်ပင် ရင်ဆိုင်လေသည်။ ထိုအခါ ခိုးသူကြီးက အံ့သြလျက်. . .

'နှမ သင်သည် ကြောက်ရွံ့ခြင်း ကင်းဘိသည်။ မတုန်မလှုပ် ရဲရင့်လှချေသည်။ တစ်ကိုယ်တစ်ကာယတည်း အားကိုးမဲ့ သွားရဲသည်။ မည်သည့်အရေးကိစ္စရှိသနည်း။ သင်ကား ငါတို့၏ လက်ထဲကျရောက်ခဲ့လေပြီ။ အသက်ဆုံးရှုံးခံလိုသလော၊ မိမိဌာနကို ကောင်းစွာ ပြန်သွားလိုချင်သလော ရွေးရန်သာ ရှိတော့သည်။ အသက် မသေလိုပါက ပါလာသမျှ ဘယက်ဒွါဒရာ တန်ဆာများကို ပေးရစ်ခဲ့လော့' ဟု ခြိမ်းခြောက်ပြောဆိုတောင်းလေ၏။

မေရှုပလည်း မကြောက်မရွံ့ တုန်လှုပ်ခြင်းမရှိဘဲ ပြန်ပြောလေသည်ကား. .

'အမောင်တို့ မိမိမှာ ဖခင်၏ သောကကို ပျောက်စေရန် ခရီးထွက်ခွာလာရပါသည်။ တက္ကသိုလ်ပြည် ဆရာကြီးထံ သွားရောက်ပါမည်။ အတူ ပညာသင်ဖက်နှင့် သစ္စာပန္နက် ထားရှိခဲ့ဖူးပါသည်။ ထိုသစ္စာကို မဖောက်ဖျက်လိုသဖြင့် ကတိအတိုင်း အတွေ့ခံလိုပါသည်။ သေရခြင်းထက် ကတိပျက်ခံရမည်ကိုသာ ကြောက်လှပါသည်။ တောင်းပန်ပါရစေ။ ဆရာကြီးထံမှ သစ္စာထားခဲ့သူကို ရှာဖွေမေးမြန်းစုံစမ်းလိုပါသည်။ ထိုက ပြန်ရောက်သောအခါ မိမိ၏အသက်ခန္ဓာကို အပ်နှင်းပါအံ့။ သဘောရှိစွာ ယူငင်အသုံးပြုနိုင်ပါသည်' ဟု ဆိုလေသော် ခိုးသူကြီးလည်း စဉ်းစားမှု ပြုရလေ၏။

ထို့နောက် 'ဤစကားသည် တကယ်မှန်၏လော၊ မှန်ချေက သစ္စာပြု၍

သွားလေတော့' ဟု ဆိုလေ၏။

မေရှုပလည်း သစ္စာပြုလေသဖြင့် လွှတ်လိုက်လေသည်။ ထိုကတစ်ဖန် ခရီးဆက်ခဲ့ရာ တောတန်းတစ်ခုအနီးသို့ ရောက်ခဲ့လေသည်။ ထိုတွင် ဘီလူးကြီးတစ်ကောင်နှင့်တွေ့လေရာ ဆီးတားခြင်းခံရလေ၏။ မကြောက်မလန့်ဘဲ တန့်ရပ်ခဲ့လေသည်။ ဘီလူးက 'ငါ့အစာ ဖြစ်ရချေအံ့၊ အစာမစားရသည်မှာ သုံးရက်တိုင်လေပြီ' ဟု ခြိမ်းခြောက်ပြောဆိုလေ၏။ သို့သော် မေရှုပသည် ခိုးသူတို့အား ပြောဆိုခဲ့သည့်အတိုင်း ပြောပြလေ၏။ ထိုအခါ ဘီလူးကြီးကလည်း သွားခွင့်ပေးလိုက်လေသည်။

ခရီးစဉ်အတိုင်း သွားပြန်သော် ဆရာကြီးထံ ရောက်ရှိလေ၏။ ဆရာကြီးအား ပညာသင်ဖက်ဖြစ်ခဲ့သူ မောင်သစ္စာအား မေးလေ၏။ 'မောင်သစ္စာကား ယခု ရသေ့ ရဟန်းဘဝရောက်ရှိခဲ့လေပြီ၊ အဘယ်အလို့ငှာ သိချင်ရာသနည်း'ဟု ဆရာကြီးက ပြောလေသည်။

ပညာသင်ကြားစဉ်က ကတိသစ္စာထားရှိခဲ့ဖူးကြောင်း၊ ထိုကိစ္စနှင့်တွေ့လိုလှပါကြောင်းဖြင့် မေရှုပလည်း ပြန်ပြောခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် မောင်သစ္စာကို ရသေ့ပြုနေရာမှ ခေါ်ယူ၍ ပေးလေ၏။

ရောက်လာသော် ၎င်းတို့နှစ်ဦးသည် တွေ့ဆုံခဲ့ကြလေသည်။ အချင်းချင်း လာရောက်ခြင်းကိစ္စကို မေးမြန်းပြောဆိုကြလေ၏။ 'ကတိ အတိုင်း တည်လှသည်၊ သစ္စာမဖောက်ဖျက်လို၍ အသက်စွန့်ကာ လာခဲ့သည်။ တောအထပ်ထပ်၊ တောင်အတန်တန်ကို ကျော်ဖြတ်လာခဲ့သည်၊ ဘေးအန္တရာယ်အသွယ်သွယ်ကို အရေးမထားဘဲ လာရောက်ခဲ့သည်။ သင့်အား ငါအလွန်အံ့သြသမှုပြုပါ၏။ ထိုထက် သစ္စာကတိကို ငါအလွန်ချီးကျူးပါ၏။ သင့်လို မိန်းမမြတ်ကား ရှားပါလှပေ တကား' ဟု လည်း ရသေ့မောင်သစ္စာက ဝမ်းသာအားရစွာ ပြောလေ၏။

ထိုနောက် "ဤနေရာသို့ သာမည စွမ်းရည်ဖြင့် မရောက်နိုင်ပါ၊ လာရောက်ခဲ့ခြင်းကိုလည်း ကျေးဇူးတင်ပါသည်။ မိမိမှုကား သင်နှင့်ခွဲခွာသွားပြီးစပင် အထင်လွဲမှားကာ စိတ်လျှော့လိုက်ပေပြီ၊ ယရာဝါသ အိမ်ထောင်မှုကို ငါမလိုရာကား ရသေ့ပြုခဲ့ပြီးချေပြီ။ ငြိမ်းချမ်းရာကိုသာ ငါရှာဖွေတော့အံ့၊ နှမလိုရာသို့သာသွားလေလော့" ဟု ခွင့်ပြုလေ၏။

ထိုအခါ မေရှုပသည် စိတ်လက်ချကာ ပြန်လာလေ၏။ လမ်းခရီးတွင် ကတိပြုခဲ့သမျှတို့ကိုလည်း မသွေမလွဲ တွေ့ဆုံခဲ့လေ၏။

ဘီလူးကြီးက "သင်သည် အသက်ဘေးမှ လွတ်မြောက်ခဲ့လေပြီ၊ သို့သော်လည်း ငါ၏အထံသို့ တစ်ဖန်လာ၍ မိမိကိုယ်ကို အပ်နှံရဲသည်ကား သစ္စာတရားပင်တည်း။ သစ္စာကတိမြဲလှသူသင့်အား ငါမည်သို့ စားဝံ့ရဲအံ့နည်း။ စားမိမှားချေက မီးတောက်

လောင်ကျွမ်းရာ၏။ မိုးကြိုးလောင်မီးသော်လည်းကျချေရာ၏။ ဝရဇိန်လက်နက် ဦးခေါင်းထက်ကို နှစ်စိတ်ခွဲမှုလည်း ခွဲရာ၏။ အသင်လူသားကို ငါကား မစားဝံ့ပါ။ သင်လိုရာခရီးကိုသာ အောင်မြင်ချောမောစွာ ပြန်သွားပါလေ တော့"ဟု ခွင့်ပြုလိုက်လေ၏။ ထို့ပြင် ရွှေ ငွေ၊ ရတနာများကိုလည်း လက်ဆောင် ပေးလိုက်လေ၏။

ထိုက ပြန်လေသော် ခိုးသားတို့ထံရောက်ကြောင်း ပြောပြလေ၏။

"မိမိ ခန္ဓာကိုလည်းကောင်း၊ ဘယက်ဒွါရာကိုလည်းကောင်း၊ အလိုရှိသလို အသုံးပြုနိုင်ပါသည်" ဟု ပြောဆိုအပ်နှင်းလေ၏။

"သေဘေးမှ လွတ်သူဖြစ်လျက် ပြန်လာခြင်းကား အံ့ဖွယ်ရှိပေစွ၊ သင်အား မကြောက်မရွံ့တတ်သောတရားသည် သစ္စာပင်တကား၊ သင့်ကို ငါတို့ မည်သို့ပြုမူနိုင်ရာအံ့နည်း။ သင့်ကို ပြုမူမိမှုားက ငါတို့တွင် တစ်စုံတစ်ခုသော ဘေးအန္တရာယ်သည် ကျရောက်မည် မလွတ်တည်း။ ထို့ကြောင့် သင်အား ငါတို့ခွင့်ပြုပါ၏။ ချမ်းသာစွာ ပြန်သွားပါလော့" ဟု လွှတ်လိုက်လေ၏။ ဘီလူးကြီးတို့အတူ ခိုးသားတို့ကလည်း လက်ဆောင်ပေးလိုက်ကြလေ၏။

မေရှပသည် အသက်ချမ်းသာစွာ ပြန်လာခဲ့လေ၏။ ရွှေငွေလက်ဆောင်များ ကိုလည်း ရရှိလာခဲ့လေ၏။ ရောက်လေသော် ထိုရလာသမျှတို့ကို မိဘတို့အား အပ်နှံခဲ့လေ၏။ မိမိမှုကား အိမ်ထောင်မပြုရတော့ဘဲ ရသေ့မလုပ်ခဲ့လေ၏။ မောင်သစ္စာအတူ ငြိမ်းချမ်းရာကို ရှာဖွေခဲ့ရလေသတည်း။

# လူကိုမနာလို ကိုယ့်မှာ အကျိုးမဟိ

ရှေးအခါက အလွန်သာယာလှသော တောအုပ်ကြီးတစ်ခု ရှိခဲ့လေသည်။ ထိုတောအုပ်ကြီး၌ ချေငယ်တစ်ကောင်နှင့် ကျီးကန်းတစ်ကောင်တို့ ကျက်စားနေထိုင်လျက် ရှိခဲ့ကြလေ၏။ ချေငယ်ကား တောအုပ်မြိုင်ကောင်းသော သစ်ပင်ကြီးတပင်၏ အောက်၌ နေထိုင်လေသည်။ ကျီးကန်းငယ်မှာမူ ချေနေသော ထိုသစ်ပင်ကြီး၏ ထိပ်ချာ ခေါင်ဖျားသစ်ကိုင်းခက်၌ နေလေ့ရှိလေ၏။ ငှက်တို့သည် သစ်ပင်ကြီးကိုမှီခိုလျက် အချင်းချင်း မိတ်ဆွေဖွဲ့ကာ နေထိုင်လာခဲ့ကြလေ၏။ ရန်သူရောက်လာလျှင် တစ်ကောင်က တစ်ကောင်ကို အသိအမှတ်ပေး၍ နေလာခဲ့ ကြလေ၏။

တစ်နေ့သ၌ မြေခွေးတစ်ကောင်သည် ထိုသစ်ပင်ကြီးအောက်သို့ ရောက်ရှိလာလေ၏။ ထိုမြေခွေးကို ကျီးကန်းက မြင်လေသော် မိတ်ဆွေချေငယ်ကို "အာ-အာ"ဟူသောမြည်သံကို ပြုလေ၏။ ချေငယ်ကလည်း တစ်စုံတစ်ခုသော ရန်သူများ ရောက်လာပြီဟူ၍ သိရှိလေ၏။ သစ်၊ ကျား၊ ခြသေ့၊ မြေခွေး၊ မုဆိုးဘေးရောက်လာသော် တိမ်းရှောင်လေ့ရှိ၏။ ထို့ကြောင့် ချေငယ်သည် မြေခွေးဘေးရန်မှ လွတ်မြောက်ရာသို့ ပုန်းအောင်းနေခဲ့လေ၏.

မြေခွေးသည် ထိုအချင်းအရာကို မြင်လေသော် မနာလိုဖြစ်လာလေ၏။ အကောက်ဉာဏ်ကြံဆင်လျက် မိတ်ဆွေပျက်ပြားမှုကို ပြုခဲ့လေ၏။ စဉ်းလဲကောက်ကျစ်တတ်သော မြေခွေးသည် တစ်နေ့သ၌ ချေငယ်ကို ဂုံးချောစကားပြောလေ၏။ ပြောသည်မှာ. . .

"အဆွေ ချေငယ်သင်နှင့်ကျီးကန်းသည် နှစ်ဦးချင်း မိတ်ဖွဲ့နေကြသည်။ ငယ်စဉ်ကစ၍ မိတ်ဖွဲ့နေကြခြင်းသည် ကောင်းအံ့မထင်။ အကြောင်းသော်ကား အဆွေက အမြင့်မှာ မနေရဘဲ မြေတွင်သာ သွားလာနေရသည်။ ကျီးကန်းမှာ မြေသို့မဆင်းသက်ရဘဲ ကောင်းကင်၌ပင် ပျံသန်းသွားလာနေရသည်။ ကောင်ကင်နှင့်မြေကြီးဆိုလျှင် မည်မျှကွာဝေးလေသနည်း။ ဟော. . . အပေါ်သို့ မော့်ကြည့်စမ်းပါ၊ ကောင်းကင်၏အဆုံးကို မြင်၏လော၊ အောက်မြေကြီးကို ငုံ့ကြည့်စမ်းလောမည်သို့ တွေ့မြင်ရမည်နည်း။ ဤသို့ သဘောနှင်နှင် သင်တို့နှစ်ဦး မိတ်ဆွေဖြစ်အင်ကို မှတ်ကြစေချင်သည်။ အသင်နှင့်ငါသည်သာလျှင် စင်စစ်မိတ်ဆွေဖွဲ့သင့်လေသည်။ ခြေလေးချောင်းရှိသူချင်း တူကြသည်။ မြေတွင် ဆိုလျှင်လည်း တွား၍သွားတတ်သူချည်းဖြစ်သည်။ မတူသူကို တုနိူင်းခြင်းကား အမှားသာတကား။ ယခုငါပြောသောစကားကို ဟုတ်-မဟုတ် စဉ်းစားကြည့်ပါ။ မှန်သလော၊ မှားသလော တွေးကြည့်ပါ။ ယင်းသို့ ဆင်ခြင် နှလုံးသွင်းကြည့်က အဖြေမှန်ကို သိသာထင်ရှားနိုင်

ရာသည်" ဟု လှည့်ဖျားလေ၏။

မြေခွေး၏ဖျားယောင်းစကားကို ချေငယ်သည် ကြားသိလာခဲ့ရလေသည်။ အကြိမ်ကြိမ် ကြားနာလာရလေသောအခါ နားယောင်မှုဖြစ်လာရလေ၏။ မိတ်ဆွေဖွဲ့မှု၌ စိတ်မချ၊ မယုံမကြည်သဘောရှိလာခဲ့လေ၏။ ထို့ကြောင့် မြေခွေးကိုပင် မိတ်ဆွေ ဖွဲ့လိုခြင်း ဆန္ဒသက်ရောက်ခဲ့လေ၏။ မြေခွေးစကားကိုလည်း အကယ်ထင်မှတ်၍ လာခဲ့ရလေ၏။

စကားနားဝင်သောအခါကပင်စ၍ ချေငယ်သည် ကျီးကန်းကို မိတ်ဖျက်လာခဲ့လေ၏။ မြေခွေးကိုပင် "အဆွေနှင့်ငါသည် ယနေ့မှစ၍ အဆွေခင်ပွန်းဖြစ်ကြအံ့" ဟုပြောဆိုဆက်ဆံလေသည်။ ထိုအခါ ချေငယ်၏ ယုံကြည်မှုကို မြေခွေးသည် ကောင်းစွာရရှိသွားလေ၏။ ထို့ကြောင့် ချေငယ်ကို မိမိနောက်သို့ လိုက်ပါနေစေရန် ခေါ်ဆောင်ခဲ့လေသည်။

ကျီးကန်းနှင့်ချေငယ်သည် မိတ်ဆွေအဖြစ်မှ တစ်စတစ်စ ဝေးကွာခဲ့ကြလေ၏။ ကျီးကန်းကို ဖယ်ရှားလျက် မိတ်ဆွေသစ်မြေခွေးကိုသာလျှင် အာထားလာလေသည်။ မြေခွေးနောက်သို့ တကောက်ကောက်လိုက်ပါနေခဲ့လေ၏။ မြေခွေးကလည်း ချေငယ်ကို ပို၍ လှည့်ဖျားလာခဲ့လေသည်။ အခွင့်သင့်တိုင်း မြေခွေးက ဖျောင်းဖျ လှည့်စား၍ ပြောဆိုခဲ့လေသည်။

မြေခွေးနောက်မှ လိုက်ပါနေစဉ် ချေငယ်အား ဤသို့ပြောလေ၏။

"အဆွေ သင်သည် ငါ့နောက်သို့ လိုက်ပါခြင်းကား အကျိုးရှိလေသည်။ ငါနှင့်မကွာ နေရသည်မှာ အကျိုးများချေ၏၊ လယ်ကွင်းထဲတွင် စိမ်းညို့နေသော စပါးခင်းများရှိကြသည်။ ကိုင်းယာခင်းတွင်ဆိုလျှင် ပန်းနုပန်းရွက်များ ပေါက်ရောက်လျက်ရှိနေသည်။ ထိုစပါးနှင့် နုံထွားသစ်ရွက်များကို ယခုစားရတော့မည်။ အသင်မကြောင့်ကြနှင့်"ဟု နှစ်သိမ့်ခဲ့လေသည်။

မကြာခင် လယ်ကွင်းတစ်ခုသို့ ရောက်ရှိခဲ့ကြလေ၏။ မြေခွေးစဉ်းလဲက. . . .

"အဆွေ . . . ဟော . . . ကြည့်စမ်းပါလော့၊ လယ်ကွင်းထဲတွင် စိမ်းညို့နုနယ်သော စပါးခင်းများကို မြင်ပါ၏လော၊ ဘယ်ကလောက် လှပါသလဲ၊ အသင်သွား၍ ဝမ်းဝအောင်စားလေလော့" ဟု တိုက်တွန်းပြောဆိုလေ၏။ ထိုအခါ ချေငယ်လည်း စိတ်ရှိစွာ စားသောက်ခဲ့လေသည်။

ချေငယ်သည် လယ်ကွင်းထဲ၌ စားသောက်လာခဲ့ရသဖြင့် စိတ်ဖျိုကိုယ်နုလာခဲ့ရလေသည်။ ငယ်က မိတ်ဆွေကောင်းကို ကဲ့ရဲ့ပြစ်တင်၍ မိတ်ဆွေသစ်ကိုသာ ချီးကျူးခြင်းပြုလာလေသည်။

"ငါသည် ကျီးကန်းနှင့် အဆွေခင်ပွန်းပြုလာသည်မှာ ကြာခဲ့ပြီ၊ ဤမျှလောက်

ကြာပြီးသော်လည်း ဤကဲ့သို့ အစားကောင်းများကို တစ်ကြိမ်တစ်ခါ မစားခဲ့ဘူး ချေ။ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းမိလျှင် စားသောက်မကုန်ဆိုရာသည်။ ကျိုးကန်ကား ငါ၏ကောင်းသော မိတ်ဆွေမဖြစ်တန်ခဲ့ရာ၊ မြေခွေးနှင့်ပေါင်းဖော်မိ မှပင် အစားကောင်းကို စားလာရသည်။ ငါ့အတွက် မြေခွေးသာလျှင် မိတ်ကောင်း အစစ်ဖြစ်ရာသည်။ ငါသည် ယနေ့ကစ၍ ဤလယ်ကွင်းကို အမှီပြု၍ နေပေအံ့၊ အသက်ထက်ဆုံး တည်နေနိုင်လတ္တံ့" ဟုအောက်မေ့လာခဲ့လေသည်။

ချေငယ်သည် အစာ၌ တပ်နှစ်သက်၍ ဘေးကိုမမြင်လေဘဲ ရှိလေ၏။ ထို့ကြောင့် မကြာခဏ စပါးခင်းများကို ထွက်၍စားနေလေသည်။ စားဖန်များလာ သောအခါ လယ်ရှင်သူကြီးက မကြာခင် တွေ့မြင်လာခဲ့လေ၏။ မိမိစပါးခင်း ပျက်စီး ခံရသည်ကို စိတ်ဆိုးမာန်ပါ ဖြစ်လာရလေသည်။ ထိုအခါ ချေငယ်ကို ဖမ်းမိရန် ကြံဆောင်လာခဲ့ရလေ၏။ သွားလာနေကျဖြစ်သော လမ်းတို့၌ သားရေကျော့ကွင်း ကြီးကို တပ်ဆင်လေသည်။ မကြာမီ ကျော့ကွင်းထောင်ချောက်၌ ချေငယ်သည် မိလေ၏။ လည်ပင်းတွင် သားရေကျော့ကွင်းမိလေသော် ပြေးမလွတ်ဘဲ ရှိခဲ့ရ လေသည်။

ထိုအခါ ရုန်းကန်၍ ဟစ်အော်ခဲ့လေ၏။

"အဆွေမြေခွေး၊ ငါသည် ကျော့ကွင်း၌ အမိခံနေရပြီ၊ လယ်ရှင်ရောက်လာက အဖမ်းခံရမည်သာရှိတော့သည်။ သေမည့်ဘေးကို ဆိုက်ရောက်နေပြီ၊ အလျင် လာလှည့်ကူပါလော့၊ သားရေကျော့ကွင်းကြီးကို ကိုက်ဖြတ်ပေးချေလော့၊ ငါအား သေဘေးမှ ကင်တင်ပါလော့"ဟု အော်မြည်တမ်းယမ်းလေသည်။

ချေငယ်၏အော်သံကို ကြားရသောအခါ မြေခွေးက ပြောသည်မှာ. . .

"ငါသည် သင့်ကို ချစ်မြတ်နိုး၍ ခေါ်ယူလာခြင်းမဟုတ်၊ သင်၏အသားကို စားလို၍သာ ဥပါယ်တမဉ်ဖြင့် လှည့်ဖျားယူလာရသည်၊ သင်သည် ငါ၏အစာပင် အဖြစ်ခံရတော့အံ့" ဟု ထုတ်ဖော်လေသည်။ အားရဝမ်းသာစွာဖြင့် ချေငယ်သေ သည်တိုင် စောင့်စားနေလေ၏။ ကူညီရန် မပြုတော့ဘဲချေသေလျှင် အသားကို စားရတော့မည်ဟု မှတ်ထင်နေလေသည်။ ထိုနောက် တောချုံထူထပ်ရာသို့ ဝင်သွား လျက် ရွက်ပိတ်ပေါင်းထဲ ပုန်းအောင်းနေခဲ့လေသည်။

ချေငယ်သည် မြေခွေးမပေါ်လာမှန်း သိလာခဲ့လာ၏။ ထိုအခါမှ သတိရလျက် မိမိသေဘေးကို တွေးတောကြောက်ရွံ့လာလေသည်။

"ကောက်ကျစ်စဉ်းလဲသော မြေခွေးမိုက်၏စကားကို ယုံမိမှားလေစွ၊ အစာကို သာမြင်၍ ဘေးကိုမမြင်မိလေခြင်းဟု ယူကျုံးမရဖြစ်ခဲ့လေ၏။ ထိုပြင် အရှည်ကို မကြည့်ဘဲ အတိုကို ကြည့်မိခဲ့သည်တကား။ စကားပြောကောင်းသော မိတ်ဆွေမျိုးကို

ပေါင်းဖော်မိလေသည်။ ယခု သေဘေးနှင့် ရင်ဆိုင်တွေ့ကြုံနေရလေပြီ မဟုတ်လော့။ ကောက်ကျစ်စဉ်းလဲ၍ မာယာများသော မြေခွေးမိုက်ကို အထင်ကြီးခဲ့ပေသည်။ မိတ်ဟောင်းကို ပြစ်တင်ကဲ့ရဲ့ပြီးလျှင် မိတ်သစ်ကို ကျေးဇူးတင်မိခဲ့လေသည်။ ငါ ယုံစားခဲ့ခြင်းတို့ကား အမှားကြီးမှားလေစွ”ဟု နောင်တ ဖြစ်လာခဲ့ရလေ၏။ မိမိကိုယ်ကို အပြစ်တင် အမှားကောက်ခဲ့ရလေသည်။

မည်သို့အားထုတ်သော်လည်း လွတ်မြောက်ရန် ဝေးခဲ့၏ သေမည့်ဘေးကို ရှောင်ရှားရန်မတတ်နိုင် ရှိနေလေသည်။ ထိုသို့ အားငယ်စိတ်လျော့နေစဉ် မိတ်ဆွေဟောင်းကို သတိရလာသည်။

“မိတ်ဆွေဟောင်းဖြစ်ခဲ့ဖူးသော ကျီးကျန်းကား ရှိသေးသည်။ မည်သို့ဆိုစေ ကယ်မည်ဆိုက ကယ်နိုင်ကောင်းသည်။ မိတ်ဆွေရင်းကို ပစ်ခွာ၍ လှည့်ဖျားယုံစားမိလေသည်။ ယခုသေဘေးနှင့် ကြုံတွေ့နေရပြီ၊ မိတ်ဆွေကျီးကန်းပင်လျှင် ကယ်တင်လှည့်ပါ၊ အလျင်အမြန်လာရောက်၍ လွတ်အောင်ပြုပါလော့၊ ယင်ကြမကို မိတ်ဆွေဖွဲ့၍ မျက်စိရစ်ဝန်း၌ ယင်ကြဉဖြူစွာ ဥချပါလော့၊ ဦးခေါင်းနှင့်အမြီးကို နှုတ်သီးဖြင့် ထိုးဆိတ်ဟန်ပြုပါလော့” ဟု ကျီးကန်းအား တမ်းတပြောဆိုလိုက်လေသည်။

တမ်းတတိုင်း ကျီးကန်းလည်း မဆိုင်းမတွဘဲ ရောက်လာခဲ့လေသည်။ ရောက်လာလာချင်း ဘေးဆိုက်နေသော ချေငယ်ကို တွေ့မြင်လေသော် လွန်စွာသနားလေ၏။ ထို့ကြောင့် ချေငယ်ဆန္ဒပြည့်ဝစေရန် ယင်မမဲရိုင်းကို မိတ်ဖွဲ့လျက် ချေငယ်မျက်စိဝန်း၌ ယင်ချေးဥ ဥချလေ၏။ ယင်ချေး ဥချပြီးသောအခါ ဦးခေါင်းနှင့်အမြီးကို နှုတ်သီးဖြင့် ထိုးဆိတ်ဟန်ပြုလေသည်။

ထိုအခြင်းအရာကို လယ်ရှင်မြင်လေသော် ချေငယ် အကယ်သေပြီဟု ထင်မှတ်လေ၏။ လျင်စွာပြေးလာခဲ့ကာ ချေငယ်မိနေသော ကျော့ကွင်းကြိုး လည်မှဖြုတ်ချွတ်လေသည်။ ထို့နောက် နွယ်ကြိုးဖြတ်ရန် တောသို့ဝင်လေ၏။ ထိုစဉ် ကျီးကန်းက အသံပေးလေရာ ချေငယ်လည်း တစ်ဟုန်တည်း ထ၍ ပြေးသွားလေသည်။လယ်ရှင်သူကြီးမြင်လေသော် လက်၌ စွဲကိုင်၍ပါလာသော ဓားဖြင့် တစ်အားကုန်ပစ်လွှတ်လေသည်။ ထိုအခါ ချုံထဲ၌ ပုန်းအောင်းလျက်ရှိနေသော မြေခွေးဦး ခေါင်းကို ထိမှန်၍ အသက်ဆုံးရှုံးခဲ့ရလေ၏။

မြေခွေးမိုက်သည် ချစ်ခင်နေသော မိတ်ဆွေကို မကောင်းကြံဆောင်မှုကြောင့် ဘေးဒဏ်ထိခံရလေသည်။ မကောင်းကြံကာ ဘေးရန်ခခြင်း ဖြစ်ခဲ့ရလေ၏။ သူများကို မနာလို ကိုယ့်မှာအကျိုးမဲ့သာ ရောက်ခဲ့ရလေသည်။

“လူကို မကောင်း မကြံကောင်း၊ မကောင်းကိုယ့်တွင် ကိုယ့်ရင်တွင်းမှာ ပြေးလို့ဝင်”ဟူ၍ မျက်မှောက်ဘေးထိခံခဲ့ရလေ၏။ “လူကိုမနာလို ကိုယ့်မှာအကျိုးရှိ” ဟူသော စကားစဉ်ကိုပါ ဖြစ်စေခဲ့လေသတည်း။

# အခက်ကြုံသော မောင်ခက်တေ

ရှေးအခါက ရွာတစ်ရွာတွင် လင်မယား တစ်အိမ်ထောင်ရှိလေသည်။ မောင်ချောနှင့် မမေဗျောဟု ခေါ်တွင်လေ၏။မယား မမေဗျောတွင် သားကိုယ်ဝန် ရင့်လာသောအခါ မမွေးဖွားနိုင်ဘဲ သုံးရက်တိုင်တိုင် ဆင်းရဲဒုက္ခဖြစ်ခဲ့ရသည်။ ရွာတွင် လက်သည်မရှိ၍ ရွာနီးချုပ်စပ် တခြားရွာမှ ဆရာမ မိမေဖြူကို ခေါ်ယူလေသည်။

၎င်းဆရာမနှင့် စမ်းသပ်ရာ သန္ဓေသားမှာ ကန့်လန့်ဆီးနေသည်ဆိုလေ၏။ ထို့ကြောင့် နေထားတကျ ပြုပြင်ပေးကာ ခဲယဉ်းစွာ မွေးဖွားခဲ့ရလေ၏။ ခက်ခဲစွာ မွေးဖွားရသဖြင့် သူငယ်ကို မောင်ခက်တေဟူ၍ အမည်ခေါ်တွင်ကြလေသည်။

သားဦးမိခင်သည် မကြာခင် အင်အားချည့်နဲ့ခြင်းဖြစ်လာခဲ့ရလေ၏။ ကိုယ်ခန္ဓာ ပိန်ချုံးစွာနှင့်ပင် နလံမထူဘဲ ရှိလေသည်။ ထိုဝေဒနာကို ခံစားရင်း မောင်ခက်တေ သုံးနှစ်သားအရွယ်တွင် မိခင်သေဆုံးသွားလေ၏။ ဖခင်ဖြစ်သူသည် သားငယ်ကို မွေးမြူလာခဲ့ရာ။ ထိုသား ငါးနှစ်မြောက်လာသော အခါ အိမ်ထောင် သစ်တည်ထောင်လေသည်။ အမည်မှာ မဖွားမေဟူ၍ ခေါ်တွင်လေ၏။ ရုပ်ရည်အင်္ဂါချောမောလှပတင့်တယ်လေသည်။

မယား မဖွားမေကား မာယာပရိယာယ်လည်း ကြွယ်ဝလေ၏။ ကာမဂုဏ်အာရုံ၌ တက်မက်ခြင်းများလှသည်။ မိမိလင်နှင့်သာမက တခြားသူများနှင့် ဖောက်ပြားလေ့ရှိလေ၏။ ထိုသို့ ယုတ်မာစွာ မှားယွင်းပြုကျင့်သည်ကို လင်ယောကျ်ားမသိချေ။

သို့သော် သားဖြစ်သူက တပ်အပ်သိမြင်လေ၏။ ဖခင်ကို အသိမပေးဝံ့ဘဲ မျိုသိပ်၍သာနေခဲ့သည်။ ဖခင်အား ပြောကြားရန်မှာလည်း ခက်ခဲနေရလေ၏။ ထိုသို့ အခက်နှင့်သာကြုံနေရာကား "ခက်တေ ခက်တေ"ဟူ၍သာ ပါးစပ်က တတွတ်တွတ် ရေရွတ်နေခဲ့လေတော့သည်။

ထိုအခါ ကြားရသူတိုင်းက "မည်သို့အခက်ရှိသနည်း"ဟုမေးကြသည်။ မည်သူကပင် မေးမေး "ခက်တေ ခက်တေ"ဟူ၍ပင် ပြောဆိုနေလေ၏။ ခက်တေ ခက်တေ ဆိုသောစကားမှအပ တခြားစကားဖြင့် ပြန်လှန်ပြောဆိုလေ့မရှိသောကြောင့် အများက အသိခက်ခဲ့ကြ၏။ ဖခင်ဖြစ်သူလည်း အကြိမ်ကြိမ်မေးလေသည်။ မထူးခြားဘဲ ခက်တေ ခက်တေ ဟူ၍သာပြောဆိုခြင်းကို ကြားသိရလေ၏။ ထို့ကြောင့်ဖခင်လည်း သားအတွက် ရတက်ပွေ၍ အခက်ကြုံလာခဲ့ရသည်။

ဖခင်ဖြစ်သူသည် သားအတွက် စိတ်ပူပင်မှုဖြစ်ခဲ့ရလေ၏။ 'ငါ့သားသည် ရှေးအခါက ခက်တေ ခက်တေဟူ၍ တစ်ကြိမ်တစ်ခါမှ ပြောလေ့မရှိ။ ယခု တတွတ်တွတ်ပြောဆိုလာခြင်းမှာ ဧကန္တတစ်စုံတစ်ခု အကြောင်းရှိချေရာသည်။ ငါ၏သား၌ စုန်းပယောဂ ကပ်ယှဉ်လေ၍လော။ သို့မဟုတ် နတ်ပယောဂဖမ်း၍ လေလော၊ သွေးသွားမမှန် ဖောက်ပြန်နေ၍လော၊ စိတ်ချောက်ချားသဖြင့် ရှူးသွပ်နှမ်းကြောင် ကယောင်ကတမ်းပြောဆိုနေခြင်းပင်လော။ မည်သို့ဖြစ်လေ သနည်းဟု ဝေခွဲမရ ရှိလာလေ၏။

ထို့နောက် ပယောဂစုတ်ထိုးဆရာ ငရွှေလုံးနှင့် ဆေးကုရန် ပြောလေ၏။ သား ဖြစ်သူက. . .

"တစ်စုံတစ်ခုမဖြစ်ပါ ။ ပကတိလူကောင်း အမှန်ပါ" ဟုပြောဆိုခဲ့လေသည်။

သို့သော်လည်း ငြင်းမလွတ်သောအခါ ထိုဆရာ၏ ဆေးထိုးကုသခြင်းကို ခံပေးရလေ၏။

ထိုဆရာ ငရွှေလုံး၌ တပည့်တစ်ယောက်ရှိရာ မောင်စုတ်ကေဟူ၍ တွင်လေသည်။ မောင်စုတ်ကေနှင့် ငရွှေလုံး၏မယားမပုမေသည် တစ်နေ့သ၌ ဖောက်ပြားကျင့်မှားခဲ့ကြလေ၏။

ထိုအဖြစ်ကို ခေက်ကေ တွေ့မြင်ရလေသော် ပြောရခက်နေလေသည်။ မျိုသိပ်မထားနိုင်ရာကား 'ခက်တေ ခက်တေ'ဟူ၍ ရေရွတ်မြည်ဟီးခဲ့ရလေ၏။ ထို့ကြောင့် ခက်တေ ခက်တေဟူသောစကားသည် နောက်ထပ် ဖြစ်ပေါ်လာခဲ့ရလေသည်။ မောင်စုတ်ကေ ခက်တေ ခက်တေ၊ မပုမေ ခက်တေ ခက်တေ'ဟူ၍ ပို၍သာလျှင် မြည်တွန်လာခဲ့လေသည်။

ထိုအခါ ဖခင်က 'ခက်တေ ဟူသော စကားသည် လွန်ကဲလာဘိသည်။ ရောဂါကြီးနေပေပြီလော'ဟု ယူဆခဲ့လေသည်။ ပယောဂဆေးနှင့် မကောင်းသော် ဗိန္ဒောဆေးဆရာကြီး မောင်စံဘော်ကို ခေါ်ယူလေသည်။ ဆရာကြီးသည် လက္ခဏာကို မေးပြီးနောက် 'ကောင်းစေရမည်'ဟု ဝန်ခံလေ၏။

ညနေအရောက်တွင် ကနခိုကဲသော ဆေးတစ်လုံးကို ကျွေးလေ၏။ ဝမ်းနှုတ်ဆေးဖြစ်လေသဖြင့် တစ်ညလုံး ဝမ်းအကြိမ်ကြိမ် သွားလေသည်။ ထိုအခါ မောင်ခက်ကေမှာ မထနိုင် မလှုပ်ရှားနိုင်ဖြစ်ခဲ့ရလေ၏။ ဆေးအတွက် ဝေဒနာအပိုရောက်ကာ အခက်ကြုံရရှာလေသည်။

မောင်ခက်ကေသည် ယုတ်မာလော်လည်မှုကို စက်ဆုတ်လေ၏။ ထိုအပြုအမူကို မတွေ့မမြင်ရလျှင် တိတ်ဆိတ်စွာ ရှိနေတတ်သည်။ မြင်တွေ့ရလျှင်ကား မနေနိုင်ဘဲ ခက်တေဟူသောစကားကို ရေရွတ်တတ်လေ၏။ မကြာမီ ဆရာကြီးမောင်စံ

ဘော်၏ တပည့် သာဖြူအောင်နှင့် ဆရာကြီးမယား မပန်းစံတို့ ဖောက်ပြန်ခဲ့ကြ၏။ ထိုအခါ မောင်ခက်တေ တွေ့မြင်ခဲ့ရလေသည်။ ထို့ကြောင့် 'သာဖြူအောင် ခက်တေ ခက်တေ၊ မပန်းစံ ခက်တေ ခက်တေ'ဟူ၍ ရေရွတ်ပြောဆိုမှု ပြုခဲ့ရပြန်လေသည်။

ဖခင်ဖြစ်သူမှာ သားအတွက် စိတ်မအေးဖြစ်လာပြန်၏။ 'စုတ်ဆေး၊ ဗိန္ဓောဆေးတို့နှင့်ကုသ၍လည်း မသက်သာ၊ မည်သို့ဆက်၍ ကုသရအံ့နည်း' ဟု ကြံစည်လာခဲ့ရလေ၏။ ထို့နောက် အများ၏တိုက်တွန်းချက်အရ ရွာဦးကျောင်း ဆရာတော် ဦးသောမထံ အပ်နှံမှုပြုခဲ့လေသည်။

ဆရာတော်လည်း ၎င်း၏လက္ခဏာကို စုံစမ်းမေးမြန်းလေ၏။ မောင်ခက်တေက ရောဂါမရှိပါကြောင်း လျှောက်ထားသဖြင့် လက်ခံထားရှိလေသည်။ ဆရာတော်ထံရှိနေစဉ် ပရိတ်တော်ကို ကျက်မှတ်စေ၏။ ထို့ကြောင့် တစ်လကျော် နှစ်လနီးပါးထိ ကျက်မှတ်၍ နေခဲ့ပါသည်။

ဆရာတော်ထံနေစဉ် ထပ်မံ၍ ခက်တေဟူသောစကားပြန်ပေါ်လာ လေ၏။ အကြောင်းမှာ ဆရာတော်နှင့် သီလရှင်မ ဒေါ်မစန္ဒီတို့သည် မလျော်သော အရှုပ်တော်ဖြစ်ခဲ့ရသည်။ ထိုမတော်အရှုပ်ယုတ်မာမှုကို မြင်တွေ့လာသဖြင့် မောင်ခက်တေမှာ အခက်ကြုံလာရပြန်၏။ ထို့ကြောင့် 'ဆရာတော် ဦးသောမ ခက်တေ ခက်တေ၊ သူတော်မ ဒေါ်စန္ဒီ ခက်တေ ခက်တေ'ဟူ၍ ရေရွတ်ခဲ့ပြန်သည်။

ထို့နောက် အခက်တစ်ခုကြုံလာသေး၏။ တစ်နေ့သ၌ ဖိုးသူတော် ဦးငလုံးသည် ဆိတ်ကျောင်းကာ ချုံပုတ်ထဲကထွက်လာခဲ့၏။ လူပျိုကြီး မောင်အောင်ကျော်သည် ဘူးတောင်းအပေါက်တစ်လုံးကို ကိုင်တွယ်၍ တောချုံတစ်ခုက ထွက်လာခဲ့လေ၏။ အပျိုကြီးမစံအေးကလည်း မုံလာဥတစ်ချောင်းကို လက်မှာကိုင်လျက် ဘူးချုံအောက်ကထွက်ပေါ်ခဲ့လေ၏။ ထိုသုံးဦးတို့ကို ခေက်တေကိုယ်တိုင် မြင်တွေ့ခဲ့ရလေသည်။

ထို့ကြောင့် မဆိတ်ငြိမ်နိုင်တော့ဘဲ 'ခက်တေ ခက်တေ ခက်တေ ခက်တေ၊ ခက်တေ ခက်တေ'ဟု တစာစာမြည်သံပေါ်လာခဲ့ရသည်။

မောင်ခက်တေမှာ မြည်သံ၊ ဟစ်သံ၊ ရေရွတ်သံများကို အခါအားလျော်စွာ ဖြစ်ပေါ်လျက်ရှိနေပေ၏။ ထိုအခါ ဖခင်ဖြစ်သူသည်လည်း အခက်ကြုံလာခဲ့ရလေ၏။ စိတ်ပူသောက မအေးဘဲ စိုးရိမ်၍သာ ရှိခဲ့ရလေ၏။ မကြံတတ် မစဉ်းစားတတ်ရာကား ဘုရင်မင်းထံ အပ်နှံရန် စိတ်ဖြစ်ပေါ်လာခဲ့ရလေ၏။ ဘုရင်မင်းအား ကြောက်လန့်သဖြင့် ခက်တေစကားကို မပြောဝံ့ဘဲ နေကောင်းရာ၏ဟု ယူဆခဲ့လေ၏။ ထို့ကြောင့် သားဖြစ်သူအား ဘုရင်မင်းထံ အပ်နှံလိုက်လေ၏။

မောင်ခက်တေကို ဘုရင်မင်းက ရှေ့တော်၌ ရပ်စေ၏။ ထို့နောက် ၎င်းအား

မိန့်တော်မူသည်မှာ "သင့်ကို အဘယ်ကြောင့် ငါ့ထံသို့ လာရောက် အပ်နှံထားခဲ့ရလေသနည်း"ဟု မေးလေ၏။

ထိုအခါ ဝင်းက ဤသို့ လျှောက်တင်လေ၏။

"မှန်လှပါ အရှင်မင်းမြတ် ကျွန်တော်မျိုးဆိုလျှင် ခက်တေ ဟူ၍ ပြောဆိုလေ့ရှိတတ်ပါသည်။ မဟုတ်မမှန်သောအခြင်းအရာ၊ ယုတ်မာသော အကျင့်ဖောက်ပြန်လေရာ လော်လည်ပျက်ယွင်းခဲ့ရာတို့ကို မြင်တွေ့သိရှိပါက မထိန်ဝှက်နိုင်စွမ်းပါ။ တိတ်ဆိတ်နေခြင်းငှာ မတတ်ကောင်းလှပါ။ ထိုမဖွယ်မရာတို့ကို မမြင်မတွေ့ မသိရှိသော်သာ ငြိမ်သက်မှုပြုနိုင်ပါသည်။ ထို့ကြောင့် ခက်တေဟူသော စကားကို ပြောဆိုခဲ့ရခြင်းဖြစ်ပါသည်။ ထိုစကားကြောင့်လည်း အရှင်မင်းထံ အပ်နှံထားခဲ့ရခြင်းဖြစ်ပါသည်။"ဟု ထွက်ဆိုရှင်းပြခဲ့လေ၏။

ထိုအခါ ဘုရင်လည်း အခက်ကြုံလာရလေ၏။ သို့ရာတွင် ထိုစကားကို မပြောမိရန် တားမြစ်အံ့ဟု အကြံဖြစ်ခဲ့ရလေ၏။

ထိုအကြံအစည်အတိုင်း မောင်ခက်ကေကို ဆက်လက်၍ အမိန့်ရှိလေ၏။

"ထိုသို့ ပြောဆိုတတ်သည်မှန်က ယနေ့ကစ၍ ရပ်တန့်ချေလော့၊ ငါ၏နန်းတော်အတွင်းအပြင်၌ ထိုစကားကို လုံးဝမထွက်ပေါ်စေရ၊ ငါဘုရင် ကြားသိရက အပြစ်ဒဏ်ကြီးစွာ ကျခံစေမည်" ဟု တစ်ချက်လွှတ် အမိန့်အာဏာတော်ထုတ်ပြန်ခဲ့လေ၏။

ဘုရင်၏အမိန့်အတိုင်း ကြောက်လန့် ရှိသေစွာ ငြိမ်သက်လျက် နေလာခဲ့လေ၏။

မောင်ခက်ကေ နန်းတော်၌ ကာလအတော်ကြာခဲ့လေ၏။ ထိုတွင် တိတ်ဆိတ်မနေနိုင်ရန် အခွင့်ကြုံလာရပြန်လေ၏။ အကြောင်းမှာ မိဖုရား မလှကြာဝေနှင့် အမတ် ငမျောက်ကေတို့ ဖောက်ပြန်ဖောက်လွဲ ဖြစ်ကြရလေ၏။ ထိုမသမာမှုကို တွေ့မြင်ရလေသော် ပါးစပ်က မငြိမ်မသက် ဖြစ်လာရလေ၏။ ထိုအခါ မောင်ခက်ကေမှာ အခက်ကြုံလာရသဖြင့် ပြောဆိုချင်လာလေ၏။

ထို့ကြောင့် "မိဖုရား မလှကြာဝေ ခက်တေ ခက်တေ၊ အမတ် ငမျောက်ကေ ခက်တေ ခက်တေ၊ ဆားမရ ရေမရ ခက်တေ ခက်တေ"ဟူ၍ အသံမစဲ လျှံထွက်ခဲ့ရလေ၏။

ငခက်ကေသည် တစ်စခန်းထ၍ ဆိုကောင်းစဖွယ်ဆိုလေ၏။ ဘုရင်ကြီးသည် ထိုစကားကို ပြန်လည်ကြားရသောအခါ ဒေါသအမျက်ချောင်းချောင်းထွက်လာခဲ့ရလေ၏။ ထို့ကြောင့် မောင်ခက်ကေအား ခေါ်ပြီးလျှင် မောင်းမဲ ကြိမ်းဝါးခဲ့ရ၏။

"မောင်မင်းကို ဤအသံကို မကြားစေရဟု အမိန့်အာဏာထုတ်ပြန်ခဲ့သည်

မဟုတ်လော၊ အမိန့်အာဏာကို ဖောက်ဖျက်၍ အဘယ်ကြောင့် ခက်တေဟူ၍ ပြောဆိုရဘိသနည်း၊ ဤခက်တေဟူသောစကားကို အတိအလင်း ငါဘုရင်သိလိုသည်၊ မလျှောက်တင်နိုင်က လက်စွဲတော် သံလျက်ဖြင့် စီရင်ခုတ်ပိုင်းရလိမ့်မည်"ဟု မိန့်ကြားလေ၏။

ထိုအခါ မောင်ခက်ကေ သံတော်ဦး တင်လေသည်။

"ကျွန်တော်မျိုး လျှောက်ထားဝံ့ပါသည်။ မမှန်ကန်က အသက်ကို ဆယ်ခါမက မီးတိုက်ခံရဲပါသည်။ ရွှေနားဆင်တော်မူပါဘုရား၊ ဦးစွာ အမိန့်နှောင်း(မိထွေး)သည် တစ်ပါးသူနှင့် ဖောက်ပြားခဲ့ပါသည်။ ဖခင်အား တိုက်ရိုက်မပြောအားပါ၊ ဖခင်လည်း ရိပ်စားမိခြင်းမရှိပါ။ ထို့ကြောင့် အခက်ကြုံရ၍ ခက်တေဟု ပြောဆိုခဲ့ရခြင်း ဖြစ်ပါသည်၊ ကျွန်တော်မျိုးပင်လျှင် ရှုးနှမ်းရာကျပြီး စုန်းပရောဂဆရာနှင့် ဆေးထိုးခံခဲ့ရပါသည်။

ဒုတိယအကြိမ် ဆေးထိုးဆရာ တပည့်နှင့် ထိုဆရာမယားဖောက်ကြပါသည်၊ ထိုအခါလည်း အခက်ကြုံရသဖြင့် ခက်တေဟူ၍ ပြောဆိုခဲ့ရပါသည်၊ ထို့ကြောင့် ဗိန္ဓောဆရာက ဝမ်းလျှောဆေးပေးခြင်းကို ခံခဲ့ရပါသည်။

တတိယအကြိမ် ၎င်းဆရာကြီး၏မယားနှင့်တပည့်တို့ ဖောက်ပြန်လာသည်ကို တွေ့မြင်ရပါသည်၊ ထိုအခါလည်း မပြောအားဘဲ အခက်ကြုံခဲ့ရပြန်သည်။ မထိန်ဝှက်နိုင်သောကြောင့် ခက်တေ-ခက်တေ ဟူ၍ပြောဆိုလာခဲ့ရပြန်သည်။

စတုတ္ထအကြိမ် ရွာဦးကျောင်း ဆရာတော်ထံ အပ်နှံခဲ့ပါသည်။ ထိုတွင် နေရစဉ် ဆရာတော်နှင့် မေသီလ မဖွယ်မရာ တွေ့မြင်ရ၍ အခက်ကြုံရပါသည်၊ ထို့ကြောင့် တိတ်ဆိတ်မထားနိုင်သဖြင့် ခက်တေဟူ၍ ပြောခဲ့ရပြန်သည်။

ယခု ဆဋ္ဌမအကြိမ် ဘုရင်မင်းထံ အပ်နှံခံရ၍ အမိန့်ချမှတ်ထားခြင်း ခံခဲ့ရပါသည်။ သို့ရာတွင် အမိန့်တော်ကို ဖီဆန်ကျူးလွန်လိုခြင်း အလျဉ်းမဟုတ်ပါ။ ကြောက်ရွံ့ရိုသေလိုက်နာလာခဲ့ခြင်း အမှန်ပင်ဖြစ်ပါသည်၊ ထိုသို့နေပါသော်လည်း မတော်မလျော်သောအဖြစ်ကို တွေ့မြင်လာရပြန်ပါသည်။ မပြောဝံ့၍ အခက်ပွေ့လာရပြန်သဖြင့် မချုပ်တည်းနိုင် ဖြစ်လာရပြန်သည်။ ထို့ကြောင့် အပြစ်ပေးလျှင် ခံရပါစေ၊ ပြောဆိုနှုတ်ထွက် ရေရွတ်မိခဲ့ရခြင်းသာ ဖြစ်ပါသည်"ဟု လျှောက်တင်လေသော်

ဘုရင်က "ထိုအဖြစ်ကို ထင်စွာသိစေလော့"ဟု မိန့်ကြားလေ၏။ ထိုအခါ ခက်ကေလည်း မကွယ်မဝှက်ဘဲ လျှောက်တင်ခဲ့ရလေ၏။ ထို့ကြောင့် မိဖုရားနှင့် အမတ်ဖောက်ပြားခြင်းကို ထင်ရှားစွာ သိရှိလေတော့၏။ ထိုအခါ ဘုရင်သည် မိဖုရားနှင့်အမတ်ကို ခေါ်ယူစစ်ဆေးခဲ့ရလေ၏။ အမှန်ဖြစ်ကြောင်း ဝန်ခံထွက်ဆို

ခဲ့ကြသော်" မိုက်မဲလေစွ၊ ခွေးယုတ်မာမခြား ရှိပေတကား"ဟု အပြစ်တင်လေ၏။

ထိုနောက် နှစ်ယောက်စလုံးအား တောမြိုင်ထဲသို့ နှင်ထုတ်ခဲ့လေ၏။ မောင်ခက်ကေကိုလည်း အပြစ်ဒဏ်မှ လွတ်ငြိမ်းစေလေ၏။ သို့ရာတွင် နန်းတော်၌မထားဘဲ လွတ်ရာနေထိုင်စေလေ၏။

ပဉ္စမအကြိမ်လည်း ဦးသူတော်၊ လူပျိုကြီး၊ အပျိုကြီးသုံးဦးတို့ကို အမြင်မတော်တွေ့မြင်ရလေသည်။ ထိုအခါတွင်လည်း အခက်ကြုံ၍ ခက်တေဟူ၍ နှုတ်မြွက်ရပါသေးသည်။

မောင်ခက်ကေသည် ခက်ခဲစွာ နေထိုင်လာရလေသည်။ စားရေး အခက်အခဲ၊ နေရေးအခက်အခဲ၊ ဝတ်ရေးအခက်အခဲနှင့် ကြုံခဲ့လေသည်။ ကျပ်တည်းကျဉ်းမြောင်းစွာ နေလာရသောအခါ မကျန်းမမာ ဝေဒနာ ဖိစီးလာသည်။ ချောင်းဆိုးပန်းနာ ရောဂါကို ပြင်းထန်စွာ ခံစားရလေသည်။

ဝေဒနာ နှိပ်စက်ခြင်းကြောင့် မချိမဆန့်ဖြစ်လာရလေသည်။ ဝေဒနာပြင်းထန်သောအခါ လေးဘက်တွား၍ ကြိတ်မှိတ်ခံခဲ့ရသည်။ အသက်ရှုကျပ်လာသောအခါ ဦးခေါင်းဖောက်ထိုး၊ ရင်ဘတ်လက်နှင့်ဖိ၍ အသက်ငင်သလို ဖြစ်ခဲ့ရသည်။ သို့ရာတွင် တစ်ကိုယ်တည်း ဖြစ်နေရာကား ပြုစုမည့်သူမရှိ ရေတစ်ကျိုက်၊ ထမင်းတစ်လုတ်ပေးဖော် ကင်းလေသည်။

အိမ်၌ အမိုးအကာ ဟာလာဟင်းလင်း ဖြစ်နေသည်။ အိပ်စရာနေရာမှာ ဝါးကြမ်းအခင်း သုံးချောင်းသာ ရှိသည်။ အိပ်ရာခင်း ခြုံစရာဟူ၍ ဗလာနတ္ထိဖြစ်လေသည်။ ထိုအကြား မိုးကာလတွင် ရွာသွန်းလာသော မိုးရေဖြင့် စိုရွှဲခံနေရသည်။ ထိုဝေဒနာကို မကျော်လွှားနိုင်ရာကား သေမည့်အဖြစ်ကို ရင်ဆိုင်နေရသည်။ ထို့ကြောင့်အခက်အခဲသေဘေး ကြုံနေရလေသည်။ ထိုအခါ အိမ်နီးချင်းတို့ကို ခေါ်၍ အသိပေးခဲ့လေသည်။ "ငါသေလျှင် ခေါင်းရင်းက သစ်ခက်တစ်ခက်၊ နံဘေးက သစ်ခက်တစ်ခက်၊ ခြေရင်းက သစ်ခက်တစ်ခက်စီထည့်၍ သင်္ဂြိုဟ်ကြပါလေ"ဟု မှာထားခဲ့လေ၏။ ထို့နောက် မကြာခင် သေဆုံးခဲ့လေသဖြင့် မှာခဲ့သည့်အတိုင်း သင်္ဂြိုဟ်လိုက်ကြလေ၏။

မသေမီ မောင်ခက်ကေ၏မှာထားချက်ကို မည်သူမှ မမေးမိခဲ့ကြ၊ သေပြီးနောက်တွင်ဆိုလျှင် ထိုမှာတမ်းကို သိလိုကြလေသည်။ သို့သော် သဘောပေါက်ရှင်းလင်းနိုင်ရန် အခက်အခဲဖြစ်လာကြလေ၏။ ထို့ကြောင့် တောရပ်နေပျော် ဆရာတော် ဦးသာဂရကို ပင့်ဖိတ်မှုပြုခဲ့ကြလေသည်။ မောင်ခက်ကေ၏ အခက်အခဲ မျိုးစုံကို တင်ပြ၍ မေးလျှောက်ကြလေ၏။ ထိုအခါ ဆရာတော်လည်း အခက်အခဲနှင့် ကြုံတွေ့ခဲ့ရလေ၏။

အမျိုးမျိုး တွေးတောကြံဆလျက် ဖြေကြားခဲ့ရလေ၏။ ဆရာတော်က ဖြေကြားရာတွင် "ဒါယကာတို့ သစ်ခက်သုံးခက်ကို အဓိပ္ပာယ်ယူဆရမည်ဆိုက သုံးခုသချ်ာရသည်။ သုံးခုဆိုသည်မှာ ဒါန၊ သီလ၊ ဘာဝနာသုံးပါး ဖြစ်ချေရာသည်။ တစ်နည်း ပထမ၊ ဒုတိယ၊ တတိယ သုံးခုခွဲယူနိုင်သည်။ အစ၊ အလယ်၊ အဆုံးသုံးပါး လုံးကို ဆိုလိုနိုင်သည်။ ခက်အရ ခက်ခက်ခဲခဲ၊ ခဲယဉ်းသောအရာ ဖြစ်လေသည်။ ထိုအဓိပ္ပာယ်ကို သစ်ခက်ဖြင့် ဖော်ပြခြင်းဖြစ်သည်။ အားလုံးကိုခြုံ၍ ယူဆလျှင်ဤသို့ သဘောရရှိလေသည်"

"မောင်ခက်ကေသည် အသက်ရှင် နေထိုင်စဉ်က ဒါန၊ သီလ၊ ဘာဝနာတည်း ဟူသော ကုသိုလ်တရားသုံးပါးတို့တွင် တစ်ပါးပါးသော ကုသိုလ်ကောင်းမှုကို ပြုခဲ့မိခြင်းမရှိ။ ထိုကုသိုလ်ကောင်းမှုသုံးပါးကို မပြုခဲ့ခြင်းကြောင့် ပထမအစ မွေးဖွားခါစ၌လည်းကောင်း၊ ဒုတိယအလယ် လူလားမြောက်သောအခါ၌လည်းကောင်း၊ တတိယ အဆုံး သေတာနီး၌လည်းကောင်း အကျိုးပေးခြင်းကို တစ်စုံတစ်ခုမှ မခံစားရ ထိုသို့ကုသိုလ်မပြုခဲ့မိမှု၊ ထိုကုသိုလ်ကံ၏ အကျိုးကို တစ်စုံတစ်ခုမှ မခံစားရခြင်း ကြောင့် ခက်ခက်ခဲခဲကျပ်တည်း ကျဉ်းမြောင်း ဆင်းရဲစွာဖြင့် ဘဝဇာတ်သိမ်းသွားခဲ့ ရလေသည်။ ထိုအကြောင်းအဖြစ်သနစ်ကို နောင်လာနောင်သားတို့ သံဝေဂဉာဏ် ရစေခြင်းငှာ သရုပ်ဆောင်သွားခဲ့ခြင်း ဖြစ်လေရာသည်၊ အလောင်းကောင်တွင် သစ်ခက်သုံးခက် ထည့်စေခဲ့ခြင်းအဓိပ္ပာယ်မှာ ဤသို့ယူဆစရာ ဖြစ်လေသည်"ဟူ၍ ရှင်းလင်းပြောပြခဲ့လေ၏။ ထိုအခါမှ လူများလည်း ကျေနပ်နှစ်သိမ့်သွားခဲ့ကြလေ သတည်း။

# တောင်တစ်ရှူးကို ပိုင်စိုးရ

ရှေးအခါက တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်သော ဘုရင်ကြီးတစ်ပါး ရှိလေသည်။ ထိုဘုရင်သည် တောကစားဝါသနာ အလွန်ပါလေ့ရှိသည်။ မကြာမကြာ တောကစားထွက်လျက် ပျော်ပါးခဲ့လေသည်။ ဘုရင်မင်းသည် တစ်နေ့သ၌ ခြွေရံမှူးမတ်တို့နှင့် တောကစားထွက်လာခဲ့လေ၏။

တောသို့ရောက်သောအခါ သမင်၊ ဒရယ်၊ ချေငယ် စသောသတ္တဝါတို့ကို တွေ့ရလေ၏။ ထိုအခါ စုဝေးလျက် လိုက်လံဖမ်းဆီးစေ၏။ ကိုယ်တိုင်လည်း တာဝန်ယူ၍ စောင့်ကြပ်ခြင်းပြုလေ၏။ ဘုရင်ကိုယ်တိုင် ပါဝင်နေရာ မှူးမတ်တို့မှာ အလွန်အလေးဂရုစိုက်ခဲ့ရလေ၏။ ဘုရင့်အပြစ်ဒဏ်ကို ကြောက်ရွံ့ကြသဖြင့် မိမိတို့တာဝန်ကျရာဘက်မှ နိုင်နင်းစွာ တားဆီးကြလေ၏။ ဖမ်းဆီးမိစေရန်လည်း မျက်ခြည်မပြတ် အလေးထားခဲ့ကြရလေ၏။

ဘုရင်နှင့်အဖော်တို့သည် တာဝန်ကိုယ်စီဖြင့် တောနင်းလိုက်လံ ရှာဖွေကြလေ၏။ ထိုအခါ သားကောင်တို့သည် ဘုရင်ရှိနေရာဘက်သို့ ပြေးထွက်ခဲ့ကြလေ၏။ ဘုရင်သည် မဖမ်းမိနိုင်ဘဲ ထွက်ပြေးလွတ်မြောက်သွားခဲ့ရလေ၏။ ထိုအခါ ဘုရင်အားရှုတ်ချရန် အခွင့်အရေး ရရှိသွားကြလေ၏။ ထို့ကြောင့် မှူးမတ်ဗိုလ်ပါ သူရဲများက အရှင်မင်းကြီး တာမှ ပြေးသွားသည်ဟု ပြောင်လှောင်ခဲ့ကြလေ၏။ အချို့ကလည်း "ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးဖင်ကထွက်"ဟူ၍ သရော်ခဲ့ကြလေ၏။

ဘုရင်မင်းကြီးသည် ရှက်နိုးရာကား သမင်နောက်က မြင်းစီး၍ လိုက်ပါခဲ့လေ၏။ တအားကုန်လိုက်ကာ ဖမ်းမိရရန် ကြိုးစားခဲ့လေ၏။ သို့သော်လည်း လိုက်မမီဖမ်းမမိသဖြင့် လက်မှိုင်ချခဲ့ရလေ၏။ ဘုရင်လည်း ပင်ပန်းနွမ်းရိကာ ခွေလဲခဲ့ရလေ၏။ အပြင်းနှင်နှင်စိုင်းခဲ့ရသည်ကြောင့် မြင်းလည်း တောစခန်း၌ပင် သေဆုံးရလေ၏။

ဘုရင်သည် သမင်လိုက်ရင်း အဖော်များနှင့်လည်း ကွဲသွားခဲ့ရလေ၏။ တစ်ကိုယ်တကာယတည်းဖြစ်ကာ တောကြီးမျက်မည်း၌ တဝဲလည်လည် ရှိခဲ့ရလေ၏။ ခရီးကလည်း ပန်းလာရသည်ကြောင့် ရေဆာခြင်းဖြစ်လာလေ၏။ ထိုအခါ သောက်ရန်သောက်ရေကို လိုက်လံရှာဖွေခဲ့ရလေ၏။ မကြာခင် တောသူမ တဲအိမ်တစ်အိမ်သို့ ချဉ်းနင်းဆိုက်ကပ်မိခဲ့လေ၏။ ထိုနေအိမ်ကို မြင်ရလျှင် ဘုရင်လည်း အလွန်ဝမ်းသာမှု ဖြစ်ခဲ့ရလေ၏။

တောသူမသည် ဘုရင်ဟူ၍ တပ်အပ်မသိချေ။ အသားအရေ အလွန်ဖြူဖွေး ရာကား သူဌေးသားလေလော၊ မင်းသားလေလောဟု တွေးထင်မှု ဖြစ်နေလေ၏။ ဘုရင်ကြီးလည်း ညောင်းညာမှု အားကြီးနေသည်။ ရေကလည်း ဆာလွန်းနေသည် ထို့ကြောင့် သွေးသားများမှာ ဗလောင်ဆန်နေလေသည်။

ထိုအဖြစ်ကို တောသူမ မြင်လေသော် ရေကြည်ရေအေးကို တိုက်ကျွေးချင်လှ သည်။ သို့သော် အလျင်တဆော မပေးသင့်သေးဟု အကြံဖြစ်လေသည်။ မောဟိုက် ပင်ပန်းလာခိုက် ဖြစ်နေသောကြောင့် ရွှေရင်ဆို့ကာ သေဆုံးနိုင်ရာသည်ဟု အောက်မေ့သည်။ ထို့ကြောင့် ပညာဖြင့် ဆင်ခြင်လျက် မီးသွေးမှုန့်ထည့်ထားသော ရေတစ်ခွက်ကို ကမ်းပေးလိုက်လေသည်။ ရေကို ရရချင်း မွတ်သိပ်နေပြီဖြစ်၍ မရွေးချယ် မဖယ်မရှောင်သာဘဲ မျိုသောက်မှု ပြုခဲ့ရတော့၏။

သို့သော် မီးသွေးမှုန့်များ ပါရှိနေသဖြင့် တန့်နား၍ ပြတ်တောင်း ပြတ်တောင်း ပင် သောက်ခဲ့ရသည်။ ထိုရေကုန်လေသော် နောက်တစ်ခွက် ထပ်မံ၍ တောင်းခံ ပြန်လေ၏။ ထိုအခါ ရှောက်သံပရာရည်နှင့် ရောစပ်ထားသော ချဉ်ရည်ကို ပေးလေ သည်။ ထိုချဉ်ရည်ကိုလည်း မြိန်ရေရှက်ရေ သုံးဆောင်ခဲ့လေ၏။ ရေ ဝလင်ရောင့် ရဲပြီးမှသာလျှင် ဘုရင်လည်း လန်းဆန်းလာရလေသည်။

ဘုရင်သည် ရေသောက်ပြီးနောက် ခေတ္တရပ်နားမောပန်းဖြေလေ၏။ ထို့ နောက် တောသူမအား ဉာဏ်ပညာ ရှိမရှိ စုံစမ်းလေသည်။

"ပထမ ပေးသောရေနှင့် နောက်မှပေးသောရေ မတူ၊ မည်သို့ ခြားနားကွဲ ပြားချက် ရှိလေသနည်း" ဟု မေးမြန်းလေ၏။ သူမလည်း မိမိ၏ ဉာဏ်အဆင်ခြင်၊ ထင်မြင်ခြင်းကို တင်ပြပြောဆိုလေသည်။

"အလောတကြီး မသောက်မိစေရန် မီးသွေးမှုန့်ထည့်၍ ထိန်းပေးရပါသည်။ ချဉ်ရည်မှာ မောပန်းလည်းပြေစေရန်ဖြစ်သည်" ဟု ရှင်းပြလေသည်။ ထို့ကြောင့် တောသူမကို ပညာရှိလှသည်ဟု ယုံကြည်ခဲ့လေ၏။ ကျေးဇူးလည်း တင်ကြောင်း ဖွင့်ဟပြောဆိုလေသည်။

ထို့နောက် ကျေးဇူးတုံ့ပြန်အံ့ဟု ကတိပေးလေ၏။

"မိမိမှာ ဘုရင်မင်းဖြစ်သည်၊ ခရီးလွန်၍ မျက်စိလည် လမ်းမှားကာ ရောက် လာရသည်။ သင်မထံမှ ရေသောက်ရခြင်းကြောင့်သာ အသက်ရှင်ရသည်။ ရေမရ လျှင် မွတ်သိပ်ဆာလောင်ခြင်း ဝေဒနာဖြင့် ကံကုန်ရာသည်။ အသင်မ၏ ကျေးဇူး ကား အထူးကြီးလှသည်" ဟု ထုတ်ဖော်ချီးကျူးလေသည်။ မိမိအား ကျေးဇူးပြုသော တောသူမကို တောင်တစ်ရိုးကို ပိုင်စိုးစေရန် သနားခဲ့လေသည်။ တောသူတောင် သားများ လွတ်လပ်စွာ လုပ်ကိုင်စားသောက်ခွင့်ပါ ပေးသနားခဲ့လေသည်။ ထိုအခါ

မှစ၍ တောင်တန်းတောင်ရိုးတို့၌ လုပ်ကိုင်လာသူ များပြားခဲ့ရလေ၏။ တောသူမက ကြီးစိုးလျက် မျိုးဆွေများပါ တစ်စတစ်စ ပြန့်ပွားနေထိုင်သွားခဲ့ကြလေသတည်း။

# အကြားလွဲသော နားပင်းစဉ်

ရှေးအခါက ရွာတစ်ရွာတွင် နားလေးသော လူတစ်ယောက်ရှိလေသည်။ ၎င်းတွင် သားသမီးမဖြစ်ထွန်းသဖြင့် ဝက်ကလေးတစ်ကောင်ကို မွေးစားထားခဲ့လေ၏။ ထိုဝက်ကလေးကို သားသမီးအလား လွန်စွာချစ်ခင်လျက် ကောင်းစွာ ကျွေးမွေးပြုစုလာခဲ့လေသည်။ ထို့ကြောင့် တစ်နေ့တခြား ကြီးပြင်းလာလေသော် ပို၍ပင်လျှင် ခင်မင်ခဲ့လေ၏။ ထို့ကြောင့် သတ်စားရန် မဆိုထားဘိ ရောင်းချရန်ပင် မပြုရဲဘဲရှိလာခဲ့လေသည်။

တစ်နေ့သ၌ ထိုဝက်သည် အိမ်မှ ထွက်သွားလေရာ ပျောက်ရှသွားခဲ့ရတော့၏။ နေဝင်သော်လည်း ပြန်မရောက်သည့်အတွက် ပူပင်သောကမှု ဖြစ်ခဲ့ရလေသည်။ စိုးရိမ်တကြီးဖြစ်လာသဖြင့် စားမရ သောက်မဝင် သောကဝေဒနာ ဖြစ်ခဲ့ရလေ၏။ တမှိုင်မှိုင် နေမထိထိုင်မသာ စိတ်ဗျာပါနှင့် ရှိလာခဲ့ရလေသည်။

"ငါ့ဝက်ကို ငယ်ကပင် မွေးမြူလာသည်၊ အဘယ်သူလျှင် ခိုယူသတ်စားလေရာ သနည်း"ဟု ကြံစည်စဉ်းစားလျက် ရှိလေသည်။

ထိုသို့ စဉ်းစားနေရင်း ရှာဖွေရန် စိတ်ကူးဖြစ်လာလေ၏။ ထို့ကြောင့် ဓားမတစ်ချောင်းကို ပခုံးထက်မှာတင်လျက် အရှာထွက်ခဲ့လေသည်။ ခြေဦးတည့်ရာထွက်ပြီး လိုက်ရှာလေသော် ထန်းတောတစ်ခုသို့ ရောက်သွားမိလေသည်။ ထိုသူသည် ခရီးမောပန်းလှသဖြင့် အညောင်းဖြေရန် ထန်းပင်ကို မှီရင်းတရေးတမော အိပ်ပျော်သွားခဲ့လေသည်။

ထိုစဉ် ထန်းတက်သမားသည် ထန်းပင်ရင်းသို့ရောက်ရှိလာလေ၏ ထန်းပင်များကို လှည့်လည်ကြည့်ရှုလေလျှင် ဝက်ရှာသမားကို ငုတ်တုတ်မှီကာ အိပ်နေသည်ကို တွေ့ရလေသည်။ ထိုအခါ ထန်းတက်သမားက စဉ်းစားမိသည်မှာ. . .

"ဤလူသည် ထန်းရေကို ခိုးသောက်ပြီးလျှင် ယစ်မူးနေသည်။ စကေန္တ မူးယစ်သမားဖြစ်ချေရာသည်"ဟု အောက်မေ့လေ၏။ ထို့နောက် အနီးသို့ကပ်သွားလျက် ကြည့်ရှုလေသည်။ ထန်းတက်သမား ရောက်လာခိုက်နှင့် ထိုလူနိုးခိုက် တည့်တည့်ဆုံကြလေ၏။ ထိုအခါ (အိပ်မှုန်းစဉ်ထ) အိပ်မှုံစုံမွှားဖြင့် ယောင်ယမ်းခဲ့လေသည်။

ထန်းတက်သမားသည် နားလေးထိုင်းမှိုင်းလေ၏။ ထိုသူ၏ ကယောင်ချောက်ချားပြောဆိုသံကို "အစ်ကိုတို့ ထန်းတောလော"မေးသည်ဟု တင်မိလေ၏။

ထို့ကြောင့် "ဟုတ်ပါသည်၊ ကျွန်ုပ်၏ယောက္ခမထန်းတောပါ"ဟု ပြန်ပြောခဲ့လေသည်။ ထိုစကားကို ဝက်ရှာသမားက နားကြားတစ်မျိုးလွဲ၍ ကြားမိလေ၏။

"တောင်ဘက်သို့ သွားလေသည်" ဟု ကြားကာ တောင်ဘက်စူးစူးသို့ ထွက်ခွာသွားလေ၏။ တောချုံပုတ်တစ်ခုကို ဝင်၍ ရှာမိလေရာ တကယ်ပင် ဝက်ကိုတွေ့ရလေ၏။ သို့ရာတွင် ဝက်မှာ ခွေးကိုက်သောဒဏ်ရာဖြင့် သေဆုံးနေပြီဖြစ်လေသည်။

ဝက်သေကိုမြင်ရလျှင် ဝက်ရှင်လည်း များစွာ ဝမ်းနည်းကြေကွဲခဲ့လေ၏။ ဝက်ကို ပွေ့ဖက်ပြီးလျှင် ရှိုက်ကြီးတငင်ဖြစ်လိုက် ငိုကြွေးလိုက် ဖြစ်နေလေ၏။ ထိုနောက် ဝက်သေကောင်ကို ပုခုံးပေါ်တင်လျက် ထမ်းယူလာခဲ့လေ၏။ သွားရင်းပင်လျှင် လမ်းတွင် အမျိုးမျိုးကြံစည်၍ လာခဲ့လေ၏။

'ငါ့မှာ ငယ်ရာကပင် တယုတယမွေးစားလာခဲ့သည်။ သတ်စားဖို့ဝေးစွ ရောင်းချရန်ပင် စိတ်မကူးဘူး၊ ယခုတော့ ရန်သူလက်ချက်ဖြင့် အသေဆိုး သေရချေသည်။ မြေကြီးတွင် မြှုပ်နှံပစ်ရန်လည်း မသင့်တော်၊ ကုသိုလ်တစ်ခုခုဖြစ်ပွားစေမှ ကောင်းမည်'ဟု အကြံဖြစ်ခဲ့လေ၏။ ထို့ကြောင့် ဘုန်းကြီးကျောင်းကိုလှူရန် ကျောင်းထဲသို့ ဝင်သွားခဲ့လေသည်။

ဆရာတော်သည် ဆွမ်းစားပြီးခိုက်ဖြစ်၍ နေ့သန့်စင်ကာ လဲလျောင်းလျက်နေလေသည်။ ဝက်ရှင်သည် ကျောင်းပေါ်ဆရာတော်ရှိရာသို့ ဝက်ကောင်ကို တင်ယူလာလေ၏။ ဘုရားရှေ့တွင် ထိုဝက်ကောင်ကို ချထားကာ ဆောင့်ကြောင့်ထိုင်နေလေ၏။ လူသံကြား၍ ဆရာတော်လည်း ထကြည့်မိရာ ထိုလူကိုမြင်လေသည်။ ထိုအခါ ဆရာတော်က ထပြီးသော် "ဒါယကာ ဘယ်ကလဲ"ဟု အမိန့်ရှိလေ၏။ ဝက်ရှင်က ဆရာတော်သိလို၍ မေးသည်အထင်ဖြင့် ဖြစ်ပျက်သမျှကို ရှင်းလင်းလျှောက်ထားလေသည်။

ထိုနောက် ဝက်ရှင်သည် နေရာမှထလျက် ဆရာတော်ကို "ဝက်ကိုလှူပါ၏" ဟု လျှောက်ထားလေ၏။ ထိုစကားကို ဆရာတော်က နားလေးသဖြင့် တစ်မျိုးကြားခဲ့လေ၏။

"ဆရာတော်ကျောင်းက ခွေးကိုက်၍ ဝက်သေခဲ့ရသည်။ ဝက်ဖိုးအလျော်ပေးရမည်"ဟု နားကြားလွဲခဲ့ရလေသည်။ ထို့ကြောင့် ဒေါသထွက်လျက်. . .

"ဟေ့တကာ. . . မဟုတ်မရာ လာ၍စွပ်စွဲဘိသည်" ဟု ပြောလိုက်လေ၏။

ဝက်ရှင်ကလည်း "အဲ. . အဲ . . တကာ ကောင်းလှသည်၊ ထားခဲ့လော"ဟုနားကြားမိ၏။ထိုအခါ ချထားမြဲနေရာ၌ထားကာ ကျောင်းအောက်သို့ဆင်းလာခဲ့လေ၏။

ဝက်ရှင်ဆင်းသွားလေသော် ဆရာတော်သည် ဒေါသထွက်ပေါ်လာခဲ့လေ၏။ အလျော်မရလောဟူ၍ သဘောဖြင့် ဝက်သေကိုထားခဲ့သည် ထင်နေ၏။ ထို့ကြောင့် ကျောင်းနေဦးပဥ္စင်းကြီး၊ ဦးပဥ္စင်းကြီး"ဟု ခေါ်လေ၏။ ပဥ္စင်းကြီးက တိုက်ခန်းမှ ထွက်လာလျက် ဦးချလေ၏။ ထိုနောက် ခေါ်ရခြင်းအကြောင်းကို လျှောက်ထားလေ

၏။ ထိုအခါ ဆရာတော်က. . .

“ယခုဆင်းသွားသော တကာသည် အလျော်တောင်းလာသည်၊ သူ၏ဝက်ကို ကိုက်သတ်သေလျှင် အလျော်ပေးရမည်သာ ဖြစ်သည်။ ကျောင်းတကာကြီးကို ခေါ်၍ပြောချေလော” အမိန့်ရှိလိုက်လေသည်။

ဦးပဥ္စင်းကြီးမှာ နားထိုင်းသူဖြစ်လေသည်။ ဆရာတော်စကားကို “ဝက်သား ချက်ရန်အလို့ငှာ ကျောင်းတကာကြီးထံသို့ သွားချေ၊ ဆီ ဆား ငရုတ် ကြက်သွန် မဆလာ တောင်းယူခဲ့လော”ဟု တလွဲတချော် ကြားသွားခဲ့ရလေ၏။ ဦးပဥ္စင်းရောက်သွားစဉ် ကျောင်းတကာကြီးသည် ရွာလယ်ကောင်ဇရပ်တွင် စပါးထည့်စရာ ပုတ်ကို ရက်လုပ်လျက်ရှိနေလေ၏။ တကာမကြီးလည်း အားအားရှိနေသဖြင့် ကလေးကို ခါးစောင်းတင်၍ ရွာလှည့်လည် လျက် သွားနေလေသည်။ ထို့ကြောင့် မတွေ့ရသဖြင့် အိမ်ကို ဝန်းလှည့်ကြည့်၍ ရှာလေ၏။

ထိုအခါ အိမ်အောက်တွင် (၁၅)နှစ်ခန့်ရှိ အပျိုပေါက်အရွယ် သမီးငယ်တစ်ယောက်ကို တွေ့မြင်မိလေသည်။ သူငယ်မသည် ရက္ကန်းစင်တွင် ရက္ကန်းရက်လျက်ရှိနေလေ၏။ ဦးပဥ္စင်းကြီးလည်း တွေ့ရသော ထိုအမျိုးသမီးကို လှမ်း၍ ခေါ်လေ၏။ အမျိုးသမီးထွက်လာသောအခါ ဦးပဥ္စင်းကြီးသည် မောင်းထောင်းဆုံထက်၌ ထိုင်လျက်နေလေသည်။

အမျိုးသမီးအနီးရောက်လာလျှင်. . .

“တကာမငယ်၊ ယခုတကာတစ်ယောက်ကျောင်းကို ဝက်သား ပို့သကူ လာလှူသွားသည်။ ချက်ရန်အတွက် ဆီ၊ ဆားလိုနေ၍ ဆရာတော်က တောင်းခိုင်းလိုက်သည်။ တကာကြီး၊ တကာမကြီးကိုလည်း မတွေ့မရှိ၊ တကာမငယ်က ပေးနိုင်မည်လော၊ ရကားရမည်လော”ဟု ပြောဆိုခဲ့လေ၏။

ဦးပဥ္စင်းကြီးပြောသောစကားကို တကာမငယ်က နားကြားလွဲလေ၏။ ထို့ကြောင့်. . .

“အို တကာမငယ် ယခု ရက်ကန်းရက်နေသည့် ယဉ်သွား၊ အနံ့ယဉ် သွားစေ့ ဘယ်နှစ်ရာရှိသနည်း” မေးသည်ဟု ထင်မှတ်သွားလေ၏။ သူမ၏နားကြားအတိုင်း

“တစ်ထောင့်နှစ်ရာ ယဉ်သွားအနံ့ပါဘုရား” ဟု ဖြေကြားခဲ့လေ၏။ ထိုသို့ ဖြေကြားခြင်းကို ဦးပဥ္စင်းကြီးက. . .

“အရှင်ဘုရား၊ တပည့်တော်မ အလုပ်မအားလပ်ပါ၊ အရှင်ဘုရားပင်လျှင် တက်ရောက်၍ အလိုရှိရာကို ယူဆောင်သွားတော်မူပါ”ဟု တလွဲတချော် ကြားခဲ့ရလေ၏။

ထို့ကြောင့် အိမ်ပေါ်သို့တက်၍ လိုအပ်သမျှ ဆီ၊ ဆား၊ ငရုတ်စသည်တို့ကို

ရှာဖွေယူသွားလေတော့၏။

ဦးပဍ္ဍင်းကြီးထွက်သွားသည်ကို မြင်လေသော် သူငယ်မသည် စိတ်ဆိုးမာန်ပါ ဖြစ်ခဲ့လေ၏။

"သူများအိမ်ကိုလာပြီးလျှင် မဆီမဆိုင် မေးသည်သာမက အားပင်မနာမိ၊ အတင်းအိမ်ကိုတက်ပြီးလျှင် ယူလိုရာယူသွားသေးသည်။ ကောင်းပြီး နေပါစေ၊ အမိ ရောက်က တိုင်းကြားသိစိမ့်မည်"ဟု မကျေမချမ်း ပတောက်ပရစ် ရေရွတ်ပြော ဆိုလိုက်လေ၏။ မကြာမီ မိခင်ဖြစ်သူလည်း ကလေးချိမလျက် အိမ်သို့ ပြန်လာ ခဲ့လေ၏။

မိခင်ဝင်လာသည်ကို မြင်ရလေသော် ချက်ချင်းပင် အဝေးမှ လှမ်းခေါ်လေ ၏။ အမိကြားလျှင် ကိစ္စအထူးရှိသည်အထင်ဖြင့် မေးမြန်းလေ၏။ ထိုအခါ သမီးက ဦးပဍ္ဍင်းကြီးရောက်လာ၍ မေးသည်ကို ပြောပြလေ၏။ ထိုနောက် လူကိုမပြော သူကိုမပြောဘဲ လက်တင်၍ လိုသမျှယူသွားသည်ကိုပါ တိုင်ကြားအသိပေးလေ၏။

ထိုထက်"ဤကဲ့သို့ ဦးပဍ္ဍင်းကြီးမျိုးကို ကျောင်းတွင် ထားရန်ပင် မသင့်တော်၊ နှင်ထုတ်လွှတ်လိုက်လျှင် ကောင်းတော့သည်"ဟု မကျေမချမ်း စကားကို ပြောဆိုခဲ့ လေ၏။

ထိုသို့ပြောကြားသည်ကို မိခင်ကြီးသည် အကြားလွဲမှားခဲ့လေ၏။ သမီးပြော သည်က တခြား၊ မိခင်နားခံမိခြင်းက တခြား၊ တလွဲတချော်ဖြစ်ကာ. . .

"မိခင် ကျောင်းက ဦးပဍ္ဍင်းကြီးကို သမီးချစ်ကြိုက်လေသည်၊ သမီးနှင့် ဦးပဍ္ဍင်းကြီးကို ပေးစားပါလေ့" ဟု ကြားခဲ့လေ၏။ ထိုအခါ ဒေါသအမျက်ထွက် လျက် အာကျယ်ပါးကျယ်နှင့် ဆူညံစွာ ပြောဆိုလေ၏။

"ယခု လူလားမြောက်ခါစ ရှိသေးသည်။ သားလင်စကား ပြောဆိုတတ်ချေပြီ တကား၊ ဖဝါးလက်နှလုံး၊ ပခုံးလက်နှစ်သစ်လောက်ကပင် ငါမွေးမြူ၍ ကြီးလာရ သည်။ မိဘလုပ်ကိုင်၍ မပေးစားရဘဲ ကိုယ့်သဘောနှင့်ကိုယ် လုပ်ချင်နေသည်။ "ကိုယ်ထင်ခုတင်ရွှေနန်း'လုပ်ချင်သလား၊ ငါ့ကို ပဍ္ဍင်းကြီးနှင့် ပေးစားလား၊ ဘာလား လုပ်နေသည်၊ ပြောနေသည်၊ အရှက်ဣန္ဒြေမရှိ မရှက်မ၊ သရေမိန်းမ၊ လူကိုလာပြီး တော့ ပြောနေပေသေးသည်။ လူသူလေးပါး ကဲ့ရဲ့ပြစ်တင်မည်ကို မထောက်ငဲ့၊ ကိုယ်လိုရာကိုသာ ကိုယ်သိတတ်သည်။ ဘုန်းကြီးဖျက်မဟူ၍ လူများအပြောအဆို ခံရမည်ကိုလည်း မသိ၊ သူတစ်ပါး တံတွေးခွက်မှာ ပက်လက်မျောခံရမည် မှတ်ထား၊ ကောင်းပြီ၊ ကြည့်ရသေးမည်၊ နင့်အဖေရောက်လျှင် တိုင်တန်းအံ့" ဟု ဆောင့် ဆောင့်အောင့်အောင့် ပြုနေခဲ့လေ၏။

ကျောင်းတကာကြီးလည်း ပုတ်ရက်ပြီးသော် အိမ်သို့ ညနေပြန်လာခဲ့လေ၏။

ကျောင်းတကာကြီး လာလျှင်လာချင်း၊ ခြံဝမဝင်သေးမီကပင် ရန်တွေ့လုမတတ် ဒေါမာန်ဖြင့် ပြောခဲ့လေ၏။

"မောင်ကြီးရှင် ဖခင်၊ ကိုယ့်၏သမီးသည် ကျောင်းက ဦးပဥ္စင်းကြီးကို ချစ်ကြိုက်နေပြီဆိုပါလား၊ ပေးစားရန် ပြောနေလေပြီ၊ မည်သို့ပြုရပါမည်နည်း"ဟု တိုင်ကြားပြောဆိုလိုက်လေ၏။ ထိုစကားကို ကျောင်းတကာကြီးသည် တလွဲတချော် ကြားသိခဲ့လေ၏။

၎င်း၏နားတွင် ကြားမိသည်မှာ. . .

"ယက်လာသော ပုတ်ကား အငယ်၊ အဆိုးသာဘကား၊ မည်သို့ပြုလုပ်စရာ ရမည်နည်း၊ စပါး(၅၀)မဆိုထားဘိ၊ ဆယ်တင်းပင်လျှင် ဝင်ဆံ့မည်မထင်" ဟု ကြားမိလေသည်ဆို၏။

ထိုသို့ အကြားလွဲသဖြင့် အိမ်ရှင်ယောကျ်ားက ဒေါသထွက်လေ၏။ ပါးစပ်ကို တင်းတင်းကိုက်၍ ခါးတောင်းကို မြောင်ကျပ်စွာ ကျိုက်လေ၏။ ထိုနောက် မားမ ကြီးကို လက်မှကိုင်ကာ မယားဖြစ်သူကို ဆူပူဆဲဆို ကြိမ်းမောင်းလေ၏။

"ခွေးမသမီး၊ အယုတ်တမာစွ၊ တစ်ခုမှ သိသည်မဟုတ် အကန်းပိန်းပိတ်ကြီး၊ ဤလောက်ကြီးသောပုတ်ကို စပါး ငါး ဆယ်မဆံ့ဘဲ ရှိမည်လား၊ ကြည့်စမ်းလော့" ဟု ဆိုကာ မားမကြီးနှင့် ကျေညက်အောင် မှုန့်မှုန့်ညက်ညက် ခုတ်ပစ်လေ၏။ နောက်မှမှားလေစွဟု ယူကျုံးမရ ဖြစ်ခဲ့လေ၏။ သို့ရာတွင် စိတ်မကောင်းစွာဖြင့် ထမင်းဟင်း မစားတော့ဘဲ အိပ်ပျော်သွားလေ၏။

အိမ်ရှင်မသည် ထမင်းဟင်းချက်ပြုတ်နေခဲ့လေ၏။ ထမင်းစားသောက်ချိန် တန်သောအခါ သားဖြစ်သူ မောင်ပွားကို ခေါ်လေ၏။

"မင်းအဖေ ထမင်းစားချိန်တန်ပြီ၊ နှိုးလော့" ဟု ပြောလေ၏။ မိခင်ပြောသော စကားကို သားမောင်ပွားသည် အကြားလွဲခဲ့လေ၏။ ထို့ကြောင့် စိတ်မကောင်းဖြစ် ကာ အဘိုးအဘွားတို့ အိမ်သို့သွားလေ၏။ အိမ်ရောက်သော် မိခင် ပြောစကားကို သားမောင်ပွားသည် လွဲမှားစွာဖြင့် ပြောပြလေ၏။

"အဘိုး အဖွားတို့၊ အမေက ပြောလိုက်ပါသည်။ မောင့်ဖခင် အသည်းအသန် ဖြစ်နေသည်၊ အိပ်ရာကပင်လျှင် မထနိုင်တော့ပြီ၊ အသက်ထွက်လုမတတ်ဆိုသည်။ အရေးတကြီး ယခုခေါ်ချေရမည် လွှတ်လိုက်သဖြင့် အဘိုးအဘွားတို့ကို သတင်းပေး ခေါ်လာရခြင်းဖြစ်ပါသည်၊ အစ်ိုးကြီးတို့အိမ်ကိုလည်း အသိပေးရပါဦးမည်၊ ခေါ်ရ ချေမည်၊ မေမေက မြန်မြန်လာကြပါလို့ ပြောလိုက်ပါသည်။ ယခုချက်ချင်း သွား ကြပါ"ဟု ပြန်ပြောခဲ့လေ၏။

အဘိုးအဘွားတို့ကား နားလေးလှသူများဖြစ်ကြချေ၏။ ထို့ကြောင့် မြေးဖြစ်သူ

စကားပြောဆိုသည်ကို နားကြားလွဲချော်၍သာ ကြားသိခဲ့လေ၏။

"အဘိုး အဘောင်တို့ မောင့်ဖခင်သည် အိမ်ထောင်ယာဝါသနှင့် မနေလိုတော့ပြီ၊ တောထွက်ပြီးလျှင် နေချင်လှသည်။ ထို့ကြောင့် သက်နီးပရိက္ခရာ ဝယ်၍ အမြန်လာခဲ့ကြပါလော့"ဟု မှာကြားခဲ့လေသည်။

ထိုအခါ သားမောင်နှမ်းကို ခေါ်စေလေ၏။ မောင်နှမ်းရောက်လာလျှင် ဤသို့ ပြောလေ၏။

"မောင်နှမ်း မင်း၏အစ်ကိုကြီးကို ရဟန်းခံကြရမည်၊ ရဟန်းခံရန် သက်နီး ပရိက္ခရာ ဝယ်ယူခဲ့လော့"ဟု လွှတ်လေ၏။ ပရိက္ခရာဝယ်ရန် ပြောဆိုစေလွှတ်သည်ကို မောင်နှမ်းနား၌ တလွဲကြားမိလေသည်။

မောင်နှမ်းကြားသည်မှာ "နက်ဖြန်ခါ အိမ်မှာဆွမ်းကျွေးမည်၊ သို့အတွက် ဈေးမှ ငါးအမဲ ဟင်းလျာဝယ်ချေ၊ ဈေးဝယ်၍အပြန်တွင် ကျောင်းကိုတက်ပြီးသော် ဆရာတော်ကို ပင့်လျှောက်ခဲ့လော့၊ နက်ဖြန်ခါ တပည့်တော်တို့ အိမ်မှာ နေ့လည် ဆွမ်း ဘုဉ်းပေးသုံးဆောင်တော်မူရန် ကြွတော်မူပါဘုရား"ဟု ကြားလေ၏။

မိခင် ဖခင်တို့ထံမှ တလွဲကြားရသည့်အတိုင်း မောင်နှမ်းလည်း ဈေးဝယ်သွားလေ၏။ ဝယ်ခြမ်းပြီးနောက် ဆရာတော်ထံ ဦးချ၍ ပင့်လေ၏။ ဆရာတော်ကလည်း နားထိုင်းလှရာကား ဆွမ်းစားပင့်သည်ကို "ဆရာတော်ဘုရား တပည့်တော်တို့ အိမ်မှာ ဖခင်အသုဘဖြစ်နေပါသည်။ နက်ဖြန်ခါ ညနေ အသုဘရှုရန်အတွက် သုသာန် ဇရပ်သို့ ကြွတော်မူပါ" ဟု တလွဲတချော် ကြားခဲ့လေ၏။

နံနက်မိုးလင်းပြီးနောက် အလင်းရောက်ခဲ့လေ၏။ ဆရာတော်သည် မနေ့က ပင့်ဖိတ်ထားခဲ့သည်ကို သတိဖြစ်နေ၏။ နေ့လည်ဆွမ်းစားပြီးပြီးချင်း အသင့်ပြုပြင် လျက် စောင့်မျှော်နေလင့်၏။ အချိန်မှာ တဖြည်းဖြည်းနှင့်ရွေ့စောင်းခဲ့ရလေသည်။ တစ်ယောက်မှ ပင့်ကြိုရန် မလာရောက်သောကြောင့် မနေသာတော့ဘဲ တစ်ပါး တည်း ကြွချီသွားလေ၏။ သုသာန်ဇရပ်သို့ရောက်သော် တစ်စုံတစ်ယောက်ကိုမှ မတွေ့ရ၊ အသုဘလည်း မပေါ်လာဘဲ ကိုယ်ချည်းဖြစ်နေ၏။ ရောက်လာနိုးဖြင့် ဇရပ်ပေါ်ထိုင်လျက် ကမ္မဋ္ဌာန်းစီးဖြန်း၍သာ နေခဲ့လေသည်။

အတော်ကြာလေလျှင် နေလည်းဝင်သွားခဲ့လေ၏။ ထိုအခါ တစ္ဆေမိစ္ဆာတို့ သည် ဆရာတော်ကို နှောင့်ယှက်ရန် လာရောက်ကြလေ၏။ ဆရာတော် ဘုရားလည်း မကြောက်မရွံ့ဘဲ သတိကြီးစွာနှင့် နေလာ၏။ မိမိပွားများ ဆင်ခြင်နေ သော အသုဘကမ္မဋ္ဌာန်းတရားကိုပင် အမြဲမပြတ်အောက်မေ့ရှုမှတ်လျက် ရှိနေ၏။ တစ်ညဉ့်လုံး သုသာန်တွင် တရားလက်မလွှတ်ဘဲ နေခဲ့လေပြီး နံနက်မိုးသောက် အလင်းရောက်သောအခါမှ ဇရပ်မှ မိမိကျောင်းသို့ ပြန်ကြွလာခဲ့လေသတည်း။

# ကျီးရင်ကွဲစပါး

ရှေးအခါက ရွာတစ်ရွာတွင် မိသားစုတစ်စု နေထိုင်လာခဲ့ကြလေ၏။ မိဘနှစ်ဦးနှင့် သားသမီးနှစ်ဦးဖြစ်ပြီး လေးဦးသား နေခဲ့ကြလေရာ မကြာမီ မိခင် သေဆုံးသွားသဖြင့် သုံးဦးသာ ကျန်ရစ်ကြလေ၏။ ဖခင်သည် အိမ်ထောင်အသစ် တစ်ယောက်ရှာဖွေလျက် တည်ထောင်နေခဲ့လေ၏။

မိခင်အနှောင်းနှင့် သားသမီးနှစ်ဦးတို့သည် အတူနေလာခဲ့ရလေ၏။ သားသမီးတို့ကား မိခင်ရင်းကဲ့သို့ ချစ်ခင်လေးမြတ်ခဲ့ကြလေ၏။ သို့သော် မိထွေးဖြစ်သူကား ခင်မင်မြတ်နိုးမှုမရှိဘဲ မနာလိုမှုပင် ဖြစ်လာခဲ့လေ၏။ ထို့ကြောင့်လင်ပါသားနှင့် သမီးငယ်တို့အား မမြင်ချင်ရာကား အပြစ်ရှာခဲ့လေတော့၏။

လင်ဖြစ်သူသည် နေ့လည်တွင် အိမ်၌မရှိ၊ အလုပ်ထွက်လုပ်နေလေ၏။ ညနေကျမှ အိမ်သို့ပြန်ရောက်၍ သားနှင့်သမီးမယားကိုပါ တွေ့ဆုံရ၏။ ညနေစာ စားပြီး၍ သားသမီးများ အိပ်ပျော်သွားသောအခါ မယားဖြစ်သူက လင်အား မြည်တမ်းပူဆာလေ၏။ "ငါ့ကို ပစ်မည်လား၊ သားသမီးကိုပဲ ပစ်မည်လား"ဟု ပြောလေ၏။

ညနေတိုင်း ပြောဖန်များ ဆူပူခံရခြင်းကြောင့် လင်ဖြစ်သူမှာ "မိုးလင်းပါစေ၊ ပစ်ချေမည်"ဟု ကတိပေးခဲ့လေ၏။ သားနှင့်သမီးတို့ကလည်း မိထွေး၏စကားကို ဖခင်နားဝင်လေပြီဟု ရိပ်စားမိလာခဲ့ကြလေ၏။ ထို့ကြောင့် ကြံစရာမတတ်ရာကား ကျောက်ခဲလုံးများကို ကောက်ယူစုရုံးထားရှိခဲ့ကြလေ၏။

နောက်တစ်နေ့ နံနက်မိုးလင်းချိန် ရောက်လာလေ၏။ စောစီးစွာ ထမင်းဟင်း ချက်ပြုတ်ပြီး စားသောက်ခဲ့ကြလေ၏။ ထမင်းစားပြီးလျှင် ဖခင်သည် သားနှင့်သမီး ကို ခေါ်လေ၏. "ထင်းခွေကြရန် တောသို့ သွားကြအံ့"ဟုဆို၍ လိမ်လည်လှည့်ဖျား လေ၏။ သားနှင့်သမီးတို့လည်း ဖခင်လိမ်လည်ခြင်းကို ရိပ်စားမိကြလေ၏။ ထို့ကြောင့် ကြိုတင်ကောက်ထားရှိသော ကျောက်ခဲလုံးများကို ယူ၍ နောက်ကလိုက် ပါသွားခဲ့ကြလေ၏

တောလမ်းခရီး၌ အမှတ်အသားအဖြစ် တစ်ခုစီချ၍ သွားခဲ့ကြလေ၏။ တောကြီးတောင်ကြီးများကို ကျော်ဖြတ်၍ ရောက်သွားကြလေ၏။ ခရီးအတော်သွား ရောက်လေသော် ဖခင်ဖြစ်သူက"သားသမီးတို့ ဤအနားတွင် ခေတ္တကျန်ရစ်ကြ"ဟု ဆို၍ထားခဲ့လေ၏။ထို့နောက် မိမိသည် အိမ်သို့ သားသမီး မသိစဉ်ပြန်လာခဲ့လေ၏။

နေမွန်းတိမ်းလာသောအခါ သမီးငယ်က အိမ်ပြန်ရန် ဖခင်အား အသံပြုခေါ်လေ၏။ ထိုအခါ မောင်ဖြစ်သူက နှမငယ်အား "ဖခင်မပေါ်လာသည်ကိုထောက်လျှင် ငါတို့အား ပစ်ထားခဲ့ချေပြီ"ဟု ပြောလေ၏။ "သို့သော်လည်း ငါတို့လမ်းမှာ ကျောက်ခဲတုံးများ အမှတ်ပြုချထားရစ်ခဲ့သည်မဟုတ်လော၊ ကျောက်ခဲစုကို ရှာ၍ လာလမ်းအတိုင်း ပြန်ကြအံ့"ဟု ဆိုကာ မောင်နှမနှစ်ဦးတို့ ပြန်လာခဲ့ကြလေ၏။ ကျောက်ခဲစုအတိုင်း ခရီးစစ်၍ ပြန်ခဲ့ရာ မိုးချုပ်မှ ရွာရောက်ကြလေ၏။

အိမ်သို့ဝင်ကြလေလျှင် အိမ်ပေါ်သို့ မတက်ရဲကြဘဲ အိမ်အောက်မှာ နေခဲ့ကြလေ၏။ သူတို့ရောက်နေချိန်တွင် ဖခင်လင်မယားတို့ ထမင်းစားလျက် ရှိနေကြ၏။ ထို့ကြောင့် ပါလာသော အကျႌထည်ကိုချွတ်၍ စားကြွင်းများကို ခံထားခဲ့ကြလေ၏။

ကျလာသမျှသော ထမင်းစေ့များ၊ ငါးရိုးများကို ခွဲဝေလျက် စားသောက်ခဲ့ကြလေ၏။ ဖခင်သည် သားနှင့်သမီးတို့ရောက်နေသည်ကို မြင်လေ၏။

ထိုအခါ သားငါးများကို 'ဆံပင်ပါသည်'ဟု ပရိယာယ်ဖြင့်ပြောကာ ချပေးလေ၏။ ထိုသို့ ချပေးသည်ကို မယားက မယုံသင်္ကာဖြင့် အောက်သို့ ချောင်းမြောင်းကြည့်လေ၏။ သားနှင့်သမီးတို့ကိုမြင်လေလျှင် အိမ်ပေါ်သို့ ခေါ်တင်လေသည်။ထို့နောက် ထမင်းချက်၍ ကျွေးမွေးခဲ့လေ၏။

သားသမီးတို့ အိပ်ပျော်လေသော် လင်ဖြစ်သူအား မြည်တွန်တောက်တီးပြန်လေ၏။ မိုးလင်းလျှင် ပစ်ချေအံ့ဟု ဝန်ခံမှ ဆူပူမှုအေးငြိမ်းရလေသည်။ မိုးသောက်သောအခါ ထမင်းဟင်းချက်ပြုတ် စားသောက်ကြလေ၏။

ပြီးလျှင် သားနှင့်သမီးကို တစ်ဖန်ခေါ်လေ၏။ ထို့ပြင် ခွေးတစ်ကောင်ကိုလည်းခေါ်ယူ၍ တောသို့ ထွက်ခွာခဲ့ကြ၏။ တောသို့ရောက်လျှင် 'အဖေ ဟိုအနားသို့ ခဏသွားမည်'ဟု လိမ်လည်၍ ရှောင်ရှားခဲ့လေသည်။

ထိုနောက် နောက်ကလိုက်ပါလာသော ခွေးကိုလည်းလှီးလေ၏။ ခွေးမှထွက်သော သွေးဖြင့် တစ်ဖန်လုံချည်ကို သုတ်လိမ်းထားခဲ့ကာ အိမ်သို့ပြန်သွားခဲ့လေသည်၊ သားသမီးတို့က ဖခင်အား အိမ်ပြန်ရန် ခေါ်ကြည့်ရာ မရှိတော့သဖြင့် ပစ်ထားခဲ့မှန်းသိရှိကြလေတော့၏။

ထိုအခါ ၎င်းတို့လည်း ပြန်လာခဲ့ကြလေရာ သွေးစွန်းနေသော လုံချည်ကို တွေ့ကြလေ၏။ နှမငယ်က 'အဖေကို ကျားကိုက်သွားလေပြီ'ဟု ပြောလေ၏။ မောင်ကြီးက ပစ်ထားခဲ့မှန်းသိ၍ မပြောဘဲ နေခဲ့လေ၏။

မောင်နှမနှစ်ဦးတို့သည် ဝမ်းနည်းစွာဖြင့် ပြန်လာခဲ့ကြရာ ချိုငှက်တစ်ကောင်ကို တွေ့ကြလေ၏။ ထိုအခါ ပါလာသော လောက်လေးခွဖြင့် ထိုချိုငှက်ကို ပစ်သတ်ကြလေ၏။ ထိုနောက် ချိုးကို ရင်ခွဲကြလေသော် စပါးစေ့များကို တွေ့ရှိရလေ၏။

ထိုစပါးစေ့ကို ပျိုးထောင်လေလျှင် အပင်ကောင်းစွာ ပေါက်ရောက်လေ၏။ မျိုးစပါးများ တစ်နှစ်ထက်တစ်နှစ် တိုးပွားစွာ ရရှိခဲ့လေ၏။ ထိုစပါးကို အရင်းအနှီးပြု၍ မုန့်လုပ်ရောင်းချစားသောက်ခဲ့ကြလေ၏။ ထိုစပါးမျိုးကို ချိုးကွဲရင်စပါးဟု ခေါ်ကြလေ၏။ စပွားလာခြင်းကြောင့် စပွားမည်ခဲ့ရာမှ နောက်တွင် စပါးဟုဖြစ်လာခဲ့ရသည်ဆို၏။ ထိုမောင်နှမတို့သည် ငွေကြေးအတော်အသင့်ဖြစ်လာသောအခါ ရွာငယ်တစ်ရွာသို့ ပြောင်းရွှေ့၍ နေခဲ့လေ၏။ ထိုရွာတွင် ကာလကြာစွာ နေထိုင်လုပ်ကိုင်စားလာလေသော် ငွေကြေးချမ်းသာခြင်းသို့ ရောက်ခဲ့ရလေ၏။ ထိုသူတို့မောင်နှမသတင်းသည် တစ်စတစ်စ မိဘနှစ်ပါးတို့ထံ ပေါက်ရောက်ကြားသိခဲ့ရလေသည်။

မိဘနှစ်ပါးသည် ဆင်းရဲသောအဖြစ်သို့ ရောက်ရှိနေကြလေ၏။ ထို့ကြောင့် တစ်နေ့သ၌ သားသမီးထံမှ စပါးများချေးရန် လာရောက်ကြလေ၏။ မိဘတို့ရောက်ကြလေလျှင် ဆင်းရဲနေကြောင်းကို ပြောပြလေ၏။ စပါးဆန်ရေ အထောက်အကူရလို၍ ချေးငှားစေသည်ဟု ဆို၏။

ထိုအခါ သားနှင့်သမီးတို့က မိမိတို့အား ရက်စက်ခဲ့သည်တို့ကို ပြန်ပြောင်းပြောပြလေ၏။ မိဘတို့အား စိတ်နာကြည်းမှုရှိခဲ့ခြင်းတို့ကို မကျေချမ်းဘဲ ရှိခဲ့လေ၏။ ထို့ကြောင့် စပါးလည်း မချေးငှားခဲ့ဘဲ အရှက်တကွဲဖြစ်ကာ ပြန်ခဲ့ရလေသတည်း။

# ကြက်မငယ်နှင့် ကြောင်ကလေး

တစ်နေ့သ၌ ကြက်မငယ်တစ်ကောင်သည် ရေခပ်ရန်လာခဲ့လေ၏။ ရေကန် အနီးရောက်လျှင် ကြောင်ငယ်တစ်ကောင်နှင့် တွေ့ဆုံကြလေ၏။

ထိုအခါ ကြောင်ငယ်က "မိတ်ဆွေ ကြက်မငယ်၊ ဘယ်ကိုသွားသနည်း"ဟု မေးလေ၏။

ကြက်မငယ်လည်း "ရေခပ်လာသည်"ဟု ပြန်ပြောလေသည်။

ကြောင်ငယ်က တဖန် "အဆွေနှင့်ငါမိတ်ဆွေဖွဲ့လိုသည်။ ထို့ကြောင့် ညနေတွင် အဆွေထံ ငါအလည်အပတ် လာပါမည်"ဟု ဆိုလေ၏။

ထိုအခါ ကြက်မငယ်လည်း "အဲ. . အဲ. . . လာပါလော့"ဟု ပြန်ပြောလေ၏။

ကြက်မငယ်စကားကို သိရလျှင် ကြောင်ငယ်က "အဆွေဘယ်မှာ အိပ်သနည်း"ဟု မေးလေ၏။

"တန်းပျင်း(ရေသုံးခန်း)တွင် အိပ်ပါသည်"ဟု ပြောဆိုမှာထားခဲ့လေ၏။

ၚင်းတို့အချင်းချင်း အသိအကျွမ်းဖြစ်ကြလေ၏။ ထိုနောက် လိုရာဌာနသို့ အသီးသီးပြန်ခဲ့ကြလေ၏။ ကြက်မငယ်သည် အိမ်သို့ရောက်သော် မိခင်ကြက်မကြီးကို ပြောပြလေ၏။ ထိုအခါ မိခင်က ဆဲဆိုလျက် "နင့်ကို ကိုက်သတ် ရန်လာတော့မည်၊ ဘာဖြစ်၍ပြောခဲ့သနည်း၊ အိမ်သာခေါင်မှာ အိပ်နေချေ"ဟု အကြံပေးလေ၏။ မိခင်ပြောသည့်အတိုင်း လျှို့ဝှက်၍အိမ်သာခေါင်တွင် အိပ်နေလေ၏။

နေဝင်ချိန်ရောက်လာသော် ကြောင်ငယ်သည် အလည်လာခဲ့လေ၏။ အိမ်အောက်မှနေလျက်"အဆွေ ကြက်မငယ် အဆွေကြက်မငယ်"ဟု ခေါ်လေ၏။ ကြက်မငယ်သည် အသံမပြုဘဲ နေသဖြင့် တန်းပျင်းသို့တက်၍ စမ်းသပ်ရှာဖွေလေ၏။ ကြက်မငယ်ကို မတွေ့လေရာကား မစားခဲ့ရဘဲ ပြန်သွားခဲ့လေသည်။

နံနက်မိုးလင်းသောအခါ ကြက်မငယ်နှင့်တွေ့ကြလေ၏။ ထိုအခါ ကြောင်ငယ်က "အဆွေမ ဘယ်မှာ အိပ်ဘိသနည်း၊ ငါရောက်ခဲ့ရာ မတွေ့ချေတကား"ဟု မေးလေ၏။

ကြက်မငယ်လည်း "အဆွေ ငါ မနေ့ညက အိမ်သာခေါင်တွင် အိပ်နေခဲ့သည်" ဟုပြောလေ၏၊

ကြောင်ငယ်က ထပ်မံ၍ "အဆွေကြက်မငယ် ယနေ့ည ဘယ်မှာအိပ်မည်နည်း"ဟု မေးမြန်းပြန်လေ၏။

ကြက်မငယ်လည်း "အိမ်သာခေါင်မှာပင် အိပ်မည်"ဟု ပြောဆိုလိုက်လေသည်။

ညနေရောက်လျှင် ကြက်မငယ်သည် မိခင်ကိုပြောပြလေ၏။ "ကြောင်ငယ်နှင့်တွေ့ပြီးအိပ်ရန်နေရာကို မေး၍ အိမ်သာခေါင်မှာ အိပ်မည်ဟု ပြောခဲ့သည်။ ယနေ့ဘယ်မှာအိပ်ရမည်နည်း"ဟု မေးလေ၏။

မိခင်လည်း ဆဲဆိုလျက် "နင် အဘယ်ကြောင့် ကြောင်ငယ်နှင့်အတွေ့ခံဘိသနည်း၊ ဘေးသင့်တော့မည်၊ နေရာပြောင်း၍ ရေတကောင်းထဲတွင် ဝင်နေချေ"ဟု ပြောဆိုလေ၏။

နေဝင်မိုးချုပ်လေသော် ကြောင်ငယ်လည်း ရောက်လာလေ၏။ "အဆွေကြက်မငယ်"ဟု ခေါ်လေရာ မထူးဘဲ နေလေ၏။ ကြောင်ငယ်သည် အိမ်သာခေါင်ကိုတက်၍ လိုက်လံရှာဖွေနေလေ၏။ ထိုစဉ် ကြက်မငယ်ကလေးက လေလည်ချင်လာသဖြင့် မိခင်ကို ပြောလေ၏။ "ငါ ချီးတစ်ပေါက်လောက် ပေါက် လိုသည်"ဟုဆိုရာ "အသာကလေးပုပေါက်တော့"ဟု မိခင်က ပြောလေ၏။ ထိုအခါ ကြက်မငယ်သည် မအောင့်အည်းနိုင်ရာကား အီး. . . အီး တစ်အားကုန် ပေါက်မိလေ၏။ အီးသံကြောင့် ဝင်နေသော ရေတကောင်းကွဲသွားပြီးလျှင် ကြောင်ငယ်လည်း ကြောက်လန့်တကြား ပြေးသွားခဲ့လေသတည်း။

# မယ်ကံယုံ

ရှေးအခါက ဘုရင်မင်းတစ်ပါးတွင် သမီးတော်ခုနစ်ယောက်ဖြစ်ထွန်းခဲ့လေ၏။ တစ်နေ့သ၌ ထိုသမီးတော်တို့ကို ခေါ်ယူ၍ အသီးသီးမေးမြန်းလေ၏။

"ငါသမီးတို့ ယခု စားသောက် ဝတ်ဆင်နေကြရသည်မှာ မည်သူ၏ ဘုန်းကံကြောင့်ဖြစ်သနည်း"ဟု မေးလေသော် သမီး(၆)ယောက်တို့က"ဖခမည်းတော်ဘုန်းကံကြောင့်ပါ"ဟု လျှောက်တင်ခဲ့ကြလေ၏။

သမီးအထွေးဆုံးဖြစ်သူက" ဘုရား ကျွန်မ၏ ဘုန်းကံကြောင့် စားရဝတ်ရပါသည်"ဟု သံတော်ဦးတင်လေ၏။

ထိုအခါ ရှင်ဘုရင်က "နင်တစ်ယောက်ကသာ ငါ့ဘုန်းကံကို မယုံ၊ ကျန်သမီးများကတော့ ငါ့ဘုန်းကံကို ယုံသည်၊ အဘယ်ကြောင့် ဤသို့ ပြောဆိုရသနည်း"ဟု ဒေါသဖြစ်လေ၏။

ထို့ကြောင့် သမီးတော်ကို မယ်ကံယုံဟု အမည်ပေးလေသည်။

'နင်၏ဘုန်းကံကို သိစေအံ့'ဟူသော အကြံဖြင့် မှူးမတ်တို့အား ခေါ်ယူလေ၏။ ထို့နောက် အဆင်းရဲဆုံးသော လူတစ်ယောက်ကို ရှာဖွေစေလေ၏။ မှူးမတ်တို့လည်း လိုက်လံရှာဖွေ၍ တင်ဆက်ကြလေလျှင် သမီးတော် မယ်ကံယုံနှင့်ပေးစားထိမ်းမြားခဲ့လေ၏။ ထိုဘုရင့် သမက်တော်သည် ဆင်းရဲသား ထင်းခွေစားသောက်လာသူတစ်ဦး ဖြစ်လေ၏။ ဘုရင်မင်းသည် သမီးတော်နှင့်သားမက်တော်တို့ကို မြို့တော်နှင့်မနီးမဝေးသော တောရွာဇနပုဒ်တွင် ထားရှိလေ၏။ သမီးတော်ကို (၇)ရက်လျှင်တစ်ကြိမ်ကျ နန်းတော်သို့ ဝင်ခွင့်အမိန့်ပေးထားခဲ့လေသည်။

မယ်ကံယုံလင်မယားတို့သည် တောတောင်တို့မှ ထင်းခွေ၍ အသက်မွေးလာခဲ့လေ၏။ တစ်နေ့သ၌ ထင်းခွေသွားစဉ် လမ်းမှား၍ အခြားနေရာတစ်ခုသို့ ရောက်သွားလေ၏။ ထိုနေရာတော၌ နံ့သာပင်များ ပေါက်ရောက်လျက် မွှေးကြိုင်သင်းပျံ့နေလေ၏။ ထင်းခွေသမားမှာ နံ့သာဟူ၍ မသိဘဲ ထင်းအမှတ်ဖြင့်ပင် ခုတ်လှဲကာ သယ်ယူလာခဲ့လေ၏။ "ခါတိုင်းထက် ယနေ့နောက်ကျခဲ့လေစွ"ဟု လင်ဖြစ်သူအား မေးလေ၏။ လမ်းမှားခဲ့သောကြောင့် အချိန်ကြာခဲ့ရသည်ဟု ပြောပြလေ၏။

မယားသည် ရောင်းချရန်အတွက် ထင်းချော်များကို ချက်ချင်း ခွဲစိတ်လေ၏။ ထိုအခါ သာမန်ထင်းမီးစာသစ်မဟုတ်ဘဲ မွှေးကြိုင်နံ့သင်းနေသော နံ့သာထင်းဖြစ်မှန်းကို သိရှိခဲ့ရလေ၏။

ထို့ကြောင့် လင်တော်မောင်အား "ဤကဲ့သို့ ထင်းများကို အများအပြား ရနိုင်အံ့လော"ဟု မေးမြန်းလေ၏။

လင်မောင်ကလည်း. . ."ယူ၍မကုန်နိုင်အောင် ရှိလေသည်"ဟု ပြောပြလေ၏။ ထိုနံ့သာထင်းများကို ခွဲစိတ်လျက် သူဌေးသူကြွယ် လူချမ်းသာတို့ထံ သွား၍ ရောင်းချခဲ့လေ၏။

နောက်နေ့များ၌လည်း နံ့သာထင်းများကိုပင်ခွဲ၍ ပေးခဲ့လေ၏၊ ထိုသို့ နံ့သာထင်းများကို ခွေ၍ ရောင်းချလာခဲ့ရာ တစ်နေ့ထက်တစ်နေ့ ငွေကြေးများစွာ ရလာ၏။ တစ်နေ့တွင် နံ့သာတောကိုလွန်၍ ကျောက်သံပတ္တမြားများရှိရာ တောင်တစ်တောင်သို့ ရောက်ရှိသွားခဲ့လေ၏။ ထင်းခွေယောကျ်ားကား ကျောက်သံပတ္တမြားမှန်းမသိ၍ ထင်းများကိုသာ လိုက်လံရှာဖွေခဲ့လေ၏။ ထိုနေ့တွင် ထင်းကို မရရှိလေသဖြင့် သားငယ်၊ သမီးငယ်များကစားစရာအဖြစ် ပတ္တမြားလုံးအနည်းငယ်ကို ကောက်ယူ၍ ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်သောအခါ မယားဖြစ်သူအား ပြလေ၏။ "ငါထင်းမရသည့်အဆုံး၊ ကျောက်လုံးအနည်းငယ်တော့ ကောက်ယူခဲ့၏။ လှပ၍ ကလေးကစားရန် ကောင်းမည်ဟု ထင်ပေသည်။"ဟု ပြောလေ၏။ မယားဖြစ်သူ ကြည့်ရှုလေရာ အဖိုးတန် ရတနာမှန်းသိရှိလေ၏။

ထိုအခါ မယ်ကံယုံက. . "ကျောက်သံပတ္တမြားတို့ဖြစ်သည်။ အလွန်အဖိုးထိုက်တန်သည်၊ အများအပြားရနိုင်အံ့လော"ဟု မေးမြန်းလေ၏။

"ယူမကုန်အောင် တောင်လုံးပြည့်နေသည်"ဟု ပြောလေ၏။

ထို့ကြောင့် နောက်တစ်နေ့တွင် လင်မယားနှစ်ယောက်စလုံး သွားရောက်သယ်ဆောင်ခဲ့ကြလေ၏။ ရရှိလာသော ကျောက်သံပတ္တမြားတို့ကို ရောင်းချလေလျှင် ငွေအသပြာများစွာရ၍ ကြွယ်ဝချမ်းသာလာခဲ့ရလေ၏။ ထိုငွေတို့ဖြင့် အိမ်ကောင်းရာသန့် ကြီးစွာဆောက်လျက် အေးချမ်းစွာ နေလာခဲ့ကြလေ၏။ ရှေးကကဲ့သို့ ထင်းခွေရန်လည်း မလိုတော့ဘဲ သူတို့ဘုန်းကံအလျောက် ဆင်းရဲသားဘဝမှ လွတ်မြောက်ကာ ချမ်းသာကြွယ်ဝသူအဖြစ်သို့ ရောက်လာခဲ့ကြရလေ၏။

မယ်ကံယုံသည် မိမိကံကြောင့် စားသောက်ချမ်းသာရှိနေရခြင်းကို ခမည်းတော်မင်းအား အသိပေးရန် စိတ်ဖြစ်လာလေ၏။ ထို့ကြောင့် တစ်နေ့သ၌ ပြည်တန်ပတ္တမြားနှင့် အဖိုးမဖြတ်နိုင်သော ကျောက်သံပတ္တမြား သုံးလေးလုံးတို့ကို ယူလျက် နန်းတော်သို့ သွားရောက်ခဲ့လေ၏။ နန်းတော်သို့ရောက်သောအခါ ခမည်းတော်မျက်နှာသစ်တော်ရေ ထည့်သော ရေတကောင်းထဲ၌ ထည့်ထားခဲ့လေ၏။

ရှင်ဘုရင်သည် မိုးလင်းချိန်၌ မျက်နှာသစ်ရန် ရေတကောင်းကို ယူစေ၏။

ရေကို စောင်ငဲ့လေလျှင် ကျောက်သံပတ္တမြားတို့ကို တွေ့ရလေ၏။

ထိုအခါ မှူးမတ်တို့အား "မနေ့က နန်းတော်သို့ မည်သူတက်လာဘိသနည်း" ဟု မေးမြန်းစုံစမ်းလေ၏။

"သမီးတော် မယ်ကံယုံတက်သည်ကို မြင်ရပါကြောင်း" ဖြင့် လျှောက်တင်ခဲ့ကြလေ၏။

ဘုရင်မင်းလည်း သက်သေ မထင်ရှားသဖြင့် တစ်ဦးတစ်ယောက်ကိုမျှ မပြောဆိုဘဲ တိတ်ဆိတ်စွာ နေခဲ့လေ၏။

နောက်ခုနစ်ရက်တစ်ပတ်ကြာသောအခါ မယ်ကံယုံ တစ်ဖန် နန်းတော်သို့ ဝင်ရောက်ပြန်လေ၏။ ထိုအခါ၌လည်း ကျောက်သံပတ္တမြား လေးလုံး ငါးလုံးကို ယူသွားခဲ့လေ၏။ ပထမ ထည့်ထားခဲ့သည့်အတိုင်း မျက်နှာသစ်တော် ရေတကောင်း၌ပင် ထည့်ထားခဲ့လေ၏။ ဘုရင်မင်းလည်း ခါတိုင်းမျက်နှာသစ်ရေ သုံးနေကျ ရေတကောင်းမှ ရေကိုငှဲ့၍ ထည့်လေ၏။ ထိုအခါ ပတ္တမြားလုံးများကိုပင် တွေ့ရပြန်လေ၏။

ဤဒုတိယအကြိမ်၌လည်း မှူးမတတ်တို့ကို ခေါ်ယူ၍ စုံစမ်းလေ၏။

"ယမန်နေ့ညက နန်းတော်သို့ မည်သူတက်ရောက်ခဲ့လေသနည်း"ဟု မေးမြန်းလေ၏။

မှူးမတ်တို့ကလည်း အမှန်အတိုင်း "သမီးတော် မယ်ကံယုံ တက်ရောက်ခဲ့ကြောင်းပါဘုရား" ဟု သံတော်ဦးတင်ကြလေ၏။

ထိုအခါ ဘုရင်မင်းလည်း ယုံကြည်လာခဲ့ရလေ၏။ ထို့ကြောင့် သမီးတော်ကို ရှေ့တော်မှောက်သို့ ဝင်ရောက်စေဟု အမိန့်တော်ချမှတ်ခဲ့လေ၏။ သမီးတော် မယ်ကံယုံကို ခေါ်လေပြီး နန်းတော်သို့ ရောက်လာစေ၏။ ရောက်လေသော် ခမည်းတော်ရှေ့မှောက် အခစားဝင်ရန် ပြောကြားလေ၏။

ခမည်းတော်ရှေ့မှောက် မယ်ကံယုံလည်း ရောက်ရှိ၍ ရှိခိုးဦးတင်ကာ ခစားနေခဲ့လေ၏။

ထိုအခါ ဘုရင်မင်းက. . .

"သမီးတော် မယ်ကံယုံလား၊ သမီးတော်သည် ဤကျောက်သံ ပတ္တမြားတို့ကို ထားရှိခဲ့သည်မှာ မှန်သလော"ဟု မေးမြန်းလေ၏။

"ဟုတ်မှန်ပါကြောင်း"သမီးတော်လည်း လျှောက်တင်ခဲ့လေ၏။

ထိုအခါ ရှင်ဘုရင်ကလည်း

"သမီးတော် ကိုယ့်ကံနှင့်ကိုယ် စားဝတ်နေကြောင်း လျှောက်တင်ခဲ့ချက်မှာ မှန်ကန်ပေသည်" ဟု အမိန့်တော်ရှိခဲ့လေ၏။

ထို့ကြောင့် သမီးတော်နှင့် သားမက်တော်ကို ခေါ်ယူသိမ်းဆည်း၍။"



အိမ်ရှေ့မင်းအဖြစ် သမက်တော်ကို ခန့်အပ်၍ သမီးတော်နှင့် ကြည်ဖြူစွာ စံစားစေ

# ဆင်းရဲသား ထင်းခွေသမား နှစ်ယောက်

ရှေးအခါက ထင်းခွေ၍ စားသောက်ခဲ့ကြရသော ဆင်းရဲသားနှစ်ယောက် ရှိကြလေ၏။ ၎င်းတို့သည် ထင်းခွေ၍ ရောင်းချရမှသာလျှင် ထမင်းနှပ်မှန်ကို စားသောက်ခဲ့ကြရ၏။ ထို့ကြောင့် နေ့မပျက်ဘဲ ထင်းခွေလျက် အတူတကွ နေ့စဉ် ရောင်းချလာခဲ့ကြလေ၏။

တစ်နေ့သ၌ ထင်းခွေသွားရန် အိမ်မှထွက်ကြလေ၏။ တစ်ယောက်က "မိတ်ဆွေ အလျင်သွားလေ၊ ငါကနောက်မှ လာခဲ့မည်"ဟု ပြောလေ၏။ ထိုအခါ တစ်ယောက်တည်း ခွဲခွာလျက် သွားလေရာ ညောင်ပင်တစ်ပင်ကို တွေ့လေ၏။ ထိုညောင်ပင်၌ ညောင်ကိုင်းတစ်ကိုင်းသည် ခြောက်သွေ့လျက်ရှိနေ၏။ ထိုအကိုင်းကို ထင်းအလို့ငှာ ခုတ်ဖြတ်ရန် ပြုလုပ်လေ၏။

ထိုအခါ ညောင်စောင့်နတ်က ထွက်ပေါ်လာလေ၏။ "အသင်လူသား၊ ငါ့အကိုင်းကို မည်သို့ ခုတ်ဖြတ်အံ့နည်း"ဟု ပြောဆိုလေ၏။ ထင်းခွေသမားက "ထင်းအဖြစ် အသုံးပြုရန် ခုတ်ဖြတ်လိုပါသည်"ဟု ပြန်ပြော၏။ "ထိုသို့ဆိုက ငါလိုက်ခဲ့မည်၊ ငါ့အကိုင်းကို မခုတ်နှင့်" ဟု ပြောပြီးလျှင် ညောင်ပင်စောင့်နတ်သည် နောက်ကလိုက်ပါခဲ့လေ၏။

ထင်းခွေသမားသည် အိမ်သို့ရောက်လေသော် မယားဖြစ်သူအား ပြောပြလေ၏။ မယားက"ထင်းလဲ မရခဲ့၊ အာဂန္တုတစ်ယောက်ပင် နောက်မှပါလာချေသေး၏" ၏ဟု ပြောဆိုလေ၏။ ထို့နောက်အိမ်မှဩ ပိုချန်ရှိသမျှဆန်ကို ချက်ပြုတ်၍ ကျွေးမွေးခဲ့လေ၏။ ညောင်စောင့်နတ်သားသည် ညဦးအခါတွင် ခြေရင်း၌ ရွှေတစ်ပုံချပေးခဲ့လျက် ကွယ်ပျောက်သွားခဲ့လေ၏။

ထိုထင်းခွေသမားသည် နေ့ချင်းချမ်းသာလာခဲ့လေ၏။ ထိုသူ၏အဖြစ်ကို အဖော်မိတ်ဆွေက မြင်၍လာလေ၏။ ထို့နောက် "မိတ်ဆွေက လူချမ်းသာဖြစ်ခဲ့လေပြီ၊ မည်သို့ပြုလုပ်၍ ချမ်းသာရလေသနည်း"ဟု မေးမြန်းစုံစမ်းလေ၏။ ထိုအခါ မိမိခုတ်ဖြတ်ရန် ပြုလုပ်ခဲ့သော ညောင်ကိုင်းကို ညွှန်ပြပြောဆိုလိုက်လေ၏။

၎င်းသည် မိတ်ဆွေပြောလိုက်သော အကိုင်းကို ခုတ်ဖြတ်ရန် သွားလေ၏။ ခုတ်မည်ပြုလျှင် ညောင်ပင်စောင့်နတ်က ထွက်ပေါ်လျက် မေးမြန်းလေ၏။ ၎င်းလည်းပြောပြခဲ့လေလျှင် မခုတ်ဖြတ်ရန် တားမြစ်လေ၏။ "သင့်နောက်ပါးက ငါလိုက်ပါကူညီမည်"ဟု ဆိုကာ အတူတကွ လာခဲ့ကြလေ၏။ အိမ်သို့ရောက်လေ

သော် မယားဖြစ်သူက ထင်းမရခဲ့သဖြင့် ဆူပူလေ၏။ ထမင်းလည်း မကျွေးဘဲ အငတ်နေစေကာ အိပ်ပျော်ခဲ့ရလေ၏။

ညောင်ပင်စောင့်နတ်ကား ထိုလင်မယား နှစ်ယောက်အကြား၌ ညဥ့်အခါ ကွယ်ပျောက်သွားလေ၏။ နံနက် မိုးလင်းသောအခါ ထိုလင်မယားနှစ်ယောက် နိုးကြလေ၏။ ထိုအခါ လင်ဖြစ်သူက ရွှေများကို တွေ့မြင်ရသဖြင့် ဝမ်းသာအားရရှိ၏။ မယားဖြစ်သူက ကြည့်လေရာ မစင်ချေးများကို မြင်ရလေ၏။ ၎င်းတို့သည် ကံတူအကျိုးပေး မတူကြလေသောကြောင့် အချင်းချင်း ကွဲကွာခဲ့ကြရလေ၏။ ထိုအခါမှ လင်ဖြစ်သူသည် ထိုရွှေကို ပိုင်စိုးသုံးစားခဲ့ရလေသဖြင့် ချမ်းသာကြွယ်ဝလာခဲ့ရလေသတည်း။

# ပညာရှိ အမတ်ကြီးနှင့် လူစွမ်းကောင်းများ

တိုင်းပြည်တစ်ပြည်တွင် အမတ်ကြီးတစ်ဦး ရှိလေ၏။ ထိုအမတ်ကြီးသည် မှူးမတ်တို့နှင့်တိုင်ပင်ညီညွတ်သဘောမျှမှုမရှိရာကား ခွဲခွာလျက် ထွက်လာခဲ့လေ၏။ နောက်တစ်ပြည်သို့မရောက်မီ လမ်းခုလတ်၌ ထူးဆန်းသော ကျွဲကျောင်းသား တစ်ယောက်ကို တွေ့ရလေ၏။ ၎င်းကျွဲကျောင်းသားသည် ကျွဲများကို ခြေတစ်ချောင်းတည်းဖြင့်သာ ထိန်းကျောင်း၍နေလေ၏။

အမတ်ကြီးက "အမောင် ကျွဲကျောင်းသား၊ သင်ကား အလွန်ပင်သတ္တိရှိသူပါပေတကား၊ ကျွဲများအား နိုင်နင်းလေသဖြင့် အံ့ဩပေစွ"ဟု ချီးကျူးပြောဆိုလေ၏။ ၎င်းက "ယခုအခါ ငါကား အပြင်းမမောင်းနှင်သေးပါ၊ အပြင်းအထန်လိုက်လံမည်ဆိုလျှင် ဤကျွဲကောင်များ အစာပင် စားနိုင်မည်မဟုတ်ပါ၊ ထိုမျှလောက်လိုက်လံမောင်းနှင်နိုင်စွမ်းရှိပါသည်"ဟု ပြန်ပြောလေ၏။ ထိုအခါ အမတ်ကြီးက "ငါအမောင့်ကို ထမင်းစားလောက်အောင်ပေးမည်၊ ငါ့နောက်က လိုက်ပါနိုင်အံ့ လော့"ဟု မေးလေ၏။ ၎င်းလည်း ဤသူသည် ပညာရှိဖြစ်လေရာသည်ဟု ယုံကြည်၍ သဘောတူလေ၏။ ထို့ကြောင့် ကျွဲများကို ပစ်ထားခဲ့လျက် နောက်ကလိုက်ပါလာခဲ့လေ၏။

ခရီးတစ်ထောက်သွားလျှင် လူထူးလူဆန်းတစ်ယောက်ကို တွေ့ရှိပြန်လေ၏။ ထိုလူသည် တောင်တစ်ပိုင်းကို ထမ်းပိုး၍ လာခဲ့လေ၏။ အမတ်ကြီးသည် ထိုသူကို "အမောင် သင်သည် အလွန်တရာ သတ္တိရှိလှသည်။ အဘယ်ကြောင့် ဤတောင်ကို ထမ်းယူလာခဲ့ရသနည်း"ဟု မေးမြန်းလေ၏။ တောင်ထမ်းလာသူက "ကျွန်ုပ်၏ မယားသည် ထင်းမရှိ၍ ဆူပူပါသည်။ ထင်းအတွက် ရယူလို၍ ဖြစ်ပါသည်"ဟု ပြန်ပြောလေ၏။ ၎င်းကိုလည်း နောက်ကလိုက်ပါရန် ခေါ်ယူခဲ့လေ၏။

ထို့နောက် ရွာတစ်ရွာကို ဖြတ်ကျော်၍ ကွင်းပြင်တစ်ခုသို့ ရောက်ခဲ့ကြလေ၏။ ထိုနေရာတွင် လေးပစ်တည့်မှန်သော လူတစ်ယောက်ကို တွေ့ရလေ၏။ ၎င်းသည် မန်ကျည်းပင်ထိပ်ဖျား၌ နားနေသော ယင်ကောင်ကိုပစ်ရန် ပြုလုပ်နေ၏။ အမတ်ကြီးတို့က "အမောင် ဘယ်အရာကို ပစ်အံ့နည်း" ဟု မေးမြန်းလေ၏။ ထိုအခါ ၎င်းက အပင်မှာ နားနေသော ယင်ကောင်၏ ဘယ်ဘက်အတောင်ပံကို ချိန်ရွယ်နေပါသည်"ဟု ပြန်ပြောလေ၏။ အမတ်ကြီးလည်း သေချာစွာကြည့်လေသော် ယင်ကောင်ကို မြင်ရလေ၏။ ထိုသူသည် မှန်းသည့်အတိုင်း ပစ်လိုက်လေရာ ဘယ်ဘက် အတောင်ပြုတ်ကျခဲ့ရလေ၏။ ထိုယင်ကောင်သည် နားနေရာမှ လွင့်စင်၍

အောက်သို့ ကျလာလေ၏။ ထိုအခါ အမတ်ကြီးသည်"အမောင်ကား သတ္တိ ကောင်းပါသည်"ဟု ချီးကျူးပြောဆိုလေ၏။ ထို့နောက် နောက်ကလိုက်ပါရန် ပြောဆိုလျက် ခေါ်ဆောင်လာခဲ့လေ၏။

အမတ်ကြီးတို့သည် ခရီးထွက်ခွာလေသော် လမ်းစပ်ကြား၌ မိုးရွာသွန်းခဲ့လေ၏။ ထိုအခါ သစ်ပင်ကြီးတစ်ပင်အောက်တွင် မိုးခို၍ နေခဲ့ကြရလေ၏။ ထိုစဉ် ခရီးသည်တစ်ယောက်သည် ထီးတစ်လက် ဆောင်းလျက် လာလေ၏။ ၎င်းက အမတ်ကြီးတို့လူစု မိုးခိုနေကြသည်ကို မြင်တွေ့ရသောကြောင့် သနားမှုဖြစ်ခဲ့ရလေ၏။ ထိုအခါ ဆောင်းရန်ပါလာသောထီးကို ပြောင်းပြန် ပြန်၍ဆောင်းလိုက်လေ၏။ ရွာနေသောမိုးသည် ချက်ချင်းရပ်စဲသွားခဲ့ရလေ၏။ အမတ်ကြီးသည် ထိုသူအား "သင်သည် အစွမ်းရှိလှပေစွ၊ ငါတို့နှင့်အတူ လိုက်ပါလော့၊ ကောင်းစားလတ္တံ့" ဟု ဆို၍ ခေါ်ယူသွားလေ၏။

အမတ်ကြီးနှင့် ကျွဲကျောင်းသား၊ တောင်ထမ်းသူ၊ လေးသမား၊ ထီးပြန်လှန်ဆောင်းသူငါးယောက်တို့သည် တိုင်းပြည်တစ်ပြည်သို့ ရောက်သွားကြလေ၏။ ထိုပြည်၌ ဘုရင်မင်း၏ သမီးတော်တစ်ပါးသည် အလွန်အပြေးမြန်လေ၏။ ထိုသမီးတော်နှင့် ယှဉ်ပြိုင်၍ ပြေးနိုင်လျှင် "ယောက်ျားဖြစ်က လက်ထပ်ထိမ်းမြားပေးစားမည်၊ အိမ်ရှေ့ အရိုက်အရာကိုလည်း ပေးနှင်းမည်၊ မိန်းမဖြစ်က သမီးတော်အဖြစ် ချီးမြှင့်မည်"ဟု ကြေညာ မောင်းခတ်ထားလေ၏။

အမတ်ကြီးသည် ထိုမောင်းသံကို ကြားလေသော် ကျွဲကျောင်းသားကို ခေါ်လေ၏။ "သင်သည် အသွားအလျင်မြန်ပေသည်။ သို့အတွက် ယှဉ်ပြိုင်ရန် သင်တာဝန် ယူလော့"ဟုပြောဆိုလေ၏။ ကျွဲကျောင်းသားလည်း သဘောတူ၍ တာဝန်ယူလိုက်လေ၏။ ပြိုင်မည့်နေ့ရက်ကို သတ်မှတ်သိရသောအခါ ပြိုင်ပွဲဝင်ရောက်ခဲ့လေ၏။ ပြိုင်ရန်မှာ တစ်ယူဇနာဝေးသောအရပ်၌ ရှိသော ရေကန်မှ ရေကိုခပ်ယူလာကြရန်ဖြစ်လေ၏။ ထို့ကြောင့် ကျွဲကျောင်းသားနှင့် ဘုရင့်သမီးတော်တို့သည် သူ့ထက်ငါ အလျင်ရောက်နိုင်ရန် အပြေးအလွှားအားကုန်နွှဲခဲ့ကြရလေ၏။

ပြိုင်ပွဲကို အမတ်ကြီးတို့လူစုသည် တောင်မြင့်တစ်လုံးပေါ်မှ ကြည့်ရှုနေခဲ့ကြ၏။ ကျွဲကျောင်းသားသည် လျင်စွာရေခပ်လျက် ပြန်လာခဲ့လေ၏။ သို့သော် ပန်းတိုင်သို့အရောက်တွင် အညောင်းပြေသဘောဖြင့် အိပ်မောရ၍ အပန်းဖြေနေခဲ့လေ၏။ ရှင်ဘုရင်သမီးကား မရပ်မနားပြေးခဲ့သဖြင့် ပန်းဝင်ရန် နီးသထက် နီးကပ်လာလေ၏။ ကျွဲကျောင်းသားသာ အထနှေးချေက ရှုံးနိမ့်နိုင်ရာ၏။ ထို့ကြောင့် အမတ်ကြီးသည် မနေသာတော့ဘဲ လေးသမားကို အကြံပေးလေ၏။ "ကျွဲကျောင်းသား ခေါင်းပေါင်းကို လေးဖြင့်ပစ်လော့" ဟုပြောလေ၏။ ထိုအခါ လေးသမားလည်း ချိန်ရွယ်

လျက် ပစ်လိုက်လေ၏။ လေးထိမှန်ပြီးမှပင် အိပ်ပျော်ရာက လန့်နိုးခဲ့ရလေ၏။

ချက်ချင်း သတိရလျက် ထကြည့်လေလျှင် မင်းသမီးပန်းဝင်ရန် နီးကပ်နေပြီး သည်ကို မြင်ရလေ၏။ ရေအိုးခွက်ကို အဆောတလျင် ကောက်ယူ၍ တစ်ဟုန်ထိုး ပြေးလိုက်လေ၏။ ထို့ကြောင့် သီသီကလေး ကပ်၍ ပန်းဝင်နိုင်ခဲ့လေ၏။ ကျွဲကျောင်း သားအနိုင်ရလေသဖြင့် ပရိသတ်လည်း ချီးမွမ်းသြဘာပြုကြလေ၏။ ရှင်ဘုရင်ကား သမီးတော် ရှုံးနိမ့်ခဲ့ရ၍ ရှက်အားတကြီး ဖြစ်ခဲ့ရလေ၏။

အောင်ပွဲရသော ကျွဲကျောင်းသားသည် ဘုရင့်သမီးကို ရမည်ဖြစ်သဖြင့် အားရဝမ်းသာ ဖြစ်နေလေ၏။ သို့သော် ဘုရင်ကြီးက ကတိအတိုင်း သမီးတော်ကို မပေးလိုဘဲ ရှိနေခဲ့လေ၏။ သမီးတော်အစား"သင်လိုသမျှ သယ်ယူပါ၊ နိုင်သရွေ့ ရွှေငွေဥစ္စာကိုသာ ပေးပါအံ့"ဟု အမိန့်ရှိလေ၏။

ဘုရင်၏ စကားအတိုင်း "ကောင်းပါပြီ"ဟု သဘောတူညီကြလေ၏။ ထိုအခါ အမတ်ကြီးက အကြံပေးသည်မှာ "တောင်ထမ်းသမား သင်သည် ထမ်းအားရှိသူ ဖြစ်သည်၊ သင်တနိုင်တပိုင်ထမ်းဆောင်ချေလော့"ဟု ပြောဆိုလေ၏။ ထို့ကြောင့် သယ်ယူစရာအဖြစ် အိတ်ကြီးတစ်ခုကို ချုပ်လုပ်ခဲ့ကြလေ၏။

ဘုရင်မင်းသည် ရွှေငွေဥစ္စာယူဆောင်ရန်အတွက် ထည့်စရာယူဆောင်လာခဲ့ ရန် တမန်စေလိုက်၏။ အဆင်သင့်ချုပ်လုပ်ထားပြီးသော အိတ်ကြီးဖြင့် တောင်ထမ်း သမားကို ယူဆောင်စေလေ၏။ ယူရန် ရောက်သွားလေသော် ရှင်ဘုရင်က "ဤ အိတ်ကြီးနှင့် ထည့်ပေးနိုင်ရန်မှာ ငါ၏ တိုင်းပြည်တွင်ပင် ရှိမည်မထင်၊ တစ်ရက် ဆိုင်းငံ့ပေလော့"ဟု ပြောဆိုလွှတ်လိုက်လေ၏။

ထို့နောက် ဘုရင်သည် အကြံထုတ်လေပြီးလျှင် ထိုလူစုတို့အား ညဉ့်ချင်းတွင်း ခေါ်ယူစုရုံးလေ၏။ နေရာတစ်ခုတွင် ထားပြီးသော် အရက်သေစာ ဝလင်အောင် တိုက်ကျွေးခဲ့လေ၏။ အရက်မူးလာသောအခါ သတိမေ့လျက် အိပ်ပျော်သွားခဲ့ကြ လေ၏။ ထိုအခါ ဘုရင်သည် မီးရှို့စေပြီး သေအောင်ပြုလေ၏။ မီးစွဲလောင်လာ သော် ထီးပြန်လှန်ဆောင်း သမားက မိမိထီးကို အသင့်ဆောင်း၍ ကာကွယ်လိုက် လေ၏။ ထို့ကြောင့် မိုးကြီးရွာလေသဖြင့် မီးငြိမ်းသွားခဲ့ရလေ၏။

မိုးလင်းသောအခါ အမတ်ကြီးက ဘုရင်ကို စိန်ခေါ်ခဲ့လေ၏။ "သမီးကိုသာ ပေးမည်လော၊ စစ်ကိုပင် ဆိုင်မည်လော"ဟု တမန်စေလွှတ်လိုက်လေ၏။ ထိုအခါ ရှင်ဘုရင်လည်း ကြောက်အားကြီးလျက် သမီးတော်ကို ပေးအပ်ခဲ့ရလေ၏။ သို့သော် ထိုသမီးတော်ကို မည်သူရထိုက်သနည်း"ဟု အကြံပြုလေ၏။ အမတ်ကြီးသာ ပညာ ရှင်ဖြစ်သည်။ အမတ်ကြီး၏အကြံအစည်ဖြင့်သာ ရရှိခြင်း ဖြစ်လေသည်ဆိုကာ အမတ်ကြီးနှင့် ထိမ်းမြားခဲ့ကြလေသတည်း။

# နတ်မြင်းပျံနှင့် မင်းသားငယ်

ရှေးအခါက ဘုရင်တစ်ပါးတွင် သားတော်ခုနစ်ယောက်ဖြစ်ထွန်းခဲ့သည်။ ထိုမင်းသားတို့အား ခမည်းတော် မင်းကြီးသည် နန်းတော်တွင်းရှိ ပန်းဥယျာဉ်၌ ကြည့်ရှုရန် တာဝန်ချပေးထားလေ၏။ ထိုပန်းဥယျာဉ်ကို နတ်မြင်းပျံများက လာရောက် စားသောက်ကြသောကြောင့် အစောင့်အနေင်းထားခဲ့ရခြင်းဖြစ်လေသည်။

ဘုရင်ကြီးသည် နန်းတွင်း ဥယျာဉ်မှ ပန်းများကို အမြတ်တနိုးပြုလျက် ဘုရားတင်လှူပူဇော်လေသည်။ ပထမတွင် သားတော်ကြီးကို စောင့်စေရာ အိပ်ပျော်ခဲ့သဖြင့် ပန်းများ အစားခံသွားရလေသည်။ အလားတူ ကျန်ငါးယောက်စောင့်စဉ်လည်း အိပ်ပျော်သွားခဲ့ကြလေ၏။ ထို့ကြောင့် ခမည်းတော်အား ပန်းမဆက်သနိုင်ဘဲ ရှိလာခဲ့ရလေသည်။

နောက်ဆုံးအလှည့်တွင် သားငယ် တာဝန်ကျရောက်ခဲ့လေ၏။ ၎င်းသည် အိပ်ပျော်မသွားစေရန် လက်သည်းကို ဓားဖြင့်အသားပါအောင်လှီးဖြတ်လေသည်။ ညနေအစောင့်ကျစဉ် ဆားရေတစ်ခွက်နှင့် နံ့သာရေတစ်ခွက် အသင့်စီစဉ်ထားလေ၏။

ငိုက်မျဉ်းချင်လာသော် ဆားရေခွက်တွင် လှီးထားသော လက်သည်းကို နှိုက်လေသည်။ အိပ်ချင်ပြေလာပြီး ပူစပ်လာက နံ့သာရေခွက်တွင် တစ်ဖန်နှိုက်ပြန်သည်။

ထိုသို့ ဂရုတစိုက် စောင့်နေစဉ် ညဉ့်သန်းခေါင်ယံအချိန်အရောက်တွင် မြင်းဖြူကြီးတစ်ကောင် ဆင်းသက်လာလေ၏။ ထိုအခါ မင်းသားက "ငါ့ပန်းခင်းမှာ မည်သူနည်း၊ ပန်းကိုမစားနှင့် မိုးလင်းအခါ ဖခမည်းတော်ကို ဆက်သရမည်" ဟု ပြောဆိုတားမြစ်လေ၏။

မြင်းဖြူကြီးက "အဆွေ၊ ငါ့ထိပ်ဆံမွေး ခုနစ်မွေးကို ယူထားရစ်ပါ၊ အဆွေ အလိုရှိက တမ်းတလိုက်လျှင် ရောက်လာပါလိမ့်မည်"ဟု ပြောလေသည်။ ထို့ကြောင့် ပန်းတစ်ပွင့် ပေးလိုက်ပြီးလျှင် လွှတ်လိုက်လေသည်။

နောက်မကြာမီ မြင်းပြာ၊ မြင်းညို၊ မြင်းပြောက်သုံးကောင် ရောက်လာကြလေ၏။ မင်းသားကလည်း မြင်းဖြူကြီးအတူ ပြောဆိုတားမြစ်လေသည်။ ထိုအခါ မြင်းသုံးကောင်လုံးထံမှ ထိပ်ဆံမွေး ခုနစ်မွေးစီယူထားလိုက်ရန် ပြောကြလေ၏။

"အဆွေတမ်းတတိုင်း ငါတို့ရောက်ကြပါအံ့"ဟု ပြောဆိုကတိခံကြသည်။ ထို့ကြောင့် မင်းသားလည်း ပန်းတစ်ပွင့် ကျစီပေးလိုက်လေ၏။

နံနက်မိုးလင်းသောအခါ ကျန်သော ပန်းများကို ဆွတ်ခူးလေသည်။ ရသမျှသော ပန်းများကို ခမည်းတော်အား ဆက်သခဲ့လေ၏။ ထိုအခါ မင်းကြီးလည်း သားတော်အားလုံးကို ခေါ်ယူလိုက်လေသည်။ ရောက်ကြလျှင် မင်းတို့ခြောက်ယောက် ပန်းမဆက်နိုင်ကြ၊ ငါ့သားအငယ်သာ ပန်းဆက်သနိုင်သည်" ဟု ပြောဆိုချီးမွမ်းလေ၏။ ပန်းမဆက်နိုင်ခဲ့ကြသော သားကြီးခြောက်ယောက်တို့ကို အပြစ်တင်၏။ ထို့နောက် ရာဇဒဏ်အဖြစ် "မင်းတို့ ငါ့နန်းတော်နှင့် မထိုက်တန်ကြ" ဟုဆိုကာ နှင်ထုတ်လိုက်သည်။

ထိုသားတို့သည် နန်းတော်မှ ထွက်ခွာခဲ့ကြရလေ၏။ မင်းသားငယ်သည်လည်း "အစ်ကိုကြီးတို့ သွားကြလျှင် ကျွန်ုပ်လည်း သွားချေမည်"ဟုပြော၍ နောက်ကထပ်ကြပ်လိုက်ပါသွားသည်။ သို့သော် အစ်ကိုများက မပါစေလို၍ "အဘချစ်သားမလိုက်နှင့်" ဟုပြောဆို မောင်းနှင်ကြလေသည်။

ညီငယ်ကား မခွဲခွာလိုသဖြင့် တားဆီးမရဘဲ ထက်ကြပ်မကွာ လိုက်ပါလာ၏။ ထိုအခါ အစ်ကိုများက ကျောက်ခဲပစ်၍ တားမြစ်ကြလေသည်။ အစ်ကိုတို့နှင့်မလိုက်ပါရလေသော် တောထဲမှ ပုန်းလျှိုး၍ပင် လိုက်ပါခဲ့လေ၏။

နေပြည်တော်မှ ထွက်ခွာလာခဲ့ကြသော် တောစခန်းတစ်ခုသို့ ရောက်ရှိခဲ့ကြသည်။ ထိုတွင် သီးပင်တစ်ပင်ကို တွေ့မြင်ရသဖြင့် ညီငယ်အားတမ်းတမိကြလေ၏။

"ငါတို့ညီငယ်ပါလာလျှင် သစ်သီးစားရမည်၊ ယခုတော့ မပါလာသည်မှာ မှားလေစွ" ဟု ပြောဆိုခဲ့ကြလေ၏။ ထိုသို့ပြောဆုံသံကို ညီငယ်လည်း နောက်ကွယ်မှ ကြားသိခဲ့ရလေ၏။ ထို့ကြောင့် "အစ်ကိုကြီးတို့ ညီငယ်နောက်က လိုက်ပါလာသည်" ဟုပြော၍ သစ်ပင်ထက်သို့ တက်ရောက်ခဲ့လေသည်။ ထို့နောက် သစ်သီးများကို ဆွတ်ခူးချလေသဖြင့် အစ်ကိုတို့လည်း စားသောက်ခဲ့ကြရလေ၏။

အစ်ကိုများ စားသောက်ပြီးသော် ညီငယ်ကို အပင်မှ မဆင်းသက်နိုင်စေရန် အပင်ခြေရင်း၌ ဆူးခက်များကို စုအုံကြလေ၏။ ညီငယ်ကား ဆူးခက်များကို ဖယ်ရှားကာ ဆင်းသက်နိုင်ခဲ့လေသည်။ သို့သော် ဝိုင်းအုံ၍ ကျောက်ခဲဖြင့် ပစ်ကာတားဆီးခဲ့ကြသောကြောင့် နောက်ထပ်မလိုက်ပါနိုင်ဘဲ ကျန်ရစ်ခဲ့လေ၏။ နေဝင်ကာနီးလျှင်း နီးစပ်ရာ ရွာတစ်ရွာသို့ဝင်၍ အဘွားအို တစ်ဦးအိမ်တွင် တည်းခိုနေထိုင်ခဲ့လေသည်။

အစ်ကိုမင်းသားတို့သည် တိုင်းပြည်တစ်ပြည်သို့ ရောက်သွားခဲ့ကြလေ၏။ ထိုတိုင်းပြည်၌ ဘုရင်မင်း၏ သမီးတော်အတွက် ကြင်ယာလောင်းလျာကို ရွေးချယ်လျက်ရှိ၏။ သမီးတော်ကို တစ်ပင်တိုင် နန်းတွင်နေစေလျက် မြင်းပြိုင်ပွဲ ကျင်းပစေခဲ့လေသည်။ မင်းသားငယ်လည်း အစ်ကိုများကို လိုက်ရှာရင်း ထိုတိုင်းပြည်သို့

ရောက်သွားလေ၏။ ထိုတွင် အစ်ကိုတို့နှင့်တွေ့ဆုံကာ အတူတကွ နေခဲ့ကြလေ သည်။

အစ်ကိုများသည် မြင်းပြိုင်ပွဲကို သွားရောက်၍ ကြည့်ရှုကြလေသည်၊ ညီငယ်ကိုကား ကြည့်ခွင့်မပြုဘဲ ထားလေ၏။ ညီငယ်လည်း တစ်နေ့လိုက်ရုန်းနှင့် စောင့်စားမျှော်လင့်လျက်သာ နေလာခဲ့လေ၏။

တစ်နေ့လည်း မလိုက်ပါရသောအခါ အစ်ကိုတို့မရှိစဉ် ရေကန်တစ်ခုသို့ ရောက်သွားလာ၏။ ထိုတွင် နတ်မြင်းပျံကို တမ်းတ၍ ခေါ်လေလျှင် မြင်းဖြူကြီးလည်း ရောက်လာလေ၏။ ထိုမြင်းကိုစီးပြီးနောက် ပြိုင်ပွဲဝင်၍ ပြိုင်ဆိုင်ခဲ့လေသည်။ အစ်ကိုတို့ကား "ငါ့ညီနှင့်တူလေစွ" ဟု ပြောဆိုနေကြသည်။

ထိုမြင်းဖြူကြီးသည် တခြားမြင်းများထက် လျင်လျားလေ၏၊ သူများတစ်ခေါက်တွင် ငါးခေါက်,ခြောက်ခေါက်လောက်ပြေးနိုင်၏။ ထိုအခါ မြင်းဖြူကြီးကို ဖမ်းကြရန် ပြုလုပ်ခဲ့ကြရလေ၏။ ထို့ကြောင့် ထွက်ပြေးလွတ်မြောက်ကာ အိမ်သို့ ရောက်လာခဲ့လေ၏။ အစ်ကိုတို့နှင့် တွေ့လျှင် "ဘယ်မြင်းနိုင်သနည်း"ဟုမေး၏။ "ညီငယ် မင်းနှင့်ရုပ်ချွတ်စွပ်တူတဲ့ မြင်းဖြူကို စီး၍ပြိုင်ပွဲဝင်သောသူ နိုင်ချေသည်" ဟုပြန်ပြောလေသည်။

နောက်တစ်နေ့တွင်လည်း ပြိုင်ရန် တမ်းတလေ၏။ ထို့ကြောင့် မြင်းပြာ,မြင်းညို,မြင်းပြောက်များ အသီးသီးရောက်လာခဲ့ကြ၏၊ ထိုမြင်းတို့ကို တစ်လှည့်စီ စီးပြီးလျှင် ပြိုင်ပွဲဝင်လေသည်။ ပြိုင်တိုင်း ပြိုင်တိုင်း အနိုင်ချည်းရရှိခဲ့၏။ နောက်ဆုံးနေ့တွင် အစ်ကိုတို့ထံ ပွဲကြည့်လိုက်ပါရန် တောင်းပန်ဟန်ပြုလေ၏။ လိုက်ခွင့်မရသော် ရေအိုးခွက်တစ်လုံးနှင့် လုံချည်တစ်ထည်ကိုယူ၍ ခွေးတစ်ကောင်ကို ခေါ်ဆောင်လျက် ထွက်ခွာသွားလေသည်။

မင်းသားငယ်သည် လိုက်ပါသွားသော ခွေးကို သတ်၍ လုံချည်တွင် သွေးကို သုတ်လိမ်းလေသည်။ ထို့နောက် မြင်းဖြူကြီးကို တမ်းတခေါ်လျက် "အဆွေမြင်းဖြူ ယနေ့အဖမ်းခံရလျှင် ခံရပါစေ ပြိုင်ပွဲဝင်ရန် သွားကြကုန်စို့" ဟုပြောလေ၏။ မြင်းဖြူကြီးလည်း မင်းသားငယ် အလိုကျ လိုက်ပါ၍ ပြိုင်ပွဲဝင်ရောက်ခဲ့လေသည်။

ထိုနေ့တွင်လည်း မင်းသားငယ်စီးသော မြင်းပင်လျှင် အနိုင်ရရှိလေသည်။ ထိုအခါ ဘုရင်မင်းက "ဖမ်းဟေ့၊ ဖမ်းဟေ့"ဟု အမိန့်ပေးလေ၏။ ဘုရင့်အမိန့်အတိုင်း မရှောင်လွှဲဘဲ အဖမ်းခံခဲ့လေ၏။ မင်းကြီးသည် ထိုမင်းသားငယ်နှင့်ပင် သမီးတော်ကို ထိမ်းမြား၍ နန်းကိုအပ်နှံလိုက်သည်။ မင်းသားငယ် ထီးနန်းလွှဲအပ်ခံရသောအခါ ၎င်းနှင့်အစ်ကိုတို့ တည်းခိုနေလာခဲ့ကြသော အိမ်ရှင်တို့အား ကျေးဇူးတုံ့ပြန်လေ၏။ အစ်ကိုတို့ကိုလည်း ရာထူး ဌာနန္တရပေးလျက် ချီးမြှောက်ထားခဲ့လေသတည်း။

# ပညာနှင့် ဥစ္စာ
# အဘယ်က သာသနည်း

ရှေးအခါက ဘုရင်တစ်ပါးတွင် ငနမည်သော သားတော်တစ်ယောက်ရှိလေ၏။ ထိုဘုရင်ကြီး၏ နိုင်ငံတော်၌ သူဌေးတစ်ဦးတွင် ငအေမည်သော သားတော်တစ်ယောက်ရှိလေသည်။ ထိုဘုရင့်သားငနနှင့် သူဌေးသားငအေတို့သည် မိတ်ဆွေရင်းချာ ဖြစ်ခဲ့ကြလေ၏။ အတူတူနေ၊ အတူကစားဖော်ပြုလာခဲ့ကြသည်။

ကြီးရင့်လာသောအခါ မိဘများက ပညာသင်ကြားရန် တက္ကသိုလ်ပြည်သို့ စေလွှတ်လိုက်လေ၏။ သူငယ်ချင်းနှစ်ယောက်တို့သည် အတူတကွ တိုင်းပြည်မှ ထွက်ခွာလာခဲ့ကြလေ၏။ လမ်းခရီးအကြားတွင် တောင်စောင့်နတ်ကြီးက မြင်၍ ထွက်ကာ အိုးတစ်လုံးကို ကိုင်ပြလေ၏။ ထိုအိုးကား အလိုရှိရာကို ရနိုင်သောဣစ္ဆာသယအိုး ဖြစ်လေသည်။

ထိုအိုးကိုကိုင်လျက် "အမောင်တို့၊ ငါ့ဥစ္စာကိုလိုချင်ကြသလား၊ အားလုံးကို ရနိုင်သည်"ဟု တောင်စောင့်နတ်က ပြောပြလေ၏။ ထိုအခါ မင်းကြီးသား ငနကလိုလား တပ်မက်မှုရှိလေသည်။ သူဌေးသားက ငအေကို တောင်စောင့်နတ်ကပြောသည်မှာ"အမောင် . . . ပညာရှာသွားမည့်အစား ယခုလို လိုတရဥစ္စာကိုရလျှင်မကောင်းလား"ဟုဆိုလေ၏။

ငအေလည်း ပညာကို လိုလားသူ ဖြစ်သည့်အတိုင်း "ပထမအရွယ်မှာ ပညာကို ရှာရမည်၊ ဒုတိယအရွယ်မှာ ဥစ္စာကို ရှာရမည်၊ တတိယအရွယ်မှာ တရားကို ရှာရမည်ဟုဆိုပါသည်။ ယခု ပညာရှာရမည့် အရွယ်မှာ ဥစ္စာရှာနေ၍ မတော်ပါ"ဟုပြန်ပြောလေသည်။ ထို့ကြောင့် မယူလိုသဖြင့် မင်းကြီးသားကိုပင် ပေးအပ်လိုက်လေ၏။

ငနသည် လိုတရ အိုးကို ရရှိလေသော် ပညာသင်ရန် မလိုက်ပါလိုဘဲ ခွဲခွာ၍ ကျန်ရစ်ခဲ့လေ၏။ ငအေက အတန်တန်ခေါ်သော်လည်း မရသဖြင့် လူချင်းခွဲခွာကြရလေသည်။

မင်းကြီးသားက "မိတ်ဆွေသာ သွားလေတော့ ငါကား မိမိတိုင်းပြည်ကို ပြန်တော့အံ့"ဟု ပြောဆိုနှုတ်ဆက်လိုက်လေသည်။ ထို့ကြောင့် အသီးသီး ခရီးတစ်ခြားစီသွားခဲ့ကြလေ၏။

သူဌေးသားသည် တက္ကသိုလ်ပြည်သို့ရောက်၍ ပညာများကိုသာ သင်ယူလေ

သည်။ မင်းကြီးသားသည် မိမိတိုင်းပြည်သို့ ပြန်လေသော် လမ်းခရီးအကြားတွင် တိုင်းပြည်တစ်ပြည်သို့ ဝင်ရောက်ခဲ့ရလေ၏။

ထိုတိုင်းပြည်၌ ဘုရင်မင်းသည် သမီးတော်အတွက် သမက်လောင်းလျာကို ရှာဖွေနေလေ၏။ ထို့ကြောင့် မှူးမတ်တို့က တိုင်းပြည်ကို လှည့်လည်လျက် စည်မောင်းခတ်ဆော်ကြော်ငြာခဲ့လေသည်။

"ရှင်ဘုရင် သမီးတော်ကို ကြိုက်နှစ်သက်သူများရှိက ခုနစ်ရက်အတွင်း ရွှေလှည်း ခုနစ်စီး အပြည့်တင်သွင်းနိုင်လျှင် ပေးစားမည်"ဟု အမိန့်တော် သတ်မှတ်ချက်ပြုထားလေ၏။

ထိုမောင်းသံ ကြားရသောအခါ၊ မင်းကြီးသားသည် လိုလားမှုဖြစ်လာခဲ့လေသည်။ ထို့ကြောင့် လိုတရအိုး အားကိုဖြင့် မှူးမတ်တို့အား တင်သွင်းနိုင်သည်ဟု ဝန်ခံလိုက်လေ၏။

မှူးမတ်တို့သည် ဘုရင်အား လျှောက်ထားခဲ့ကြလေ၏။ ထိုအခါ ဘုရင်မင်းကြီးသားကို ရှေ့တော်ဝင်စေသည်"သင်သည် ငါ၏သမီးကို လိုလားသည်မှန်က၊ ခုနစ်ရက်အတွင်း ရွှေလှည်းခုနစ်စီးပေးဆက်နိုင်ရမည်။ ကတိ အတိုင်းမဆက်သွင်းနိုင်လျှင် ရေခပ်ကျွန်အဖြစ် ထမ်းရွက်ရမည်"ဟု မိန့်တော်မူလေသည်။

ငနလည်း အမိန့်တော်အတိုင်း ဖြစ်ပါမည်ဟု ပြန်ကြားလျှောက်ထားလေ၏။ ထို့ကြောင့် ဘုရင်သည် ငနကို နန်းတော်သို့ ခေါ်ဆောင်၍ သမီးတော်နှင့်ပေးစားခဲ့ရလေသည်။

ငနသည် နန်းတော်သို့ ရောက်သည့်နေ့မှစ၍ နေ့စဉ်မှန်မှန် ရွှေလှည်းတစ်စီးကျစီ ပေးဆက်ခဲ့လေ၏။ ခြောက်ရက်မြောက်တွင် လှည်း(၆)စီးတိုက် ရွှေများကို ပေးဆက်နိုင်ခဲ့ပြီး ဖြစ်လေသည်။ ရှင်ဘုရင်သည် သမက်တော်၏ စွမ်းရည်သတ္တိကို တွေ့မြင်ခဲ့ရသဖြင့် အလွန်အံ့အားသင့်မှုဖြစ်လာခဲ့ရလေ၏။ "မဖြစ်နိုင်သောအရာကို ဤသူသည် စွမ်းဆောင်နိုင်ပေသည်။ဤသူသည် တစ်ခုခု စွမ်းဆောင်စရာပါရှိနိုင်ရာသည်"ဟု အကြံဖြစ်လာခဲ့ရလေသည်။

ထိုအကြံကို သမီးတော်အား ခေါ်ဆောင်၍ ပြောပြလေ၏။ "ငါ့သမီးတော်၏ လင်ယောကျ်ားကို ညဥ့်အိပ်ပျော်စဉ် ရှာဖွေကြည့်လော၊ တစ်စုံတစ်ခု ရလျှင် ငါ့ကို ဆက်သရမည်"ဟု အမိန့်တော်ချမှတ်ထားရှိလေ၏။

ခမည်းတော် ဘုရင် အကြံအစည်အတိုင်း လင်တော်မောင် အိပ်ပျော်သွားစဉ် ရှာဖွေကြည့်ရှုလေသည်။ ထိုအခါ အင်္ကျီ အိတ်ထဲမှ လုံးချောသော ပစ္စည်းတစ်ခုကို ရ၍ ဘုရင်အား ဆက်သလိုက်လေသည်။ ထိုပစ္စည်းအစား ကျောက်ခဲလုံးတစ်လုံးကို အိတ်ထဲ၌ ထည့်ပေးထားခဲ့လေ၏။

နံနက်မိုးလင်းလတ်သော် ခါတိုင်းကဲ့သို့ လိုတာရအိုးကို ရှာထွက်ရိန် အမိန့်ချမှတ်လေ၏။ မည်သို့ပင် ပြောဆိုစေစားပါသော်လည်း လိုရာကို မထွက်ပေါ်ဘဲရှိခဲ့လေ၏။ ထို့ကြောင့် ဘုရင်အား ကျန်ရှာတစ်လှည်းကို မဆက်သွင်းနိုင်သဖြင့် ကတိအတိုင်း ရေခပ်ကျွန်အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

မကြာမီ မင်းကြီး၏သား မိတ်ဆွေ သူဌေးသားသည် ပညာသင်ရာမှ ပြန်လာခဲ့လေသည်။ မင်းကြီးသား ရှိနေသော တိုင်းပြည်သို့ ဆိုက်ရောက်လေသော် မိတ်ဆွေ ငနကို ရေခပ်လျက် တွေ့မြင်ရလေ၏။ ထိုအခါ အကျိုးအကြောင်းကို မေးမြန်းသိရလေလျှင် "ပညာတတ်က ဤရေကို ခပ်နေစရာလိုမည်လား" ဟု ပြန်ပြောလေ၏။ ထို့ကြောင့် ငနက"မိတ်ဆွေ ငါ့ကို ရေခပ်ကျွန်ဘဝက လွတ်အောင်ကူညီနိုင်ကကူညီခဲ့ပါ"ဟု တောင်းဆိုမှုပြုလေသည်။

သူဌေးသားသည် မိတ်ဆွေ ငနကို အကြံပေးလေ၏။ "မင်းကြီးချိုးသောရေတွင် ဆေးတစ်လုံးထည့်ပေးလေ၊ ထိုရေကိုချိုးမိလျှင် မင်းကြီးစအိုမှ အမြီးထွက်လတ္တံ့၊ ထိုအခါ မိတ်ဆွေသည် မင်းကြီးကို ဆေးဆရာတစ်ဦး ရောက်ရှိနေပါသည်"ဟုပြောလောဟု ဆိုလျက် ဆေးတစ်လုံးကို ပေးအပ်လိုက်လေ၏။ ထိုဆေးလုံးကို ရေချိုးအိုးတွင် ထည့်ပေးထားလေသည်။ မင်းကြီးသည် ထိုရေကို ချိုးမိသောအခါ အမြီးထွက်ပေါ်လာခဲ့ရလေ၏။

ထိုအခါ ဘုရင်သည် အလွန်စိတ်သောက ဖြစ်လာခဲ့ရလေ၏။ ထိုရောဂါကို ကုစားနိုင်သူ ရှိအံ့လောဟု စုံစမ်းမေးမြန်းလာခဲ့ရသည်။ ငနလည်း ဆေးဆရာတစ်ဦး ရောက်ရှိနေသည်ဟု ပြောပြလေ၏။ ဘုရင်မင်းသည် ချက်ချင်းခေါ်ယူစေလျက် ရှေ့တော်သို့ ခစားစေ၏။ ဘုရင်နှင့် ဆေးဆရာတို့ ပြောဆိုကြရလေသော် ကတိကဝတ် ပြုခဲ့ကြရလေသည်။

"အရှင်မင်းကြီးဝေဒနာကို ကုသပေးပါမည်၊ ပျောက်ကင်းပါလျှင် အကျွန်ုပ်အလိုရှိသည်ကို ပေးသနားနိုင်ရပါမည်"ဟု လျှောက်ထားလေသည်။

မင်းကြီးလည်း "အလိုရှိရာ တောင်းခံနိုင်သည်၊ ရောဂါပျောက်လျှင် ပေးရန်အသင့်ရှိကြောင်း " အမိန့်တော်ဝန်ခံချက် ပေးခဲ့လေသည်။

ထိုအခါ ဆေးကုသလေသော် မကြာခင် ဝေဒနာပျောက်ကင်းချမ်းသာ သွားခဲ့လေသည်။ ကတိအတိုင်း ငန၏လိုတရအိုးကို တောင်းခံလေ၏။ ဘုရင်ကြီးလည်း သမီးတော်နှင့်တကွ၊ လိုတရအိုးကို ပေးအပ်ခဲ့ရလေ၏။ ငနကိုလည်း ရေခပ်ကျွန်အဖြစ်မှ လွတ်ငြိမ်းစေလေ၏။

ထိုအခါမှ ဥစ္စာထက် ပညာက သာလွန်ကြောင်းကို ငနသည် ဝန်ခံခဲ့ရလေသတည်း။

# တစ်ထောင်စီတန်သော စကားသုံးခွန်း

ရှေးအခါက ဂဏအမည်ရှိသော လူငယ်တစ်ယောက် ရှိလေသည်။ ၎င်းသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင်ယူခဲ့လေသည်။ ဆရာကြီး က တပည့်ဖြစ်သူ ဂဏကို စကားကြီးသုံးခွန်းကိုသာ သင်ပေးလေသည်။ ထိုစကား သုံးခွန်းကား. . .

(၁) အဆိုးကို အကောင်းလုပ်၍မရ။

(၂) အကောင်းကို အဆိုးလုပ်၍မရ။

(၃) ဟုတ်သည်-မှန်သည်၊ နင့်အကြံ-ငါသိသည် ဟူ၍ ဖြစ်လေ၏။

ထိုစကား သုံးခွန်းမှာ တစ်ခွန်းလျှင် အသပြာတစ်ထောင်စီ တန်ဖိုးရှိလေ သည်။ ထို့ကြောင့် အသပြာတစ်ထောင်စီဖြင့် ရောင်းစား၍ အသက်မွေးလေလော့ ဟု ပြောဆိုမှာကြားလိုက်လေ၏။

ဂဏသည် ဆရာကြီးထံမှ ဖယ်ခွာလျက် မြို့တစ်မြို့အနီးတွင်နေထိုင်ခဲ့လေ ၏။ ဆရာမှာထားသည့်အတိုင်း ထိုစကားသုံးခွန်းကို လှည့်လည်ရောင်းချမှု ပြုခဲ့လေ ၏။ "စကားပါသည်၊ စကားရောင်းသည်"ဟု ဟစ်အော်ကြော်ငြာလေသော် ပြည့်ရှင် မင်းက နန်းရင်ပြင်မှ ကြားသိလေ၏။ ထို့ကြောင့် မှူးမတ်တို့အားခေါ်စေပြီး ရှေ့ တော်သို့ ဝင်ခွင့်ပြုလေ၏။

ဘုရင်မင်းက "စကားရောင်းသည်ဆိုရာ မည်မျှတန်ဖိုးရှိသည်၊ မည်မျှပေး ရမည်၊ စကားက မည်မျှဖြစ်သည်"ကို မေးမြန်းလေ၏။

ဂဏလည်း "စကားသုံးခွန်းရောင်းရန် ပါရှိပါသည်။ အသပြာတစ်ထောင်စီ ပေး၀ယ်ရပါမည်"ဟု လျှောက်တင်လေ၏။ ထိုအခါ ဘုရင်မင်းက တန်ဖိုးရှိသော စကားဖြစ်၍ အကျိုးလည်းဖြစ်ထွန်းစရာရှိမည်ဟု ယုံကြည်ကာ အသပြာသုံးထောင် ပေး၍ ဝယ်ယူခဲ့လေ၏။

ဘုရင်မင်းသည် ထိုစကားတို့ကို စမ်းသပ်ကြည့်ချင်ရာကား ပထမစကားတစ် ခွန်းကို ဟုတ်နိုင် မဟုတ်နိုင် ဦးစွာစီစဉ်လေ၏။ ထို့ကြောင့် ဘုရင်မင်း၏ သမီးတော် နှင့် သူခိုးမာပြတစ်ယောက်ကို လက်ထပ်ပေးစားလိုက်လေ၏။ ထို့ပြင် နန်းတော်၌ ကောင်းစွာထားလျက် ဝတ်စားတန်ဆာ ကောင်းစွာ ပေးထားလေသည်။

ဘုရင်မင်း၏ သားမက်တော်သည် ပင်ကိုယ်ရင်း စိတ်ဓာတ်ကို မဖျောက်နိုင်၍

ရာကား မကြာခင် ခိုးလိုမှု၊ ဓားပြတိုက်လိုမှု ဆန္ဒဖြစ်လာခဲ့လေ၏။

တစ်နေ့သ၌ မယားမသိစဉ် နန်းတော်မှ တိတ်တဆိတ်ထွက်ခွာလျက် ဓားပြတိုက်မှုပြုခဲ့လေသည်။ ထိုအခါ ပြည်သူတို့က လက်ရဖမ်းဆီးလေသဖြင့် ဘုရင်မင်းထံ အပ်နှံခဲ့ကြလေ၏။ ဘုရင်မင်းလည်း အမျက်တော်မရှိဘဲ "အဆိုးကို အကောင်းလုပ်၍မရဟူသောစကားသည် မှန်ကန်ပေသည်"ဟု သတ်မှတ်ယုံကြည်ခဲ့လေသည်။

ထိုနောက် ဒုတိယစကားခွန်းကို ဟုတ်မှန်အံ့လောဟု စုံစမ်းမှုပြုလေသည်။ ဘုရင်မင်း၏သားတော်နှင့် ဘိန်းစားသမီးတစ်ယောက်ကို လက်ထက်ပေးစားစေ၏။ ထိုအခါ ယောက္ခမဖြစ်သူ ဘိန်းစားက မိမိအတူ ဘိန်းစားဖြစ်စေရန် သမက်အား ဆွဲဆောင်ဖြားယောင်းလာခဲ့လေ၏။ သမက်တော်မှာ ဘိန်းမစား အရက်မသောက်တတ်ရာကား ယောက္ခမအလိုသို့ မလိုက်ပါဘဲ ရှိလေသဖြင့် ခြိမ်းခြောက်မောင်းမဲလျက် အတင်းအဓမ္မသိမ်းသွင်းပြန်လေ၏။ ထို့ကြောင့် သမက်တော်လည်း ရှုန်းကန်ထွက်ပြေးကာ ရသေ့ရဟန်းပြုသွားခဲ့လေ၏။

မှူးမတ်တို့က"သားတော်သည် ဘိန်းစားမဖြစ်လိုပါ၍ ယောက္ခမအကျင့်ကို မလိုက်နိုင်သဖြင့် ထွက်ပြေးသွားပါလေပြီ"ဟု ဘုရင်အား တင်လျှောက်ခဲ့ကြလေ၏။

ထိုအခါ ဘုရင်မင်းက "အကောင်းကို အဆိုးလုပ်မရဆိုသည်မှာ မှန်ကန်လှပေသည်"ဟု ယုံကြည်ခဲ့ရလေ၏။

ထို့နောက် တတိယစကားခွန်းကို စုံစမ်းရန် စိတ်ဖြစ်လာခဲ့လေ၏။ ထိုအချိန်တွင် ဘုရင်မင်း၏ မိဖုရားနှင့် ဆတ္တာတည်(လက်သာ=ခေါင်းရိတ်သူ)သည် ချစ်ကြိုက်မှုဖြစ်နေလေ၏။ တစ်နေ့သ၌ ဘုရင်မင်း၏ ဦးခေါင်းတွင် အနာပေါက်ခဲ့လေ၏။ ထိုအခါ မိဖုရားက အကြံအစည်ဖြင့် ဘုရင်အား"ဆံပင်ကို ရိတ်၍ ဆေးတင်မှ အနာသက်သာပျောက်ကင်းပါမည်"ဟု လျှောက်တင်ခဲ့လေ၏။

ဆတ္တာသည်ကိုလည်း "ယနေ့ ဘုရင်ကို ဆံပင်ရိတ်ရန်ရှိသည်။ သင်နှင့်ငါ ပေါင်းသင်းနိုင်ရန် ရှင်ဘုရင်လည်ပင်းကို ဖြတ်လှီးစီရင်ပါလော့"ဟု စကားထည့်သွင်းပေးထားခဲ့လေ၏။ ရှင်ဘုရင်သည် နံနက်ပွဲတော်စာ စားသုံးပြီးလျှင် ဆံပင်ရိတ်ရန် ဆတ္တာသည်ကို ခေါ်စေလေ၏။ ဆတ္တာသည် ရောက်လေသော် အဆောင်တော်သို့ သွင်းလေ၏။ ထို့နောက် ဦးတော်ကို ညွတ်လျက် ဆံပင်ရိတ်ခံလေ၏။ ဆတ္တာသည်သည် ဘုရင်အား အရိုအသေပြုဟန်ဆောင်လျက် ဆံပင်ရိတ်ရန် စီစဉ်လေ၏။ မိဖုရားက အကြံပေးထားသည်ကိုလည်း သတိရလျက်ရှိနေလေ၏။ ထို့ကြောင့် အခွင့်အခါသင့်ပြီဟု ယုံကြည်လျက် ဘုရင့်လည်ပင်းကို ဖြတ်လှီးရန် တွေးတောမှုပြုနေ၏။ ထိုအခိုက်မှာပင် ဘုရင်မင်းသည် နှုတ်က အမှတ်တမဲ့ ရွတ်ဆိုမိလေ၏။"ဟုတ်သည်၊ မှန်သည်၊ နင့်အကြံ-ငါသိသည်"ဟူ၍ ရွတ်ဆိုလေသည်။

ထိုအခါ ဆတ္တာသည်မှာ "ငါ့အကြံကို ရှင်ဘုရင်သိရှိသွားပေပြီ"ဟု မှတ်ထင်သွားခဲ့လေ၏။ ထို့နောက် ကြောက်ရွံ့ခြင်းကြီးစွာဖြင့် "အရှင်မင်းကြီး သည်းခံတော်မူပါ၊ ကျွန်တော်မျိုးအကြံအစည်မဟုတ်ရိုး အမှန်ပါ၊ အရှင်မင်း၏မိဖုရား ရှင်ဘုရင်မ၏ အကြံအစည်သာဖြစ်ပါသည်။ ရှင်ဘုရင်မသည် အရှင့်ကိုထား၍ ကျွန်တော်မျိုးကို လိုလားနေပါသည်၊ ထို့ကြောင့် ဘုရင်မက ကျွန်တော်မျိုးနှင့် အတူတူနေနိုင်ရန်ဆိုကာ အရှင်မင်းကြီးကို ကြံစည်စေခဲ့ပါသည်။ အရှင်မင်းကြီးကို ခေါင်းရိတ်စဉ်ကာလ လည်ပင်းကို ဖြတ်လှီးလိုက်ရန် အကြံပေးခြင်းဖြစ်ပါသည်။ မိဖုရား၏ကြံစည်ခြင်းသာလျှင် ဧကန်ဖြစ်ပါကြောင်း"တင်လျှောက်လေသည်။

ထိုစကားကို ကြားရလေသော် ရှင်ဘုရင်လည်း "တကယ် အဖိုးတန်ပေသည်၊ 'ဟုတ်သည်၊ မှန်သည်၊ မင်းအကြံ ငါသိသည်'ဟူသောစကားသည် ယခုငါဘုရင်အသက်ကိုပင် ကယ်တင်နိုင်ပေသည်။ စကားရောင်းသူပြောသည့်အတိုင်း တကယ်ပင်ဟုတ်မှန်ကြောင်းကို ကိုယ်တိုင်သိရပေပြီ"ဟု ယုံကြည်လာခဲ့ရလေ၏။ ထိုအခါမှစ၍ ဘုရင်ကြီးသည် ထိုစကားသုံးခွန်းကို တလေးတစား ပြုလာခဲ့သည်။ အသပြာတစ်ထောင်စီပေး၍ ဝယ်ယူထားလိုက်ရခြင်းအတွက် ကျေနပ်နှစ်သိမ့်ခဲ့ရလေ၏။ ဘုရင်ကို သေကြောင်းကြံစီသော မိဖုရားကိုကား နန်းတော်မှ နှင်ထုတ်လိုက်လေ၏။ ဆတ္တာသည်ကိုမူ စစ်သည်တော်ရာထူးသို့ ပေးအပ်ခန့်ထားခဲ့လေ၏။ စကားကုန်သည် စကားရောင်းလာသူ ဂဏာကိုလည်း ကျေးဇူးဆပ်လေ၏။ အိမ်ရှေ့မင်းရာထူးကို ချီးမြှင့်၍ နန်းတော်၌ ခေါ်ယူထားရှိလေသတည်း။

# လူ့အလို
# နတ်မလိုက်နိုင်

ရှေးအခါက မြစ်ကမ်းပါးအနားၥ် ရွာငယ်တစ်ရွာရှိလေသည်။ ထိုရွာငယ်၌ လက်မနှင့်တေနောင်ဟူသော လူနှစ်ယောက်ရှိလေ၏။ ထိုသူနှစ်ယောက်တို့သည် တစ်နေ့သ၌ တွေ့ဆုံကြစဉ် စကားအချေအတင်ပြောဆိုမှု တစ်ခုဖြစ်ခဲ့ကြရလေသည်။

တေနောင်က လက်မကို "လူ့အလိုကို နတ်မင်းမလိုက်နိုင်"ဟု စကားတင်၍ ပြောလေ၏။

ထိုအခါ လက်မက "လူ့အလိုကို နတ်လိုက်နိုင်သည်။ အဘယ်ကြောင့် မလိုက်နိုင်စရာရှိအံ့နည်း"ဟု ပြောဆိုချေပလေ၏။

တစ်ယောက်က မလိုက်နိုင်သည်ကို၊ တစ်ယောက်က လိုက်နိုင်သည်ဟု အချေအတင်ပြောကြရာ မပြေလည်သဖြင့် အငြင်းအခုံ ဖြစ်လာခဲ့ကြရလေသည်။

လက်မက မလိုက်နိုင်ခြင်းကို အဖြေပေးရန် တောင်းခံလေ၏။ တေနောင်လည်း တိကျသောအဖြေကို မပေးနိုင်၊ လိပ်ခဲတည်းလည်း ဖြစ်ကာ ရှိခဲ့ရလေ၏။ ထိုပြဿနာ မရှင်းမလင်းဖြစ်နေသဖြင့် သိကြားမင်း စံရာ ပဏ္ဍုကမ္ဗလာသည် တင်းမာခြင်း ဖြစ်လာခဲ့ရလေသည်။ ထိုအခါ သိကြားမင်းသည် အောက်ရပ် လူ့ပြည်သို့ ကြည့်လေသော် လက်မနှင့် တေနောင်တို့ အငြင်းပွားနေသည်ကို မြင်တွေ့ရလေသည်။ ထို့ကြောင့် သိကြားမင်းည် လူ့အလိုကို လိုက်နိုင်၊ မလိုက်နိုင် စမ်းသပ်ကြည့်ရှုရန် လူ့ပြည်သို့ ဆင်းသက်လာခဲ့လေ၏။

ပထမ လက်မတို့ရွာမှ ဘိန်းစား ပေါင်ကား အလိုကို လိုက်ကြည့်အံ့ဟု စီစဉ်လေ၏။ ဘိန်းစား ပေါင်ကားသည် ဘိန်းငတ်လျက် ငေးမှိုင်ကာနေလေ၏။ ထို့ပြင် "ငါ ဘိန်းတစ်ခဲရလျှင် ကောင်းမည်" ဟု အကြံဖြစ်ရှိနေ၏။ ၎င်းအကြံကို သိကြားမင်းသည် လိုက်လျောလျက် ဘိန်းတစ်ခဲရှေ့က ချပေးလေသည်။ ထိုဘိန်းကို စားရသောအခါ တစ်ဖန်စိတ်ကူး၍ 'ဘိန်းက စားရပေပြီ၊ ရှင်ဘုရင် စားတော်ပွဲကို စားရလျှင် ကောင်းမည်'ဟု အကြံဖြစ်လေ၏။

သိကြားမင်းလည်း ဘိန်းစားအလိုအတိုင်း ပွဲတော်အုပ်ကို ဖန်ဆင်း၍ ပေးလေ၏။ ဘုရင်ပွဲတော်စာကို စားရသောအခါ အကြံတစ်မျိုး ဖြစ်လာပြန်လေ၏။

'ဘုရင်စားကောင်းသောက်ရာ အစာအာဟာရကို စားရချေပြီ၊ ဘုရင်နန်းတော်မှ ညောင်စောင်းတွင် လဲလျောင်း၍ အိပ်ပျော်ရလျှင် ကောင်းမည်'ဟု စိတ်ကူးဖြစ်လာ၏။ ဘိန်းစား၏အကြံအစည်အတိုင်း သိကြားမင်းလည်းမွေ့ရာ ကော်ဇောအပြည့်ဖြင့် ခုတင်ညောင်စောင်းကို ဖန်ဆင်းပေးလေ၏။ ထိုနေရာ၌ ကောင်းစွာစက်တော်ခေါ်၍ ပျော်မွေ့နှစ်ခြိုက်စွာ အိပ်ပျော်စေလေ၏။

ဘိန်းစားသည် ညောင်စောင်းထက်တွင် တက်လျက် အိပ်ရာ၌ လဲလျောင်းပြန်လေ၏။ ထိုနောက် ကောင်းမွန်ထူးခြားသော ပုဆိုးစောင်ကို ခြုံလေ၏။ ထိုအခါ စိတ်ကူးယဉ်မိလေသည်မှာ 'ငါတစ်ယောက်တည်း အိပ်နေ၍ အသို့ပျော်မွေ့ရာအံ့နည်း၊ သိကြားမင်း မိဖုရားနှင့် တစ်ညဥ့်အိပ်ပျော်ရလျှင် အလွန်ကောင်းရာ၏။' ဟု အကြံဖြစ်လေသည်။

သိကြားမင်းသည် မိဖုရားကို အလိုရှိကြောင်း သိရသောအခါ 'ငါ အလိုလိုက်ကြည့်မိသည်မှာ မှားလေပြီ။ လူ့အလိုကို နတ်မလိုက်နိုင်ဆိုသည်မှာ တကယ်မှန်ပေသည်'ဟု စိတ်က ဆုံးဖြတ်ချက်ပြုခဲ့ရလေ၏။

ထို့ကြောင့် မိဖုရားကိုလည်း မပေးနိုင်ရာကား အလိုကို မလိုက်လျောနိုင်ဘဲ တာဝတိံသာသို့ပင် ပြန်သွားခဲ့ရလေ၏။ ဘိန်းစားလည်း အလိုမပြည့်ဘဲ အသက်ဆုံးရှုံးသွားခဲ့ရလေ၏။ ထိုအခါမှစ၍ "လူ့အလိုကို နတ်မလိုက်နိုင်"ဟူသော အဖြေလည်း ပြေလည်သွားခဲ့ရလေသတည်း။

# နွားကျောင်းသား ပညာရှိ

ရှေးအခါက တိုင်းပြည်တစ်ပြည်ကို ဘုရင်တစ်ပါး မင်းလုပ်၍ စိုးစံအုပ်ချုပ်နေခဲ့လေ၏။ တစ်နေ့သ၌ ဘုရင်မင်းသည် ညီလာခံရန် မှူးမတ်တို့ကို ခေါ်ယူလေ၏။ မှူးမတ်တို့ စုံညီလေသော် တိုင်းပြည်ရေး၊ လုံခြုံရေးတို့ကို တိုင်ပင်ဆွေးနွေးမှုပြုခဲ့ကြလေ၏။ မှူးမတ်တို့က လုံခြုံရေးအတွက် ဆင်တပ်တစ်တပ်လိုအပ်ပါကြောင်း လျှောက်တင်ခဲ့ကြလေ၏။

ဘုရင်မင်းက ..."ဆင်ကို ဘယ်တွင် ရနိုင်အံ့နည်း"ဟု မေးမြန်းလေ၏။

ထိုအခါ မှူးမတ်တို့က ..."ဟိမဝန္တာတောတွင် ဆင်များရှိကြပါသည်၊ ထိုဆင်များကို ဖမ်းဆီးပြီးလျှင် ယဉ်ပါးစေက ရရှိနိုင်ပါသည်"ဟု အကြံပေးတင်ပြကြလေသည်။

ရှင်ဘုရင်က "ဟိမဝန္တာတော ဆိုသည်မှာ အလွန်ချမ်းအေးလှသည်၊ ထို့ကြောင့် ဆင်ကိုဖမ်းရန် အချမ်းခံနိုင်စွမ်းရှိသူ တစ်ယောက်ကို ရှာရမည်"ဟု အမိန့်ရှိလေသည်။

ထိုနောက် ရှင်ဘုရင်က "ဆောင်းရာသီ ပြာသိုလသည် အချမ်းဆုံးလဖြစ်သည်။ လက်တောင်နှစ်ဆယ် ရေနက်သော ရေကန်မှာ တစ်ရက်တိုင်တိုင် ငုပ်နေနိုင်သူကို သမီးတော်နှင့်ပေးစားမည်၊ ငုပ်နိုင်မည့်သူရှိက အသပြာတစ်ထောင်ထုပ်ကို ဆွဲစေလော့"ဟု အမိန့်တော်ကိုလည်း ချမှတ်လိုက်လေ၏။ ထို့ကြောင့် မှူးမတ်တို့သည် အမိန့်တော်အတိုင်း ကြေညာမောင်းခတ်ခဲ့ကြလေသည်။

ထိုအခါ မြို့စွန်မြို့နားတွင်နေသော ဆင်းရဲသော သားအမိနှစ်ယောက်တို့ ကြားသိခဲ့ရလေ၏။ သားငယ်သည် မိခင်အား မောင်းခတ်လှည့်လည်လာကြသူများထံမှ အသပြာထုပ်ကို ဆွဲစေလေ၏။

မိခင်က စိုးရိမ်လျက်"ချစ်သား၊ ဖြစ်နိုင်အံ့လော့"ဟု ပြန်ပြောလေ၏။

သားက..."မိခင်၊ ဆင်းရဲငတ်မွတ်ပြီး သေရခြင်းလည်း တစ်သေ၊ ယခုရှင်ဘုရင် အမိန့်အတိုင်းလုပ်၍ သေလျှင်လည်း တစ်သေ၊ တစ်ကယ်မသေဖြစ်ခဲ့သော် ရှင်ဘုရင် သမီးတော်ကိုပင် ရမည်ဖြစ်ပေသည်။ မကြောင့်ကြ မစိုးရိမ်ပါလင့်၊ ဆွဲသာဆွဲလိုက်ပါမိခင်"ဟု တိုက်တွန်းပြောဆိုခဲ့လေ၏။

သား၏တိုက်တွန်းချက်အရ ထိုအသပြာထုပ်ကို ဆင်ပေါ်မှ ဆွဲယူလေ၏။ ထိုအခါ မှူးမတ်တို့က "သင့်မှာမည်သူက ဘုရင်အမိန့်အတိုင်း ပြုလုပ်ချေအံ့နည်း"ဟု မေးလေ၏။

# နွားကျောင်းသား ပညာရှိ

ရှေးအခါက တိုင်းပြည်တစ်ပြည်ကို ဘုရင်တစ်ပါး မင်းလုပ်၍ စိုးစံအုပ်ချုပ်နေခဲ့လေ၏။ တစ်နေ့သ၌ ဘုရင်မင်းသည် ညီလာခံရန် မှူးမတ်တို့ကို ခေါ်ယူလေ၏။ မှူးမတ်တို့ စုံညီလေသော် တိုင်းပြည်ရေး၊ လုံခြုံရေးတို့ကို တိုင်ပင်ဆွေးနွေးမှုပြုခဲ့ကြလေ၏။ မှူးမတ်တို့က လုံခြုံရေးအတွက် ဆင်တပ်တစ်တပ်လိုအပ်ပါကြောင်း လျှောက်တင်ခဲ့ကြလေ၏။

ဘုရင်မင်းက ..."ဆင်ကို ဘယ်တွင် ရနိုင်အံ့နည်း"ဟု မေးမြန်းလေ၏။

ထိုအခါ မှူးမတ်တို့က ..."ဟိမဝန္တာတောတွင် ဆင်များရှိကြပါသည်၊ ထိုဆင်များကို ဖမ်းဆီးပြီးလျှင် ယဉ်ပါးစေက ရရှိနိုင်ပါသည်"ဟု အကြံပေးတင်ပြကြလေသည်။

ရှင်ဘုရင်က "ဟိမဝန္တာတော ဆိုသည်မှာ အလွန်ချမ်းအေးလှသည်၊ ထို့ကြောင့် ဆင်ကိုဖမ်းရန် အချမ်းခံနိုင်စွမ်းရှိသူ တစ်ယောက်ကို ရှာရမည်"ဟု အမိန့်ရှိလေသည်။

ထိုနောက် ရှင်ဘုရင်က "ဆောင်းရာသီ ပြာသိုလသည် အချမ်းဆုံးလဖြစ်သည်။ လက်တောင်နှစ်ဆယ် ရေနက်သော ရေကန်မှာ တစ်ရက်တိုင်တိုင် ငုပ်နေနိုင်သူကို သမီးတော်နှင့်ပေးစားမည်၊ ငုပ်နိုင်မည့်သူရှိက အသပြာတစ်ထောင်ထုပ်ကို ဆွဲစေလော့"ဟု အမိန့်တော်ကိုလည်း ချမှတ်လိုက်လေ၏။ ထို့ကြောင့် မှူးမတ်တို့သည် အမိန့်တော်အတိုင်း ကြေညာမောင်းခတ်ခဲ့ကြလေသည်။

ထိုအခါ မြို့စွန်မြို့နားတွင်နေသော ဆင်းရဲသော သားအမိနှစ်ယောက်တို့ကြားသိခဲ့ရလေ၏။ သားငယ်သည် မိခင်အား မောင်းခတ်လှည့်လည်လာကြသူများထံမှ အသပြာထုပ်ကို ဆွဲစေလေ၏။

မိခင်က စိုးရိမ်လျက်"ချစ်သား၊ ဖြစ်နိုင်အံ့လော့"ဟု ပြန်ပြောလေ၏။

သားက..."မိခင်၊ ဆင်းရဲငတ်မွတ်ပြီး သေရခြင်းလည်း တစ်သေ၊ ယခုရှင်ဘုရင် အမိန့်အတိုင်းလုပ်၍ သေလျှင်လည်း တစ်သေ၊ တစ်ကယ်မသေဖြစ်ခဲ့သော် ရှင်ဘုရင် သမီးတော်ကိုပင် ရမည်ဖြစ်ပေသည်။ မကြောင့်ကြ မစိုးရိမ်ပါလင့်၊ ဆွဲသာဆွဲလိုက်ပါမိခင်"ဟု တိုက်တွန်းပြောဆိုခဲ့လေ၏။

သား၏တိုက်တွန်းချက်အရ ထိုအသပြာထုပ်ကို ဆင်ပေါ်မှ ဆွဲယူလေ၏။ ထိုအခါ မှူးမတ်တို့က "သင့်မှာမည်သူက ဘုရင်အမိန့်အတိုင်း ပြုလုပ်ချေအံ့နည်း"ဟု မေးလေ၏။

"ငါ့သား ပိစပ်က ပြုလုပ်ရန် ဖြစ်ပါသည်"ဟု ပြောလေသည်။

"ထိုသို့ဆိုလျှင် ကောင်းပြီ၊ အမိန့်တော်အတိုင်း လာရမည်"ဟု ပြောဆိုမှာကြားထားခဲ့ကြလေ၏။

ထို့နောက် ဘုရင်မင်းထံပြန်လာလျက် "လူစွမ်းကောင်းကို တွေ့ခဲ့ရပါပြီ"ဟု သံတော်ဦးတင် လျှောက်ထားခဲ့ကြလေသည်။

အချိန်ကာလရောက်လတ်သော် ကတိအတိုင်း ပိစပ်ကို ဆင့်ခေါ်စေလေ၏။ ပိစပ် ရောက်လာသောအခါ ရှင်ဘုရင်နန်းတော်ရှေ့ရှိ ရေကန်တွင် ငုပ်လျှိုးစေလေ၏။ မိခင်ဖြစ်သူက သားကို စိုးရိမ်ကြီးစွာဖြင့် ရေကန်ပေါင်ထက်၌ မီးဖိုလျက်ညဥ့်မအိပ်ဘဲ စောင့်လျက်နေလေ၏။

ထိုအခါ ဘုရင်မင်းက ချမ်းအားကြီး၍ သေလောက်ပြီ ထင်မှတ်လျက် "ပိစပ်မသေသေးဘူးလား"ဟု မေးမြန်းစုံစမ်းခဲ့လေ၏။

မှူးမတ်က မီးရှိန်ရ၍ မသေဘဲ ငုပ်နေနိုင်သည် အမှတ်ရှိခဲ့ကြလေ၏။ ထို့ကြောင့် "ဘယ်သို့ သေရာပါအံ့နည်း၊ မိခင်ဖြစ်သူက ကန်ပေါင်ထက်တွင် မီးဖိုလျက်ပေးထားပါ၍ မသေဘဲ ရှိပါသည်"ဟု လျှောက်ထားကြလေ၏။ ထိုအခါ ဘုရင်သည် ပိစပ် သားအမိနှစ်ယောက်ကို လိမ်လည်မှုဖြင့် သုသာန်ထုတ်၍ ခေါခုတ်သတ်စေရန် အမိန့်တော်ချမှတ်ခဲ့လေ၏။ ပိစပ်သည် "အရှင်မင်းကြီး ခုနစ်ရက်ခန့် ခွင့်ပေးတော်မူပါ၊ ဤတရားကို ဆုံးဖြတ်ရန် ပညာရှိ ရှာဖွေပါရစေ"ဟု လျှောက်ထားမှုပြုခဲ့လေ၏။ ထိုအခါ ဘုရင်လည်း ခွင့်ပေးခဲ့လေ၏။

ပိစပ်သည် မကြာခင် ပညာရှိရရန် ရှာဖွေလေတော့၏။ အဆင့်သင့်ပင် နွားကျောင်းနေသော နွားကျောင်းသားတစ်ယောက်နှင့် တွေ့ရှိလေ၏။ နွားကျောင်းသားက သတင်းမေးမြန်းလေသော် ပိစပ်လည်း အကျိုးအကြောင်းကို ပြောပြလေ၏။ ထိုအခါ ၎င်းက "ကိစ္စမရှိ၊ မစိုးရိမ်လင့်၊ ငါလာမည်"ဟု ဝန်ခံလိုက်လေ၏။ နွားကျောင်းသားစကားကို ကြားရလျှင် ဝမ်းသာအားရဖြင့် ပြန်လာခဲ့လေ၏။

တရားဆုံးဖြတ်မည့်နေ့တွင် နွားကျောင်းသားသည် ရေကန်ပေါင်၌ မီးကိုမွှေးလေ၏။ ထို့နောက် ငါးတစ်ကောင်ကို ရေကန်ပေါင်တစ်ဖက်၌ တင်ထားလေ၏။ ခုနစ်ရက်စေ့သောနေ့တွင် ပိစပ်လည်း တရားဆိုင်ရမည်ဖြစ်၍ နွားကျောင်းသာကို ခေါ်ရန် လာရောက်လေ၏။ ထိုအခါ နွားကျောင်းသားက"ငါသည် ငါးကင်၍ နေရသည်၊ ငါးကင်ကျက်လျှင် ကျက်ချင်း စားသောက်ပြီးသော် လာမည်၊ ထိုအကြောင်းကို ဘုရင်မင်းအား လျှောက်တင်ချေလော့"ဟု မှာကြား ပြောဆိုလိုက်လေ၏။

ပိစပ်လည်း နန်းတော်သို့ စိုက်စိုက်မတ်မတ်လာလေ၏။ ထိုအခါ ဘုရင်က "သင့်မှာ ပညာရှိရှာ၍ ရခဲ့ပြီလော"ဟု မေးလေ၏။ ပိစပ်လည်း နွားကျောင်းသား

မှာကြားချက်အတိုင်း ဘုရင်အား လျှောက်တင်လေ၏။ ဘုရင်သည် ပညာရှိရောက်လာနိုးနိုးဖြင့် စောင့်စားလျက် နေလေ၏။ စောင့်ရကြာသောအခါ "မောင်မင်းပညာရှိ ယခုထိ မလာသေးတကား"ဟု ပြောဆိုလေ၏။ အချိန်ကြာလေသော် မှူးမတ်တို့အား ပညာရှိထံသွားရောက် ကြည့်ရှုစေလေ၏။

ပညာရှိနွားကျောင်းသားသည် ငါးကင်မြှကင်လျက် ရှိနေလေ၏။ မှူးမတ်တို့က ၎င်းအား တွေ့မြင်ရလျှင် "ဘယ်သောကာလကင်၍ ကျက်နိုင်ရာအံ့နည်း"ဟု ဆိုကာ ဘုရင်အား လျှောက်ထားခဲ့ကြလေ၏။ ဘုရင်လည်း ချက်ချင်းဝင်စေရန် အမိန့်ချမှတ်လေ၏။ ထို့ကြောင့် နွားကျောင်းသားပညာရှိသည် ဘုရင့်ရှေ့တော်မှောက် ခစားဝင်ရောက်ခဲ့လေ၏။

ထိုအခါ ဘုရင်က "သင်ပညာရှိ ဟုတ်သလော၊ ငါးကို ကန်တစ်ဖက်ထား၍ ထစ်ဖက်က မီးရှို့သဖြင့် ငါးကင်ကျက်ရိုးထုံးစံရှိအံ့လော့"ဟု ပြောဆိုလေ၏။ ပညာရှိကလည်း "မှန်ပါ အရှင်မင်းမြတ်၊ အရှင်မင်းကြီးမှာလည်း ပိစပ်က ရေကန်ထဲမှာ ငုပ်နေပါလျက် ကန်ပေါင်မှာ မီးဖိုထားခြင်းဖြင့် အချမ်းပြေပျောက်ရိုးထုံးစံ ရှိနိုင်ပါမည်လော့"ဟု တင်လျှောက်လေ၏။ ထိုအခါ ဘုရင်လည်း သတိရလျက် "လမ်းမှန်ကို တင်လျှောက်ပေသည်"ဟု သဘောကျလေ၏။ ထို့ကြောင့် ပိစပ်ကို ပြစ်ဒဏ်မှလွှတ်၍ သမီးတော်နှင့် လက်ထပ်ပေးစားခဲ့ရလေသတည်း။

# နဖူးစာဖရေးနတ်

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါးစိုးစံလျက်ရှိလေ၏။ ထိုဘုရင်ကြီးသည် တောကစား ဝါသနာပါရှိလေ၏။ ထို့ကြောင့် တစ်နေ့သ၌ တောကစားရန် ထွက်ချီတော်မူခဲ့လေသည်။ ထိုအခါ ယာခင်းလုပ်ကိုင်လျက်ရှိသော လင်မယားနှစ်ယောက်နှင့်တွေ့ဆုံကြလေ၏။ ဘုရင်ကြီးသည် ခရီးလွန်ခဲ့ရသဖြင့် နန်းတော်သို့ မပြန်နိုင်တော့ဘဲ ထိုလင်မယားထံ၌ တစ်ည တည်းခိုနေခဲ့ရလေ၏။

ထိုနေ့ညဥ့်တွင် နဖူးစာနတ်သည် ဆိုက်ရောက်လာလေ၏။ ယာသမား မောင်နှံတို့လည်း ကောင်းစွာ အိပ်ပျော်လျက် ရှိနေကြ၏။ နဖူးစာနတ်သည် တဲအဝင်ဝ၌ အိပ်ပျော်နေသော ဘုရင်ကို မကျော်လွှားနိုင်ချေ။ ထို့ကြောင့် "ပြည့်ရှင်မင်းကြီး ဖယ်ရှားပါလော့"ဟု ပြောဆိုခဲ့လေ၏။ ဘုရင်လည်း "သင်မည်သူနည်း"ဟု မေးမြန်းလေ၏။ "ကျွန်ုပ် နတ်ဖြစ်သည်"ဟု ပြန်ပြောလေ၏။ "ဘယ်သို့သော နတ်မျိုးဖြစ်၍ အဘယ်ကြောင့် လာရောက်ရသနည်း"ဟု ထပ်မံမေးလေ၏။ ထိုအခါ "ကျွန်ုပ် နဖူးစာနတ်ဖြစ်ပါသည်။ နဖူးစာထိုးရန် လာရောက်ခြင်းဖြစ်ပါသည်"ဟု ပြန်ပြောလေ၏။

ရှင်ဘုရင်လည်း ဖယ်ရှားပေးလေလျှင် နတ်သည် ယာတဲသို့ ဝင်သွားလေ၏။ ရောက်လေသော် ကိုယ်ဝန်အရင့်အမာ ရှိနေပြီးသော ယာရှင်မယား၏ သန္ဓေသားကို နဖူးစာထိုးခဲ့လေ၏။ ထို့နောက် တဲမှထွက်ခဲ့လျှင် ဘုရင်က "မည်သို့ ထိုးခဲ့သနည်း"ဟု မေးမြန်းလေ၏။ ထိုအခါ နတ်က"တစ်ဆယ့်ငါးနှစ်အရွယ်သို့ ရောက်သောအခါ မြွေကိုက် ရေနစ်၍ သေရလတ္တံ့"ဟု ရေးထိုးခဲ့ကြောင်း ပြောပြခဲ့လေ၏။

ဘုရင်မင်းလည်း "အဟုတ် မှန်ကန်အံ့လော"ဟု တွေးတောကာ ကလေးမွေးဖွားသည်တိုင်အောင် စောင့်ဆိုင်း၍ နေလေ၏။ ကလေးမွေးဖွား၍ နို့လွတ်သောအခါ နန်းတော်သို့ ယူဆောင်လာခဲ့လေ၏။ နန်းတော်သို့ ရောက်လျှင် အထိန်းအယတို့ဖြင့် ကောင်းစွာပြုစုလုပ်ကျွေးထားခဲ့လေ၏။ အထူးသဖြင့် နန်းပေါ်မှအောက်သို့ မဆင်းစေရန် စောင့်ရှောက်ထားစေ၏။

ဘုရင်မွေးစား သူငယ်သည် တဖြည်းဖြည်းနှင့် တစ်ဆယ့်ငါးနှစ်အရွယ်သို့ ရောက်လာခဲ့လေ၏။ တစ်နေ့သ၌ ဘုရင်မင်းသည် ဥယျာဉ်တော်သို့ ခေါင်းဆောမင်္ဂလာပြုရန် ထွက်ချီလျက် ရှိနေလေ၏။ ထိုအခါ မွေးစားသူငယ်သည် ရေချိုးလိုသောစိတ်က ပြင်းပြလာခဲ့ရလေ၏။ အထိန်းတော်တို့ကို ရေချိုးရန် ပြောလေသော်

ဘုရင်အမိန့်မရ၍ ခွင့်မပေးလေသဖြင့် များစွာ ဆူပူခဲ့လေ၏။ ထို့ကြောင့် သူငယ် အလိုသို့လိုက်လျက် ရေချိုးစေခဲ့ကြလေ၏။

ဘုရင်မွေးစားသားသည် မြို့စွန်တစ်နေရာသို့ ထွက်တော်မူလေ၏။ ထိုတွင် ချောင်းတစ်ခု၌ သစ်ပင်တစ်ပင်လည်း ချောင်းထဲသို့ အကိုင်းထိုးထွက်လျက် ရှိနေလေ၏။ ထိုသစ်ကိုင်းတွင် မြွေတစ်ကောင်ရှိနေလေ၏။ နဖူးစာပါလာသော မောင်ကံဆိုးမှာ ချောင်းထဲသို့ ခုန်ဆင်းလို၍ ထိုသစ်ကိုင်းသို့ တက်လေ၏။ ထိုအခါ မြွေကိုက်ခံရသဖြင့် အဆိပ်မွှန်လျက် ချောင်းထဲသို့ ကျသွားခဲ့ရလေ၏။ ထို့ကြောင့် သူငယ်လည်း ရေနစ်၍ သေဆုံးခဲ့ရရှာလေ၏။

ဘုရင်ကြီးသည် ခေါင်းဆောင်မင်္ဂလာ ပြုပြီးနောက် မကြာခင် နန်းတော်သို့ပြန်လာခဲ့လေ၏။ မွေးစားသားကို မတွေ့ရသောအခါ စိတ်မချ၍ အထိန်းတော်တို့အား မေးမြန်းစုံစမ်းလေ၏။ ထိုအခါ မြွေကိုက် ရေနစ်၍ သေဆုံးခဲ့ရပြီးကြောင်းကို သံတော်ဦးတင်ခဲ့ကြလေသည်။ ဘုရင်ကြီးလည်း လွန်စွာစိတ်မကောင်းဖြစ်ခဲ့ရလေ၏။ ထို့နောက် "နဖူးစာ တကယ် ဟုတ်မှန်ပါကလား"ဟု စိတ်က ယူဆခဲ့ရလေ၏။ မှူးမတ်တို့ကိုလည်း အမျက်တော်မထားဘဲ ထိုသူ၏ နဖူးစာကံဆိုးခဲ့ရခြင်းကိုသာ အပြစ်တင်ခဲ့လေသတည်း။

# ကျီးကန်နှင့် နံ့စုတ်ငှက်မ

ရှေးအခါက ကျီးကန်းတစ်ကောင်နှင့် နံ့စုတ်ငှက်မတစ်ကောင်တို့သည် မိတ်ဆွေဖွဲ့ကာ နေကြလေသည်။ အတူနေ အတူစားလျက် ချစ်ခင်သင့်တင့်စွာ ပေါင်းသင်းလာခဲ့ကြ၏။ တစ်ကောင်မှာ တစ်စုံတစ်ခု ရလေက ပေးကမ်းစားလေ့ရှိခဲ့ကြသည်။ထို့ထက် တစ်ကောင်မှာ ရှိသည်များကို တစ်ကောင်က လိုလားလျှင် ပေးကမ်းကူညီကြစတမ်းဟု ကတိကဝတ်ပြုထားခဲ့ကြလေ၏။

တစ်နေ့သ၌ နံ့စုတ်ငှက်မ၌ ဥ,ဥခဲ့လေသည်။ ထိုဥကို ကျီးကန်းက မြင်လေလျှင် စားချင်လာလေသည်။ ထိုအခါ ကျီးကန်းက နံ့စုတ်ငှက်မကို ပြောသည်မှာ "အဆွေ သင်၏ဥကို ငါစားချင်လှသည်"ဟု ဆိုလေ၏။

နံ့စုတ်မကလည်း "အဆွေ ကတိရှိသည်မှာ မှန်သည်၊ ဥကို စားနိုင်သည်၊ သို့သော် ဤသို့ စား၍မဖြစ်ချေ"ဟု ပြန်ပြောလေ၏။

"ထိုသို့ဆိုက အဘယ်သို့ ပြုရအံ့နည်း"ဟု မေးလေ၏။

"အဆွေက အပုပ်အသိုးများကို စားလေ့ရှိသည်။ ငါ့ဥအသွေးကို စားမည်ဆိုလျှင် ရေကန်မှာ နှုတ်သီးကို ဆေးကြောပြီးမှသာ စားခွင့်ပေးမည်"ဟု နံ့စုတ်ငှက်မက ပြောလေ၏။

ထို့ကြောင့် ကျီးကန်းသည် ဆေးကြောရန် ရေကန်သို့သွားလေသည်။ ထိုအခိုက် ရေကန်ပေါင်၌ အဘိုးကြီးတစ်ယောက်သည် ပုတ်ရက်လျက် ရှိနေလေ၏။ ၎င်းကို ရေကန်ရှင်ဟု ထင်မှတ်လျက် ရေကန်တွင်နှုတ်သီးကို ဆေးခွင့်တောင်းလေသည်။

ထိုအခါ အဘိုးကြီးက "သင်ကား အပုပ်အသိုးငှက်ဖြစ်သည်။ အိုးခွက်နှင့် ခပ်၍သာဆေးကြောလော့"ဟု ပြောလိုက်လေ၏။ ထို့ကြောင့် အိုးသည်ထံ သွား၍ အိုးခွက်ကို တောင်းခံလေသည်။

အိုးသည်က "အဘယ်အတွက် ပြုအံ့နည်း"ဟု မေးလေသည်။

ထိုအခါ ကျီးကန်းက ဤသို့ ပြောလေ၏။

"ယူမည် အိုးခွက်၊ ခပ်မည်ရေ

ဆေးမည် နှုတ်သီး၊ စားမည်နံ့စုတ်"

အိုးသည်လည်း မပေးလိုရာကား "အိုးလုပ်ရန် ရွှံ့စေးမရှိ၊ မြေတူးရန်လည်း ကျွဲချိုမရှိ"ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွဲမထံသွား၍ "ကျွဲချိုတစ်ချောင်းပေး

ပါ"ဟု တောင်းခံလေသည်။

ကျွဲမက "မည်သို့ပြုလုပ်လိုသနည်း"ဟု မေးလေ၏။ ထိုအခါ ကျီးကန်းက ဤသို့ ပြောခဲ့လေသည်။

"ယူမည် ကျွဲချို၊ တူးမည် မြေစေး
လုပ်မည် အိုးခွက်၊ ခပ်မည်ရေ
ဆေးမည် နှုတ်သီး၊ စားမည်နံ့စုတ်"ဟုဆိုလေ၏။

ကျွဲမလည်း မပေးလိုသဖြင့် "ငါသေမှ ဦးချိုရမည်၊ ယခု မည်သို့ နှုတ်ယူအံ့နည်း"ဟု ပြောလေသည်။ ထို့နောက် "ကျားထံသွားလေ၊ ကျွဲမကို ကိုက်လှည့်ရန် ပြောချေလော့"ဟု အကြံပေးလိုက်လေသည်။

ကျီးကန်းငှက်လည်း ကျားထံသွား၍ ကျွဲချိုတစ်ချောင်းကို ကိုက်ချွတ်ပေးရန် တောင်းခံလေ၏။ ကျားက "အဘယ်ပြုအံ့နည်း"ဟု မေးလေသော် ၎င်းက ဤသို့ပြော လေသည်။

"ကိုက်မည်ကျား၊ ယူမည်ကျွဲချို
တူးမည်မြေ၊ လုပ်မည်အိုး
ခပ်မည်ရေ၊ ဆေးမည်နှုတ်သီး
စားမည်နံ့စုတ်"

ကျားကလည်း ပရိယာယ်ဖြင့် ပြောသည်မှာ "ငါကား သွားမကောင်း၊ နို့အနည်းငယ် သောက်ရမှ ကောင်းမည်၊ နို့ညှစ်ပေးပါလော့"ဟု ဆိုလေသည်။ ထို့ကြောင့် နို့ရရန် လိုက်ရှာလေသော် ဆိတ်မကို တွေ့မြင်ရလေသည်။

"အဆွေ ဆိတ်မ နို့တစ်ဖုံ ပေးပါလော့" ဟု တောင်းခံခဲ့လေ၏။ ထိုအခါ ဆိတ်မက "သင့်မှာ ဘယ်အရာပြုအံ့နည်း"ဟု မေးလေသည်။ ကျီးကန်းကလည်း ဤသို့ အကျဉ်းချုံး၍ ပြောပြလိုက်လေ၏

"ညှစ်မည်နို့၊ သောက်မည်ကျား
ကိုက်မည်ကျွဲ၊ ယူမည်ကျွဲချို
တူးမည်မြေ၊ လုပ်မည်အိုးခွက်
ခပ်မည်ရေ၊ ဆေးမည်နှုတ်သီး
စားမည် နံ့စုတ်"

ထိုအခါ ဆိတ်မက 'ငါ့မှာ အစာမရှိချေ၊ အစာအနည်းငယ် ရိတ်ပေးလော့' ဟု ပြောဆိုလေ၏။ ကျီးကန်းငှက်က မြက်ရိတ်ရန် တံစဉ်တောင်းလေ၏။ ငါ့မှာမရှိ တံစဉ်ရှင်ထံ ငှားချေလော့'ဟု အကြံပေးလိုက်သည်။

ဆိတ်မအကြံပေးအတိုင်း တံစဉ်ရှင်ထံသွား၍ တောင်းခံငှားရမ်းခဲ့လေ၏။

ပြုလုပ်ရမည်ကို ကျီးကန်းက ဤသို့အစီအစဉ်ချ၍ ပြောပြခဲ့လေသည်။

“ရိတ်မည်မြက်၊ စားမည်ဆိတ်
ညှစ်မည်နို့၊ သောက်မည်ကျား
ကိုက်မည်ကျွဲ၊ ယူမည်ကျွဲချို
တူးမည်မြေ၊ လုပ်မည်အိုးခွက်
ခပ်မည်ရေ၊ ဆေးမည်နှုတ်သီး
စားမည် နံ့စုတ်”

တံစဉ်ရှင်က မရှိသေး၍ လုပ်ရမည်ဆိုကာ မီးယူစေ၏။ အဖွားကြီးတစ်ယောက် မီးဖိုနေသည်ကို မြင်၍ မီးတစ်စတောင်းခံလေသည်။ “မည်သို့ပြုအံ့နည်း” ဟု မေးလေသော် ဤသို့ အစီအစဉ်ကျ ပြောပြခဲ့ရလေ၏။

“ယူမည်မီး၊ လုပ်မည်တံစဉ်
ရိတ်မည်မြက်၊ စားမည်ဆိတ်
ညှစ်မည်နို့၊ သောက်မည့်ကျား
ကိုက်မည်ကျွဲ၊ ယူမည်ကျွဲချို
တူးမည်မြေ၊ လုပ်မည်အိုးခွက်
ခပ်မည်ရေ၊ ဆေးမည်နှုတ်သီး
စားမည်နံ့စုတ်”

ထိုအခါ အဘွားကြီးက “မီးကို မည်သို့ယူအံ့နည်း”ဟု မေးလေ၏။ ကျီးကန်းငှက်က ငါ့မြီးတုံးမှာ ချည်ပေးပါ”ဟု ပြောလေသည်။ ၎င်းပြောသည့်အတိုင်း အဘွားကြီးလည်း မြီးတုံး၌ ချည်ပေးလိုက်လေ၏။

ကျီးကန်းသည် ဝမ်းသာအားရဖြင့် ပျံသန်း၍ သွားလေ၏။ ထိုအခါ မီးကျိုးသည် လေဟုန်ခတ်လေသဖြင့် တောက်လောင်ခဲ့လေသည်။ မီးတောက်လောင်သော် ကျီးကန်းအမြီးကို မီးစွဲလောင်ခဲ့ရလေ၏။ ထို့ကြောင့် ကျီးကန်းသည် မပျံနိုင်တော့ဘဲ အောက်သို့ လိမ့်ကျခဲ့ရလေ၏။

ထို့နောက် ခြေထောက်ဖြင့် ထောက်၍ထောက်၍ သွားပြန်သည်။ တံစဉ်ဆရာထံ ရောက်လေသော် မီးကို ပေးလေ၏။ မီးရလျှင် ဆရာလည်း တံစဉ်ကို လုပ်ပေးလိုက်၏။ ထိုတံစဉ်ဖြင့် မြက်ရိတ်၍ ဆိတ်ကိုပေးလေသည်။ ဆိတ်မလည်း နို့ညှစ်ခွင့်ပြုလေ၏။ နို့ရလျှင် ကျားကို တစ်ဖန်ပေး၍ သောက်စေလေ၏။ ကျားသည် ကျွဲမကို ကိုက်၍ ဦးချိုကို ယူပေးသည်။ ဦးချိုဖြင့် မြေတူးလေသော် မြေရ၍ အိုးသည်ကို ပေးအပ်လေ၏။ မြေဖြင့် အိုးခွက်လုပ်၍ ရေကိုခပ်လေသည်။

ထိုရေဖြင့် ကျီးကန်းသည် နှုတ်သီးကို စင်ကြယ်စွာ ဆေးကြောလေသည်။

ထို့နောက် နံ့စုတ်ငှက်မ၏ ဥအသွေးကို စားရန်သွားလေ၏။ ထိုအခါ နံ့စုတ်ငှက်မက ပြောသည်မှာကား "အသင်ကျီးကန်း၊ သင်ကား ငါ့ကို မနာလို၍ ဖျက်စီးရန် ကြံဆောင်ဘိသည်၊ အသင်ကား အလာကောင်းသော်လည်း အခါနှောင်းခဲ့လေပြီ။ ယခုဆိုလျှင် ငါ၏ဥအသွေးတို့ကား မရှိတော့ပြီ၊ ကြီးပြင်းလျက် အတောင်ပေါက်ခဲ့လေပြီ။ အကောင်ပင်လျှင် ထက်ကောင်းတင်မှာ ဝဲပျံ ကစားနေချေပြီ၊ သင်မူကား ငါ့သားနှင့်တုဖက်ယှဉ်ပြိုင်နိုင်ရာအံ့နည်း"ဟု ဆိုလေ၏

ကျီးကန်းကား မပျံသန်းနိုင်တော့ပြီဖြစ်ကာ လက်လျှော့ခဲ့ရလေသည်။ ထို့အပြင် နံ့စုတ်ငှက်မနှင့်မိတ်ဆွေပြတ်ကင်းခဲ့ကြလေ၏။ ထိုအခါမှစ၍ ကမ်းပါးမြစ်နားအရပ်တို့၌ အပုပ်အသိုး အစားအစာများကိုသာ ရှာဖွေစားသောက်၍ နေခဲ့ရလေသတည်း။

# နားပင်းကိုးစဉ်

ရှေးအခါက ရွာတစ်ရွာတွင် လင်မယားနှစ်ယောက်ရှိခဲ့ကြလေ၏။ ၎င်းတို့သည် မကြာခင် သားတစ်ယောက်နှင့်သမီးတစ်ယောက်ကို ဖွားမြင်ရရှိခဲ့ကြ လေ၏။ သားငယ်ကို အရပ်ဆရာထံ သင်ကြားထားလေ၏။ သမီးကိုကား ရက်ကန်းသင်ပေးထားလေ၏။ မိဘနှစ်ယောက်တို့သည် အလုပ်အကိုင် ရှာဖွေလုပ်ကိုင်လျက်နေခဲ့ကြလေ၏။

တစ်နေ့သ၌ ကျောင်းသားငယ်က အိမ်သို့ ရောက်လာ၍ နှမထံ ပုန်းရည်တစ်ခွက် တောင်းလေ၏။ ထိုအခါ နှမဖြစ်သူက နားထိုင်းလှသဖြင့် "မမ ရကန်းဘယ်နှစ်လံရပြီလဲ"ဟု ကြားမိလေ၏။ ထို့ကြောင့် "ရက်ခါစသာ ရှိသေးသည်"ဟု ကြားမိလေ၏။ ထို့ကြောင့် "ရက်ခါစသာ ရှိသေးသည်"ဟု ပြောလေသည်။

မောင်ကလည်း နားလေးသူဖြစ်ရာကား "ပုန်းရည်ယူသွားသည်၊ ကျွန်မကိုပင်အားမနာ"ဟု ပြောလေ၏။

ထိုအခါ အမိမှာ နားလေးသူဖြစ်သဖြင့် "သမီး လင်လိုချင်လှသည်"ဟု တလွဲကြားမိလေ၏။ ထိုအခါ ဒေါသထွက်ပြီး (အဖ) အိမ်ရှင်ရောက်လျှင် တိုင်ကြားမည်ဟု စိတ်မှန်းထားလေ၏။

မကြာခင် အိမ်ရှင်အဘ ရောက်လာလျှင် ပြောလေ၏။ မယားကပြောသည်ကို လင်ကလည်း နားလေးရာကား တလွဲကြားခဲ့လေ၏။ "သမီးလင်လိုချင်သည်၊ မည်သို့ပြုရအံ့နည်း"ဟု ပြောသည်ကို "ထားသည်လည်းနင်၊ ထုတ်ဆိုလည်းနင်၊ ထုတ်ချေမည်"ဟု ကျောင်းသားကို ထုတ်ယူရန် ပြောလေ၏။

နောက်တစ်နေ့တွင် သားဖြစ်သူအား ကျောင်းထုတ်ရန် သွားလေ၏။ ကျောင်းရောက်လျှင် ကျောင်းဆရာကို "ကျောင်းက ထုတ်မည်လာကြောင်း"ပြောလေ၏။ ထိုအခါ ကျောင်းဆရာက နားလေးသူဖြစ်ရာကား တလွဲကြားမိလေသဖြင့် ဒေါသဖြစ်လေ၏။

"ငါ့ကို ဤကျောင်းမှာ ဆရာအလုပ်ထားပါလျက် ယခုမနေရဆိုလည်း မတတ်နိုင်၊ သွားရုံသာရှိသည်"ဟု ပြန်ပြောလေ၏။

ကျောင်းသားကို ထုတ်ယူသွားလေလျှင် ကျောင်းဆရာသည် မိမိနေရပ်သို့ ပြန်သွားလေ၏။ လမ်းကို ကောင်စွာမသိသူဖြစ်ရာကား ပုတ်ရက်နေသော အဘိုးကြီးတစ်ဦးကို "ဘယ်လမ်းက သွားရမည်နည်း"ဟု မေးမြန်းလေ၏။

အဘိုးကြီးလည်း အလုပ်မပြီးသေး၍ စိတ်စောနေသည်က တစ်ကြောင်း၊ နားမကြားသူဖြစ်သည်က တစ်ကြောင်းကြောင့် ဒေါသဖြစ်ခဲ့ရလေ၏။ "ငါ့ ပတ်ကို ချုံ့ချုံ့ကားကား ဆရာနှင့် ဘယ်သို့ဆိုင်၍ မေးရသနည်း"ဟု ပြန်ပြောလေ၏။

ဆရာလည်း "ဤလမ်းမှသွားပါ"ဟု ကြား၍ ခရီးကို ဆက်သွားခဲ့လေ၏။

လမ်းခုလတ်သို့ ရောက်လာသောအခါ မုဆိုးမသားတစ်ယောက်ကို တွေ့လေ၏။ ၎င်းသည် ချောင်းကမ်းနားတွင် ငါးရှာလျက်ရှိနေလေ၏။

ဆရာက "ငါးရသလား"ဟု မေးသည်ကို သူငယ်က နားလေး၍ တလွဲကြားမိလေ၏။

"မင်းမိခင် ငါ့နောက်လိုက်မည်လား"ဟု ကြားသဖြင့် ချက်ချင်းအိမ်သို့သွား၍ မိခင်ကိုပြောလေ၏။

မိခင်ဖြစ်သူက သားဖြစ်သူပြောသည်ကို တလွဲတချော်ကြား၍ "ငါးအကြီး တစ်ကောင်ရသည်"ဟု နားကြားမိလေ၏။ ထို့ကြောင့် သား၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားခဲ့လေ၏။

ငါးရှာသော သူငယ်သည် ဆရာထံရောက်လေသော် "ဆရာ ငါ၏အမိကို ယူသွားမည်ဆိုသည်မှာ မှန်သလော၊ ယခုအမိပါလာလေပြီ"ဟု ပြောလေ၏။

ထိုစကားကို ဆရာကလည်း နားလေးရာကား "ငှါးအမိကို ယူ၍ ပြေးလေတော့"ဟု ကြားမိ၏။

ထို့နောက် ဆရာသည် ချောင်းတစ်ဖက်ကို ကူးတို့ကူးလို၍ ပိုက်ချနေသူများကို အပ့်ခိုင်းလေ၏။ ပိုက်သမားတို့ကလည်း နားလေးကြသူများ ဖြစ်ကြ၏။ ထိုအခါ မိကျောင်းလာသည်ဟု တလွဲကြားခဲ့ကြလေ၏။ ထို့ကြောင့် ပိုက်သမားတို့သည် ကြောက်၍ ထွက်ပြေးသွားခဲ့ကြလေ၏။

ကျောင်းဆရာသည် ထိုမုဆိုးမကို ရရှိသွားကာ မိမိနေအိမ်သို့ ပြန်သွား လေ၏။ ထိုတွင် ကောင်မွန်စွာ လုပ်ကိုင်စားသောက်၍ နေထိုင်သွားခဲ့ကြလေသတည်း။

## ရခိုင်ညွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲ

# ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်ခြင်း

ရခိုင်ညွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲကို ရခိုင်ညွန့်ဖူးဆောင်းပါးများ အမှတ်(၃)မှ စတင်ကာ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ပြိုင်ပွဲဝင်လိုသည့် ဝတ္ထုတိုစာမူများအား ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

## ပြိုင်ပွဲဝင်ဝတ္ထုများအတွက် စည်းကမ်းသတ်မှတ်ချက်များ

၁။ မိမိတို့ဒေသသုံး ရခိုင်ဝေါဟာရ၊ ရခိုင်ဘာသာစကားများဖြင့်သာ ရေးရမည်။

၂။ ကိုယ်တိုင်ရေးသားသော ဝတ္ထုစာမူ ဖြစ်ရမည်။(ရခိုင်မှုပြုထားသောဝတ္ထုစာမူ) ဖြစ်ပါက မူရင်းဝတ္ထု၊ စာရေးသူနှင့်စာအုပ်စာစောင်ကို ဖော်ပြပါရှိရမည်။

၃။ မည်သည့်စာစောင်၊ မဂ္ဂဇင်းတွင်မျှ မဖော်ပြရသေးသောစာမူဖြစ်ရမည်။

၄။ ပြိုင်ပွဲတွင် ဝတ္ထု စာမူနှင့်အတူ အမည်၊ နိုင်ငံသား (ဝါ) မှတ်ပုံတင်အမှတ်နှင့် ဆက်သွယ်ရန် နေရပ်လိပ်စာ အပြည့်အစုံပါရှိရမည်။

၅။ ရွေးချယ်ခြင်း မပြုသော စာမူများကို ပြန်လည်ပေးပို့လိမ့်မည်မဟုတ်ပါ၊ အထက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ အဆင့်မီသော ပြိုင်ပွဲဝင်စာမူရှင်များအား ရခိုင်ညွန့်ဖူးဆောင်းပါးများ စာအုပ်ကို လက်ဆောင်အဖြစ်ပေးပို့သွားမည် ဖြစ်ပါသည်။

ရခိုင်ညွန့်ဖူး ဝတ္ထုတို ပထမဆုကို (၁၀၀ဝိ)

ရခိုင်ညွန့်ဖူး ဝတ္ထုတို ဒုတိယဆုကို (၆၀ဝိ)

ရခိုင်ညွန့်ဖူးဝတ္ထုတို တတိယဆုကို (၄၀ဝိ)အသီးသီး ချီးမြှင့်သွားမည်ဖြစ်ပြီး၊ ၎င်းဝတ္ထုတိုများကို ရခိုင်ညွန့်ဖူးဆောင်းပါးများ စာအုပ်တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

-ရခိုင်ညွန့်ဖူးပြိုင်ပွဲဝင် စာမူများအား ၁၉၉၅ ခု၊ ဧပြီလ (၃၀)ရက်နေ့ကို နောက်ဆုံးထား၍ ပေးပို့ပါရန်။

-ဆက်လက်ကျင်းပမည့် အစီအစဉ်များကို ရခိုင်ညွှန့်ဖူးဆောင်းပါးများ စာအုပ်တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

မှတ်ချက်။ ရခိုင်ညွှန့်ဖူးဆောင်းပါးများစာအုပ်ကို စဉ်ဆက်မပြတ် ထုတ်ဝေသွားမည်ဖြစ်ပါ၍ စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များထံမှ ဆောင်းပါးများ၊ စာမူများကို စဉ်ဆက်မပြတ် ပေးပို့ကြပါရန်နှင့် အကြံပေးဝေဖန်ချက်များကိုလည်း ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ရခိုင်စာပေ ယဉ်ကျေးမှုတိုးတက်ရေးကို ရှေ့ရှုလျက်**

ရခိုင်သားကြီးစာပေ
ခ၊ ၅၅(အေ)၊ ကျွန်းရွှေဝါလမ်း
(ကားရပ်နားကွင်းအနီး)
ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။